# အင်မော်တယ်ဖေဖေ

# စာစဥ်(၁၉)

## အပိုင်း(၂၅၁) ပြင်းထန်သော အတားအဆီး

သူမ၏ရှေ့မှ သိုးဝက်များကို ကြည့်ရင်း ဇီယန်သည် သူမပြောခဲ့သည့် စကားကို ရုတ်တရက် သတိရသွားကာ ပြောလိုက်၏။

"ကောင်းပြီ။ ဒါဆို ဒီည ကျွန်မ ရှင့်ကို ကျွန်မရဲ့ ဟင်းချက်စကေးပြမယ်"

"ကောင်းပြီ။ မင်းရဲ့စွမ်းဆောင်ရည်ကို ကိုယ်စော့်နေပါမယ်" ကျွန်းဟန်က ပြုံးကာ ပြောသည်။

"အိုး မစ္စဇီယန်က ဟင်းချက်တတ်တာလား" စုယွီက အံ့သြစွာ မေးသည်။

"နည်းနည်းပါ" ဇီယန်က ပြော၏။ သူမ အပြည်ရှိသလိုခံစားနေရသော်လည်း သူမ၏ဆိုးရွားသည့်ဟင်းချက်စကေးကို ဝန်ခံရန် ဝန်လေးနေဆဲပင်။

"မင်းက အရမ်းတော်တာပဲ" စုယွီက လေးစားစွာဖြင့် ပြောသည်။ "ငါနဲ့တခြားစီပဲ။ ငါဆို အသင့်စားခေါက်ဆွဲပြုတ်ပဲလုပ်တတ်တယ်"

"ကျွန်မလည်း သိပ်မချက်တတ်ပါဘူး။ သူက ကျွန်မကို မီးဖိုချောင်မှာ ဘာမှလုပ်ခွင့်မပေးဘူး။ ကျွန်မရဲ့နူးနူးညံ့ညံ့အသားအရေကို မီးခိုးတွေ အိုးမဲတွေနဲ့ အလွယ်တကူစွန်းထင်းသွားမှာ စိုးလို့တဲ့လေ" ဇီယန်က ပြောနေရင်းဖြင့် ကျန်းဟန်အား လှမ်းကြည့်လိုက်၏။

"မစ္စတာကျန်းက မင်းကို အရမ်းဂရုစိုက်တာပဲ။ ငါ့ယောက်ျားနဲ့ မတူဘူး။ သူဆိုရင် ငါ့ကို

အမြဲတမ်းဟင်းချက်သင်စေချင်နေတာလေ” စုယွီက မရယ်ဘဲမနေနိုင်ချေ။

“ဟင်းချက်တတ်တာ ကောင်းတယ်လို့ ကျွန်မထင်တယ်။ စုယွီ ရှင်လည်း ကျွန်မရဲ့လက်ရာကို မြည်းကြည့်သင့်တယ်” ပြောပြီးနောက် ဇီယန်သည် ကျန်းဟန်အား ကြည့်ကာ “ကျွန်မ ဒီညနေအတွက် ဝက်သားတစ်တွဲ၊ ဆလတ်ရွက်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်ဖြူနဲ့ ကိုရီးယားစပိုက်စီဆော့စ်တစ်ဘူး လိုတယ်”

“ကောင်းပြီ။ မင်း ဝက်သားချက်ချင်တယ်ဆိုရင် သိုးဝက်ကို သတ်လိုက်တာ ပိုကောင်းမယ်” ကျန်းဟန်က ခဏလောက် စဉ်းစားကာ ပြောသည်။

“ဝက်တစ်ကောင်ကျတော့ အရမ်းများလွန်းမနေဘူးလား” ဇီယန်က သံသယဖြင့် မေးသည်။

“ဟင့်အင်း” ကျန်းဟန်က ခေါင်းယမ်းကာ “မင်းအတွက် ဝက်သားတစ်တွဲချန်ထားပြီး ဂုတ်သားကင်လိုက်မယ်။ ကလေးမလေးနှစ်ယောက်က ဒီဟင်းကို သိပ်ကြိုက်တာ။

ကျန်တဲ့ဝက်သားကို ဝက်အူချောင်းလုပ်ဖို့ သုံးလို့ရတယ်။ တခြား မလိုတဲ့အပိုင်းတွေကိုတော့ ကျောက်ဖုန်းကို ပေးလိုက်မယ်”

“အင်း အဆင်ပြေပါတယ်” ဇီယန်က ခေါင်းညိတ်သည်။

“မစ္စတာကျန်း သိုးဝက်က တစ်ကောင် ဘယ်လောက်လဲ” စုယွီက ရုတ်တရက်မေးသည်။

သူမအတွက်မဟုတ်ဘဲ ရှန်းကျန်ရှိ သူမ၏မိဘများအတွက် တစ်ကောင်ဝယ်ရန် ရည်ရွယ်ထားသည်။

“ငါမသိဘူး” ကျန်းဟန်က ခေါင်းယမ်းလိုက်ပြီး “သိုးဝက် သုံးဆယ့်ခြောက်ကောင်ကို ယွမ် လေးသန်းအောက်ပဲ”

“ဝယ်ရတာ လွယ်လား” စုယွီက ထပ်မေးသည်။

“သိပ်တော့ မသေချာဘူး”

ခဏလောက်စဉ်းစားပြီးနောက် စုယွီသည် မေးခွန်းထပ်မမေးတော့ဘဲ ခံစားချက်များဖြင့် သက်ပြင်းချလိုက်၏။

သိုးဝက်တစ်အုပ်သည် ယွမ်လေးသန်းကုန်ကျပြီး လဆန်းတောင်ပေါ်တွင် အခြားတိရစ္ဆာန်များရော ကိုဘေးနွားတစ်အုပ်ပါ ရှိလေသည်။ ထို့ကြောင့် ဤနေရာ၏တန်ဖိုးမှာ ယွမ်သန်းသုံးဆယ်ကျော် ရှိသည်ဟု သူမ ခန်းမှန်းခဲ့၏။

သို့သော် လဆန်းတောင်အား ငွေဖြင့်တိုင်းတာ၍ မရနိုင်တော့ကြောင်း သူမသိလေသည်။

အခြားတစ်ဖက်တွင်။

ကျန်းဟန်၏စားသောက်ဆိုင်တည်ရှိရာ လဆန်းပင်လယ်ကွေ့၏အလယ်နောက်ဘက်ရှိ လမ်းအဆုံးတွင် စီဘီဒီအဆောက်အဦးအတွက် လေလံပွဲ စတင်တော့မည်ဖြစ်သည်။

အချို့သော အင်အားကြီးကုမ္ပဏီများသည် အပိတ်လေလံစနစ်ဖြင့် သုံးရက်အကြာတွင် လေလံဆွဲနိုင်ရန် လေလံတင်ခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သူတို့၏ပြိုင်ဘက်များက မည်မျှလေလံဆွဲမည်အား မည်သူမျှ မသိရှိကြချေ။ လေလံဈေးနှုန်းအား ကြေငြာခြင်းမပြုမီထိ လျှို့ဝှက်ထားသည်ဖြစ်ရာ ကုမ္ပဏီများသည် ငွေကြေးသာမက အဆက်အသွယ်များတွင်ပါ ယှဉ်ပြိုင်ကြရသည်။

အဆောင်အဦးသည် အပြင်ဘက်တွင် မှန်များတပ်ဆင်ထားပြီး အတွင်းပိုင်း၌ ကောင်းမွန်သည့် အပြင်အဆင်ပရိဘောဂများ ပါရှိ၏။ အနီးအနားတွင် ငါးထပ်အဆောင်အဦးအား ထပ်တိုးခြင်းဖြင့် ဟိုတယ်၊ အစားအသောက်၊ ဖျော်ဖြေရေး အစရှိသည်တို့ကို ဖွင့်လှစ်နိုင်ရာ အလွန်ကောင်းမွန်သည့်စီးပွားရေးအခွင့်အလမ်းရှိသည်။ ထို့ပြင် ရင်ပြင်ဧရိယာမှာလည်း လူသွားလူလာများပြားလေ၏။

ငင်းသည်
လုပ်ငန်းလည်ပတ်ရန်နေရာများစွာရှိသည့်အတွက်
ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မှုရှိလေသည်။

"မစ္စတာကျောက် ကျေးဇူးပြုပြီး"

ကားပါကင်တွင် စုစုပေါင်း ကားခြောက်စီးရပ်ပြီးနောက် အလယ်ရှိ လီမိုကား၏တံခါးပွင့်လာသည်။ ထိုအချိန်တွင် အသက်လေးဆယ်ခန့်ရှိသည့် နဖူးပြောင်ပြောင်အမျိုးသားက အထဲမှ ဦးညွှတ်ကာ ကျောက်ဖုန်းအား ပြောလိုက်သည်။

"ကောင်းပါပြီ" ကျောက်ဖုန်းက ယဉ်ယဉ်ကျေးကျေးဖြင့် ကားပေါ်မှ ဆင်းလာခဲ့၏။ ထိပ်ပြောင်လူထွက်လာပြီးနောက် သူပြောလိုက်သည်။ "သူဌေးဝမ်က ယဉ်ကျေးလွန်းနေပါပြီ။ ကျုပ်ကို နာမည်ပဲခေါ်ပါ"

သူဌေးဝမ်၏အမည်မှာ ဝမ်ဇီလုန်ဖြစ်သည်။ သူသည် ဂူချန်း၏မိတ်ဆွေဖြစ်သည့်အတွက်
အဆင့်အတန်းမြင့်မားသူများပါ ပါဝင်နိုင်သော လေလံပွဲကို

ကူညီပေးရန် ခေါ်ခဲ့သည်။ သူ့ဌေးဝမ်သည် စီးပွားရေးလုပ်ငန်းတစ်ခု၏သူဌေးအဖြစ် အရည်အချင်းပြည့်မီသည်မှာ သေချာပေ၏။

"ဟားဟား...ကောင်းပြီ" ဝမ်ဇီလုံက ရယ်မောလိုက်ပြီး ရှေ့မှဦးဆောင်ကာ အဆောက်အဦးထဲသို့ လျှောက်သွား၏။

၎င်းတို့သည် ဝမ်ဇီလုံ၏နောက်မှလိုက်သွားကြသည်။ ကျောက်ဖုန်းသည် ရှုရုံနှင့်အခြားသူများ မာစီးဒီးကားများထဲမှထွက်လာသည်ကို မစောင့်ဆိုင်းတော့ချေ။

"ဒီနေရာက အရမ်းကောင်းတယ်။ ငါတကယ် လိုချင်ပေမယ့် ပိုက်ဆံမတတ်နိုင်ဘူး" ဝမ်ဇီလုံက လျှောက်လာရင်း အဆောက်အဦးကို မော့ကြည့်ကာ သက်ပြင်းချရင်း ပြောသည်။

သူသည် ယွမ်သန်း ၄၀၀ သာ ထုတ်နိုင်လေ၏။ အဆောက်အဦးအား သူနည်းသူ့ဟန်ဖြင့် ဝယ်နိုင်ခဲ့လျှင်တောင် ကောင်းကောင်းလည်ပတ်နိုင်မည်မဟုတ်တော့ချေ။

ဤလေလံအတွက် စတင်ငွေရမ်းမှုမှဦ အနည်းဆုံး ငါးနှစ်ရှိရမည်။ ဤအဆောက်အဦးအား ပုံမှန်စျေးနှုန်းဖြင့် ငှားရမ်းလျှင် တစ်နှစ်ကို ယွမ်သန်း ၉၀ ခန့်ရှိပြီး ငါးနှစ်အတွက် ယွမ်သန်း ၄၅၀ အထိ ရှိနိုင်၏။ ငါးထပ်တိုက်နှင့် ရင်ပြင်ကိုပါ ငှားရမ်းပါက ယွမ်းသန်း ၅၀၀ ကျော် ပေးရမည်ဖြစ်သည်။

ငှားရမ်းခနှင့်တင် ယွမ်သန်း ၅၀၀ ကျော်ရှိ၏။ စားသောက်ဆိုင်၊ ဖျော်ဖြေရေးလုပ်ငန်း၊ ဟိုတယ်တို့ အပါအဝင် လုပ်ငန်းလုပ်ကိုင်ရန်အတွက်
ရင်းနှီးမြှုပ်နှံမှုတစ်ခုတည်းနှင့်တင် အနည်းဆုံး ယွမ်သန်း ၇၀၀ မှ ၈၀၀ ရှိသင့်သည်။

ထို့ပြင် အပိတ်လေလံဆွဲမှုတွင် အနိုင်ရနိုင်သူမှာ ယွမ်သန်း ၅၀၀ ကျော် ပေးချေရမည်ဟု ဆို၏။

"နေရာက တကယ်ကောင်းတယ်" ကျောက်ဖုန်းက လှည့်ပတ်ကြည့်ကာ ခေါင်းညိတ်သည်။

ကျောက်ဖုန်းသည် ဤနေရာအား လေလံအနိုင်ရယူရန် ဆုံးဖြတ်ထား၏။

ပိုက်ဆံလား။

သူ၏ဆရာက ပိုက်ဆံအား ဂရုမစိုက်ဟု ပြောခဲ့သည်။ ကုန်သွားလျှင် သူ့အား အကြောင်းကြားလိုက်ရုံပင်။

သူ၏စကားက ကျောက်ဖုန်းအား ယုံကြည်မှုတိုးပွားစေ၏။ ကျောက်ဖုန်းသည် ထိုသူဌေးများနှင့် မတူသော်လည်း ယွမ်တစ်ဘီလီယံကျော်အား စိတ်ကြိုက်သုံးနိုင်သည်။

ငွေနှင့်ယှဉ်ပြိုင်ရလျှင် ငွေပိုသုံးလိုမှုအပေါ်သာ သက်ရောက်ပေ၏။

ကျောက်ဖုန်းသည် ဤအချက်တွင် ယုံကြည်ချက်ရှိသည်။

“ဒါပေမယ့် ဒါက အပိတ်လေလံဖြစ်တော့ တခြားအချက်တွေလည်း အများကြီးရှိလိမ့်မယ်။ ဒါကြောင့် အမြင့်ဆုံးလေလံတစ်ခုနဲ့ မင်းအနိုင်ရလိမ့်မယ်လို့

သချောပေါက် မမှန်နိုင်ဘူး။ ညီလေးကျောက် မင်း အရှုံးအတွက် ကြိုတင်ပြင်ဆင်ထားသင့်တယ်” ကျောက်ဖုန်း၏အမူအရာအား ကြည့်ရင်း ဝမ်ဇီလုံက သူ့အား သတိမပေးဘဲမနေနိုင်ချေ။

မျှော်လင့်ချက်ကြီးမားလေ စိတ်ပျက်မှုကြီးမားလေဖြစ်သည်။ ငွေအလုံအလောက်ရှိလျှင် မိမိစိတ်ကြိုက်ရင်းနှီးမြှုပ်နှံနိုင်သည့်အတွက် ဤအဆောက်အဦးအား အခြားသူများနှင့်ပြိုင်၍ လေလံဆွဲနေရန် မလိုချေ။

“ဟုတ်ကဲ့ပါ”

ကျောက်ဖုန်းက ပြန်ပြောပြီးနောက် သူတို့ အထဲသို့ ဝင်သွားကြသည်။

လေလံတင်မည့်နေရာမှာ ကိုးထပ်ရှိ ကွန်ဖရင့်ခန်းဖြစ်သည်။

ကွန်ဖရင့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် ထိုင်ခုံလေးငါးရာခန့်ကို တွေ့လိုက်ရ၏။ စားပွဲဝိုင်းအချို့တွင် ဝတ်စုံပြည့်ဝတ်ဆင်ထားသည့်လူအနည်းငယ်ရှိကာ စင်မြင့်ပေါ်ရှိ ထိုင်ခုံများပေါ်တွင် ထိုင်နေသည့်လူများမှာ အရာရှိများဖြစ်ပေမည်။

ထိုအချိန်တွင် လူတစ်ဒါဇင်ခန့်မှာ ထိုင်ခုံများပေါ်တွင်၍ ထိုင်နေကြပြီး လူအများအပြားသည့် ဝင်ပေါက်တွင်ရပ်၍ အုပ်စုငယ်များဖြင့် စကားပြောနေကြ၏။

"သူဌေးဝမ်လား။ ခင်ဗျားလည်း လာတယ်ပေါ့"

ဝမ်ဇီလုံကို တွေ့လိုက်သည်နှင့် လူအချို့က သူ့အား နှုတ်ဆက်ကြသည်။

ဝမ်ဇီလုံက ခေါင်းညိတ်ကာ ပြုံးပြ၍ ပြန်ပြောသည်။

"သူဌေးလျို၊ မင်းလည်း ရောက်နေတာပဲ။ သူဌေးမား၊ သူဌေးလီ မတွေ့တာကြာပြီနော်။ မကြာသေးခင်ကမှ

နိုင်ငံခြားကိုသွားတာမဟုတ်လား သူဌေးလျို။ ဘာလို့ ခဏလေးနဲ့ပြန်လာတာလဲ။ သူဌေးချမ်...”

ရန်သူဖြစ်ဖြစ် မိတ်ဆွေဖြစ်ဖြစ် စီးပွားရေးသမားများသည် ယေဘူယျအားဖြင့် တစ်ဦးနှင့်တစ်ဦး စိတ်အားထက်သန်စွာ နှုတ်ဆက်စကားပြောလေ့ရှိကြသည်။

သို့သော် ထိုများများထဲမှ တစ်ယောက်ဖြစ်သော သူဌေးလျိုက ဝမ်ဇီလုံနှင့် ပုခုံးချင်းယှဉ်၍ရပ်နေသည့် ကျောက်ဖုန်းအား မြင်သည့်အခါ စိတ်ဝင်တစားမေးသည်။

“ဒီကလူကြီးမင်းကို သိပ်ပြီး မရင်းနှီးဘူး”

“သူက ငါ့မိတ်ဆွေတစ်ယောက်ပါ” ဝမ်ဇီလုံက ပြုံးကာ ဖြေသည်။

“အိုး သူဌေးဝမ်ကလည်း ဒီအဆောက်အဦးကို စိတ်ဝင်စားနေတဲ့ပုံပဲ” သူဌေးလျိုက ခေါင်းယမ်းကာ ရယ်မောလိုက်သည်။

အဓိပ္ပာယ်မှာ ဝမ်ဇီလုံသည် သူတစ်ဦးတည်း လေလံကို မနိုင်သည့်အတွက် အကူအညီမဟာမိတ်တစ်ဦး ရှာဖွေခဲ့ခြင်း ဟုပင်။

“ဟားဟား” ဝမ်ဇီလုံက ဘာမှပြန်မပြောဘဲ ရယ်လိုက်၏။ နှုတ်ဆက်စကားပြောပြီးနောက် သူသည် ထိုင်ခုံသို့ သွားကာ ထိုင်နေလိုက်သည်။

ကျောက်ဖုန်းသည်လည်း လုပ်ထုံးလုပ်နည်းများကို မနှစ်သက်သည့်အတွက် မည်သူ့ကိုမျှ စကားမပြောခဲ့ချေ။

ထိုင်လိုက်ပြီးနောက်တွင် ဝမ်ဇီလုံက လှည့်ပတ်ကြည့်လိုက်သည်။ သူသည် ကျောက်ဖုန်းအနားသို့ ကပ်ကာ တိုးတိုးလေးပြော၏။

“တတိယတန်းက ညာဘက်ဆုံးလူကို တွေ့လား”

“အင်း” ကျောက်ဖုန်းက တည်ငြိမ်စွာ ခေါင်းညိတ်သည်။

"သူက အနည်းဆုံး ယွမ်တစ်ဘီလီယံအထိ ရင်းနှီးနိုင်တဲ့ သူဌေးဟူပဲ။ သူက သန်မာတဲ့ ပြိုင်ဘက်တစ်ယောက်ပေါ့" ပြောပြီးနောက် ဝမ်ဇီလုံက တစ်ဖက်ကို လက်ညှိုးထိုးပြကာ

"သူဌေးဟူလိုပဲ ချမ်းသာတဲ့ သူဌေးလန်ကလည်း သေချာပေါက် ခြိမ်းခြောက်မှုတစ်ခုပဲ။ သူ့အပြင် စောနက ဖြတ်သွားတဲ့ ဆံပင်ဖြူဖြူနဲ့ သူဌေးလော့ကလည်း အဆက်အသွယ်တွေကောင်းတယ်။ မင်း သူ့ကို လျှော့မတွက်သင့်ဘူး"

"အင်း" သူ၏စကားကို ကြားပြီးနောက် ကျောက်ဖုန်းက ညင်သာစွာ ခေါင်းယမ်းလိုက်ပြီး "ဒါက ပွင့်လင်းတဲ့ လေလံပွဲသာဖြစ်ရင်တော့"

သူတို့ စကားပြောနေစဉ် ကျယ်လောင်သည့် ရှန်းရင်းဆန်ခတ်သံသည် ရုတ်တရက် ဝင်ပေါက်မှ ထွက်ပေါ်လာ၏။ ဝမ်ဇီလုံသည် ဝင်လာသူမှာ

မည်သူဖြစ်သည်ကို မြင်လိုက်ရပြီးနောက် မျက်နှာပြောင်းလဲသွားပြီး ခါးသီးစွာ ပြုံးလိုက်၏။

"ဘုရားရေ သူက ဘာလို့ ဒီကိုရောက်နေတာလဲ"

"ဘယ်သူလဲ" ကျောက်ဖုန်း၏မျက်လုံးများ ကျဉ်းမြောင်းသွား၏။

အခန်းထဲသို့ ဝင်လာသူမှာ သုံးယောက်သာရှိပြီး ခေါင်းဆောင်မှ ဆံပင်ညှပ်ထားသည့် အသက် ၄၅ အရွယ်လူဖြစ်သည်။ သူသည် ထန်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဘဲဥပုံမျက်နှာပေါက်နှင့် မုတ်ဆိတ်အနည်းငယ်ရှိသည်။ မျက်ခုံးများမှာ နက်မှောင်နေပြီး သဘာဝကျကျပင် ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း ပြသနေ၏။

သူ၏ဘေးတွင် အလှဆင်ထားသည့် မျက်မှန်နှင့် အနက်ရောင်ပိုးထည်ဝတ်ဆင်ထားသော အရပ်ရှည်ရှည်နှင့် မိန်းမလှတစ်ဦးရှိ၏။ သူမ၏လက်ထဲတွင်

စာရွက်စာတမ်းများကို ကိုင်ထားပြီး အတွင်းရေးမှူးတစ်ယောက်ကဲ့သို့ပင်။

သို့သော် ကျောက်ဖုန်း၏အာရုံကို ဆွဲဆောင်သွားသူမှာ ညာဘက်ရှိ အသက်သုံးဆယ်ကျော် အမျိုးသားဖြစ်သည်။

သူ၏အမူအရာမှာ လက်ရှိလူအားလုံးကို အထင်သေးပြီး အနည်းငယ် မောက်မာကြောင်း ဖော်ပြနေသည်။ သို့သော် သူ၏အရှိန်အဟုန်ကိုအကဲခတ်ပြီးနောက် ကျောက်ဖုန်း သဘောပေါက်သွား၏။

သူသည် သိုင်းပညာရှင်တစ်ယောက်ပင်။

သူ၏ခြေလှမ်းများမှာ အလွန်ပေါ့ပါးပြီး တစ်လှမ်းနှင့်တစ်လှမ်း အတန်သင့်ရှိကာ သူ၏လှုပ်ရှားမှုများက သင့်တင့်သည့်အနေအထားရှိ၏။ ပို၍ အရေးကြီးသည်မှာ ကျောက်ဖုန်း သူ့ထံမှ အန္တရာယ်အငွေ့အသက်ကို ခံစားလိုက်ရ၏။

ဒါက ဘာကိုဆိုလိုတာလဲ။

ဆိုလိုသည်မှာ ထိုသူသည် ကျောက်ဖုန်းထက် သန်မာသည့် သိုင်းပညာရှင်တစ်ဦးဖြစ်လေသည်။

ထိုအချိန်တွင် ဝမ်ဇီလုံပြန်မဖြေရသေးခင် တံခါးရှေ့ရှိလူများက သူ့အား မြောက်ပင့်ဖားယားကြသည်။

"ဥက္ကဌလျို။ ခင်ဗျားကိုယ်တိုင်လာတာပဲ"

"မင်္ဂလာပါ ဥက္ကဌလျို။ ခင်ဗျားရောက်လာပြီးဆိုတော့ ကျုပ်တို့ အခု စိတ်မလှုပ်ရှားတော့ပါဘူး"

"ဥက္ကဌလျိုက ကိုယ်တိုင်တောင်လာခဲ့တာ။ မေ့လိုက်ပါတော့ အခု ဒီနေရာမှာ ငါ့အတွက် မျှော်လင့်ချက်မရှိတော့ဘူး"

"..."

သူတို့က စိတ်အားထက်သန်စွာ ပြောနေကြသော်လည်း လျိုဟုခေါ်သည့် လူလတ်ပိုင်းမှာ ဘာမှ ပြန်မပြောချေ။ သူသည်

ပေါ့ပေါ့ပါးပါး ခေါင်းညိတ်ပြလိုက်ပြီး ပထမတန်းအလယ်ရှိ ထိုင်ခုံဆီသို့ တိုက်ရိုက်လျှောက်သွားလိုက်ပြီး ထိုင်လိုက်သည်။

သူသည် သီးသန့်မဆန်သော်လည်း ထိုလူများနှင့် စကားပြောရန် စိတ်မဝင်စားချေ။

“သူ့နာမည်က လျိုချင်းဖုန်း”

ထိုအချိန်တွင် ဝမ်ဇီလုံက သက်ပြင်းချကာ ပြောလိုက်၏။

“သူသာ လေလံဆွဲမယ်ဆိုရင် တခြားဘယ်သူမှ အခွင့်အရေးရှိမှာ မဟုတ်တော့ဘူး”

“ဒါက အပိတ်လေလံမဟုတ်လား” ကျောက်ဖုန်းက မေးသည်။

“ဘယ်လို လေလံမျိုးပဲဖြစ်ပါစေ ဒီအဆောက်အဦဂအတွက် သူကိုယ်တိုင်ရောက်လာတာ ဒုတိယအကြိမ်ပဲ” ဝမ်ဇီလုံက ခါးသီးစွာ ပြုံးလိုက်၏။

“သူက အရင်းအနှီး ဘီလီယံ ၂၀ ကျော်ကနေ ဘီလီယံ ၃၀ ကျော်အထိ တတ်နိုင်တယ်။ သူက တောင်ပိုင်းကျွန်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ပြီးတော့ သူ့ပိုင်ဆိုင်မှုတွေက နိုင်ငံအနှံ့ဖြန့်ကျက်ထားတာ။ သူ့မှာ ရှန်ဟိုင်းနဲ့ လင်းဟိုင်မှာ အိမ်ခြံမြေနဲ့ စက်မှုလုပ်ငန်းတွေရှိတယ်။ ဖျော်ဖြေရေး၊ သိပ္ပံနှင့် နည်းပညာ၊ သယ်ယူပို့ဆောင်ရေး အဲဒါတွေအပြင် အခြားစီးပွားရေးနယ်ပယ်တွေမှာလည်း ပါဝင်သေးတယ်။ ပိုပြီး အရေးကြီးတာက သူ့ရဲ့အဆက်အသွယ်တွေက အရမ်းကြောက်ဖို့ကောင်းတယ်”

“ပြီးတော့ သူသာ လေလံဆွဲနေသရွေ့ ဒီလေလံပွဲက ရှိတော့မှာ မဟုတ်ဘူး။ သေချာပေါက် သူ့ကို ပေးလိမ့်မယ်”

“တကယ်လား” ကျောက်ဖုန်း အေးခဲသွားပြီးနောက် အကူအညီမဲ့စွာ ခေါင်းယမ်းလိုက်၏။

သူသည် အမှန်တကယ် ပြင်းထန်သည့် အတားအဆီးဖြစ်ပေသည်။

...

-အပိုင်း(၂၅၁) ပြီး

wunzinnosp

## အပိုင်း(၂၅၂) မုန်ညင်းဆော့စ်အတုလား

“ညီလေးကျောက် မင်းက စီးပွားရေးအကြောင်းသိပ်မသိသေးဘူး” ဝမ်ဇီလုံက သက်ပြင်းချလိုက်ပြီး လျို့ချင်းဖုန်းကို လေးနက်စွာစိုက်ကြည့်ရင်း “စီးပွားရေးသမားတွေ အများကြီးရှိပေမယ့် ထိပ်တန်းစီးပွားရေးသမားကတော့ ရှားပါးတယ်။ ထူးခြားတဲ့မိသားစုကြီးတွေရဲ့ လုပ်ငန်းတွေကလွဲပြီး မစ္စတာလျို့လိုမျိုး အောင်မြင်တဲ့သူက နည်းနည်းပဲရှိတယ်။ ပြီးတော့ သူက ကြီးမားတဲ့အင်အားကို

ပိုင်ဆိုင်ထားတာကြောင့် သူဘယ်သွားသွား ကောင်းမွန်တဲ့စီစဉ်မှုတွေရှိတယ်”

“အင်း” ကျောက်ဖုန်းက သူ့အား တစ်ချက်ကြည့်လိုက်ပြီး ပြတ်သားစွာ ပြောလိုက်သည်။ “ကျုပ် ဒီကိုလာတာ လေလံဆွဲဖို့ပါ။ လူတွေကို တွေ့ဖို့မဟုတ်ဘူးလေ”

“ညီလေးကျောက် မင်းငါ့အကြံပေးတာကို လက်ခံပါ” ဝမ်ဇီလုံက တိုက်တွန်းသည်။ “ဒီကိစ္စကို မင်း စွန့်လွှတ်လိုက်တာကောင်းမယ်။ သူက ဒီမှာရှိတဲ့လူတိုင်းထက် ပိုသန်မာတယ်။ ဒါကြောင့် မင်းမှာ သူ့ကို ရပ်တန့်နိုင်ဖို့ စွမ်းရည်မရှိဘူး။ သူ စိတ်အခန့်မသင့်ဖြစ်သွားရင် တကယ် ဒုက္ခရောက်လိမ့်မယ်။ စီးပွားရေးဆိုတာက ကျည်ဆန်မပါတဲ့ စစ်ပွဲပဲ”

“ကောင်းပြီ။ ခင်ဗျား ဒီထက်ပိုပြောဖို့ မလိုတော့ပါဘူး” ကျောက်ဖုန်းက မျက်မှောင်ကြုတ်ကာ ယဉ်ယဉ်ကျေးကျေး

တုံ့ပြန်လိုက်သည်။ "တခြားသူတွေရဲ့ အထင်အမြင်ကို ကျုပ်ဂရုမစိုက်ဘူး"

"တခြားသူများ" ဆိုသည့်စကားလုံးမှာ သူ့ဆရာ၏မိသားစုမှ မိသားစုဝင်များမဟုတ်ဘဲ အခြားသူများကို ဆိုလိုခြင်းဖြစ်သည်။

ကျောက်ဖုန်းသည် အစပိုင်းတွင် အံ့အားသင့်သွားသော်လည်း ယခုတစ်ကြိမ်တွင်မူ သူ၏အမူအရာပင် မပြောင်းလဲတော့ချေ။

သူ့မှာ ပိုက်ဆံရှိပြီး အာဏာရှိတော့ရော ဘာဖြစ်သလဲ။

ငါ့ဆရာက ကျင့်ကြံသူတစ်ယောက်ပဲ။ သူ့မျက်လုံးထဲမှာ ဒီနေရာကလူတိုင်း ပုရွက်ဆိတ်လိုပဲ ဘာမှအရေးမပါဘူး။

"အာ...ကောင်းပါပြီ" ဝမ်ဇီလုံမှာ ခါးသီးစွာပြုံးလိုက်ပြီး ဘာမှထပ်မပြောတော့ချေ။

လူတိုင်း၏အံ့အားသင့်မှုအောက်တွင် လေလံပွဲက စတင်တော့မည်ဖြစ်သည်။

စင်ပေါ်တွင် အဓိကနေရာ၌ ထိုင်နေသည့်လူမှာ မိုက်ခရိုဖုန်းဆီကို လျှောက်သွားပြီး အသာချောင်းဟမ့်လိုက်၏။ အားလုံးက လှမ်းကြည့်လိုက်သည့်အခါ ထိုလူသည် လျှိုချင်းဖုန်းကို စိတ်ခံစားချက်များဖြင့် စိုက်ကြည့်နေသည်အား သတိထားမိလိုက်ကြသည်။

“ပထမဆုံးအနေနဲ့ ဒီလေလံပွဲကို ပါဝင်ပေးကြတဲ့သူတွေအားလုံးကို ကြိုဆိုပါတယ်။ ဒီအဆောက်အဦးကို လွန်ခဲ့တဲ့ ဆယ်နှစ်က ဆောက်လုပ်ခဲ့တာပါ...”

ထိုလူသည် အဖွင့်စကားပြောပြီး အဆောက်အဦး၏မူလအစ်နှင့် လက်ရှိအခြေအနေကို မိတ်ဆက်ကာ လေလံတင်ရသည့်အကြောင်းအရင်းကို ရှင်းပြသည်။

စကားပြောပြီးသည့်အခါ ထိုလူက လက်ခုပ်တီးကာ ပြောသည်။

"လေလံမစခင်မှာ ကျွန်တော် ကြေငြာစရာလေးရှိပါတယ်။ ဒီနေ့က အပိတ်လေလံဆွဲမှာဖြစ်ပါတယ်။ ခဏနေရင် ဝန်ထမ်းတွေက လျှောက်လွှာဖောင်တွေ ထုတ်ပေးပြီးရင် ခင်ဗျားတို့အားလုံး အချက်အလက်တွေ ဖြည့်ရပါမယ်။ ရလဒ်ကို သုံးရက်အတွင်း ကြေငြာပေးမှာပါ။ ကဲ စလိုက်ကြရအောင်"

ထိုလူက သူ၏ဘေးမှလူများကို ခေါင်းညိတ်ပြကာ ဝန်ထမ်းများအား လေလံဆွဲသူများကို ဖောင်များပေးရန် လက်ဟော့ယမ်းပြလိုက်၏။

သူ၏စကားကို ကြားသည့်အခါ အားလုံး ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏။

ယနေ့တွင် တိုက်ရိုက်တန်း၍ လေလံဆွဲလိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် အံ့ဩသွားကြသည်။

"ညီလေးကျောက်။ ကြည့်" ဝမ်ဇီလုံက ခေါင်းယမ်းကာ သက်ပြင်းချရင်း "ဒါက ဥက္ကဌလျိုချင်းဖုန်းရဲ့ သက်ရောက်မှုပဲ။ မင်းသူ့ကို အနိုင်ယူဖို့ မဖြစ်နိုင်ဘူး"

"မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး"

ကျောက်ဖုန်းက မှတ်ချက်ပြုလိုက်ပြီး ရယ်မောကာ မျက်လုံးများကို ကျဉ်းမြောင်းလိုက်၏။

လျိုချင်းဖုန်းသည် စည်းစမ်ဥစ္စာကြွယ်ဝကာ ထူးချွန်တော့ရော ဘာဖြစ်သလဲ။

ဘာကိုပဲလုပ်လုပ် သူဘယ်တော့မှ အရှုံးမပေးချေ။

သူ၏ပြိုင်ဘက်မှာ လျိုချင်းဖုန်းထက် ပို၍ အားကောင်းနေလျှင်ပင် ကျောက်ဖုန်းက အောင်မြင်အောင် ကြိုးစားဦးမည်ဖြစ်သည်။ ရှုံးနိမ့်သွားနိုင်လျှင်ပင် အရှုံးပေးမည်မဟုတ်ချေ။ ဤသည်မှာ သူ၏ခံယူချက်ဖြစ်၏။

"ကောင်းပြီ..."

ဝမ်ဇီလုံက ရယ်မောရင်း ခေါင်းယမ်းလိုက်ပြီး ဘာမှမပြောတော့ချေ။ နောက်ဆုံးတွင်တော့ ညီလေးကျောက်သည် လူသစ်တစ်ယောက်အနေနဖြင့် စီးပွားရေးအရေးကို အနည်းငယ်သာ သိလေသည်။

ခဏအကြာတွင် ဝန်ထမ်းတစ်ယောက်က ၎င်းတို့ထံ လျှောက်လာကာ လျှောက်လွှာပုံစံကိုပေး၍ ရှင်းပြသည်။

“မင်္ဂလာပါ သူဌေးဝမ်။ ကျေးဇူးပြုပြီး ဖောင်ကို ဖြည့်ပေးပါဦး”

“ကောင်းပြီ” ဝမ်ဇီလုံက ဘောပင်တစ်ချောင်းထုတ်ကာ ဖောင်ကို ဖြည့်လိုက်၏။

ဖောင်ဖြည့်ပြီးနောက် ဝမ်ဇီလုံသည် နောက်ဆုံးစာကြောင်းအား ကြည့်ရင်း သံသယဖြင့် ပြောလိုက်သည်။ “ငါတို့ ဒီနေ့ ပိုက်ဆံကို ကြိုပေးရမှာလား”

"ဟုတ်ပါတယ်။ ဒီနေ့လေလံရဲ့ သုံးပုံတစ်ပုံကို ကြိုပေးရမှာပါ။ ရလဒ်ကို သုံးရက်အတွင်း ကြေငြာပေးပါမယ်။ တကယ်လို့ ခင်ဗျား အနိုင်မရခဲ့ဘူးဆိုရင် ပိုက်ဆံကို ပြန်ပေးအပ်မှာပါ" ဝန်ထမ်းက ရှင်းပြသည်။

"အင်း" ဝမ်ဇီလုံအနည်းငယ် မျက်မှောင်ကြုတ်ပြီး ကျောက်ဖုန်းအား တစ်ချက်ကြည့်လိုက်၏။ ထိုနောက် ငုံကာ တိုးတိုးလေးပြောလိုက်သည်။ "ညီလေးကျောက် စရံငွေအနေနဲ့ လေလံရဲ့ သုံးပုံတစ်ပုံကို ကြိုပေးရမယ်။ ဒါကြောင့် ဒီနေ့ မင်းရဲ့ကမ်းလှမ်းဈေးနှုန်း သုံးပုံတစ်ပုံပေးရမှာ"

"အာ..." ကျောက်ဖုန်း ခဏလောက် အေးခဲသွားပြီး ကို့ရို့ကားယားခံစားလိုက်ရ၏။

"ပြဿနာရှိလို့လား ညီလေးကျောက်" ဝမ်ဇီလုံက မေးသည်။

"အခု ကျုပ်မှာ ယွမ်သန်းတစ်ရာကျော်ပဲရှိတယ်" ကျောက်ဖုန်းက အသံတိုးတိုးဖြင့် ပြောသည်။ "ဒါပေမယ့်

နှလုံးရက်အတွင်း ကျုပ်အကောင့်ထဲကို ယွမ် ဘီလီယံအနည်းငယ် လွှဲပေးလိမ့်မယ်”

“အင်း” ခဏလောက်စဉ်းစားပြီးနောက် ဝမ်ဇီလုံက ပြုံးကာ “ညီလေးကျောက် မင်းဘယ်လောက် ပေးမှာလဲ။ ငါမင်းကို အခု ယွမ်သန်းတစ်ရာအထိ ချေးပေးနိုင်တယ်”

ကျောက်ဖုန်းက အကြွေးမပေးဘဲနေမည်ကို သူမစိုးရိမ်ချေ။ အကြောင်းမှာ လျို့ချင်းဖုန်း ရောက်နေပြီဆိုကတည်းက ကျောက်ဖုန်း ကျရှုံးနိုင်ခြေရှိ၍ဖြစ်သည်။ ထို့ကြောင့် ငွေမှာ သူ့အကောင့်ထဲသို့ မူလအတိုင်း ပြန်ဝင်လာပေလိမ့်မည်။ အကယ်၍ ကျောက်ဖုန်း အောင်နိုင်သွားလောက်အောင် ကံကောင်းပါကလည်း အကြွေးပြန်မပေးလျှင် အဆောက်အဦး၏ပရောဂျက်၌ ပါဝင်နိုင်သည့်အတွက် ငွေကို ဂရုမစိုက်ချေ။

သူဘာပဲလုပ်လုပ် အရှုံးမရှိသည့်အတွက် ပြဿနာမရှိချေ။ ထို့ကြောင့် ဤအချိန်တွင် ပိုက်ဆံချေးပေးရန် တိုက်ရိုက်စဉ်းစားခဲ့၏။

"ကျေးဇူးတင်ပါတယ် သူဌေးဝမ်။ ကျွန်တော် ခင်ဗျားကို အကြွေးတင်သွားပြီ" ကျောက်ဖုန်းက ခေါင်းညိတ်လိုက်သည်။

အချိန်အတန်ကြာ ဆွေးနွေးပြီးနောက် နောက်ဆုံးတွင် ယွမ်သန်းခြောက်ရာဖြင့် လေလံဆွဲရန် ဆုံးဖြတ်လိုက်ပြီး ယွမ်သန်းနှစ်ရာ ပေးချေခဲ့သည်။

သူပိုက်ဆံပေးချေနေစဉ်မှာပင် လျို့ချင်းဖုန်းမှာ ထထွက်သွား၏။ ဤလေလံပွဲအတွက် တာဝန်ရှိသူများမှာ သူပြုံးပြီး ထွက်သွားသည်ကို တွေ့လိုက်ရသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသည့်အခါ ကျောက်ဖုန်း၏နှလုံးမှာ အနည်းငယ်ခုန်သွား၏။

ဤလေလံပွဲကို အနိုင်ရရန် သူ့အတွက် အမှန်တကယ်ခက်ခဲပေလိမ့်မည်။

...

မုန့်မုန့်နှင့် ဝမ်ရီဟာန်တို့မှာ နေ့ခင်းပိုင်း၌ လဆန်းတောင်တွင် ကောင်းမွန်သည့်အချိန်ပိုင်းဆိုင်ခဲ့၏။

ငါးနာရီထိုးသည့်အချိန်တွင် သူတို့ စားသောက်ဆိုင်သို့ ပြန်သွားကြသည်။

ကျောက်ဖုန်းသည် နေ့ခင်းဘက်တွင် လေလံဆွဲရန် လိုအပ်သည့်အတွက် သိုးဝက်ကိုယူရန် နောက်ကျမှ ရောက်လာခဲ့သည်။ ထို့ကြောင့် စားသုံးသူများမှာ ညစာအတွက် ကြက်ဥထမင်းကြော်နှင့် ခေါက်ဆွဲပြုတ်ကိုသာ စားကြရ၏။

ခုနှစ်နာရီခန့်တွင် သူသည် ဝက်သားနှင့် မိုးခိုသားများကို ယူလာခဲ့သည်။

ညစာစားသူအနည်းငယ်ရှိနေသေးသဖြင့် သူတို့နာရီဝက်ခန့် စောင့်နေခဲ့ကြသည်။

"သူဌေး သူဌေးကတော်။ အောက်မှာဘယ်သူမှမရှိတော့ဘူး" ကျောက်ဖုန်းက အပေါ်ထပ်သို့တက်သွားကာ ပြောလိုက်၏။

"ဟင်းချက်လိုက်ရအောင်" ဇီယန်က ပြုံးကာ ထရပ်၍ အောက်ထပ်သို့ ဆင်းသွားသည်။ လမ်းတစ်ဝက်ရောက်မှ ကျန်းဟန်သည် ဆိုဖာပေါ်တွင်ထိုင်ကာ မုန့်မုန့်အား ချော့မြှူနေသည်ကို တွေ့လိုက်၍ ပြောလိုက်သည်။

"အာ...ကျန်းဟန် ဒီကိုလာပါဦး။ ကျွန်မ ဟင်းခတ်တွေရှာမတွေ့လို့"

"အင်း" ကျန်းဟန် ထရပ်ကာ သူမနောက် လိုက်သွား၏။

နှစ်ယောက်သား အောက်ထပ်သို့ ဆင်းလာရင်း ကျောက်ဖုန်းက နောက်မှလိုက်လာခဲ့သည်။ ဇီယန်က သူ့အား ပြန်လှည့်ကြည့်ကာ ပြောလိုက်သည်။

“နင် အပေါ်ထပ်မှာ ခဏလောက် အနားယူလို့ရတယ်။ ငါ့အတွက် ညစာချန်ထားပေးနော်”

“ကောင်းပြီ” ကျောက်ဖုန်းက ခေါင်းညိတ်ကာ ပြုံးပြပြီး အခန်းထဲပြန်ဝင်သွား၏။

ယခုတွင်တော့ အောက်ထပ်တွင် ဇီယန်နှင့် ကျန်းဟန်တို့သာ ရှိတော့သည်။

“ပါဝင်ပစ္စည်းတွေအားလုံး အဆင်သင့်ဖြစ်ပြီဆိုတော့ ကျွန်မ စချက်တော့မယ်။ ငရုတ်သီးဆော့စ်၊ ငရုတ်ကောင်း၊ ဆား၊ သကြားဖြူတွေကို ဒီမှာ ထည့်လိုက်” ဇီယန်က စင်းနီတုံး၏ဘေးအား ညွှန်ပြသည်။

ထိုနောက် ဘေစင်တွင် လက်ကိုဆေးကြောကာ လက်သုတ်လိုက်ပြီး ခါးတစ်ချောင်းကို ထုတ်ယူလိုက်၏။

သူမသည် ဝက်သားတစ်တွဲကို ကောက်ယူလိုက်ပြီး စဉ်းနှီတုံးပေါ်တင်လိုက်သည်။

ထိုနောက် ဝက်သားအား ဘယ်လက်ဖြင့် ဖိကာ အသားကင်အား ခါးဖြည့်လှီးဖြတ်သကဲ့သို့ ခါးကို ညာဘက်တွင် ကိုင်ထား၏။

"ကိုယ်လုပ်ပေးမယ်"

ဟင်းခတ်များကို ထည့်ပြီးနောက် ကျန်းဟန်က ဇီယန်ဆီသို့ လျှောက်သွားလိုက်၏။

"ကောင်းပြီ" ဇီယန်က သူ၏တောင်းဆိုမှုအား မငြင်းပယ်ခဲ့ချေ။ ထိုအစား ဝက်သားတွဲမှာ အနည်းငယ်ထူနေသည့်အတွက် သူမသည် သူ့အား တိုက်ရိုက်နေရာဖယ်ပေးလိုက်သည်။

"ဝက်သားကို ပါးပါးလှီးဖို့လိုတယ်။ အဲဒါ မြန်မြန်အေးခဲထားတာမဟုတ်တော့ ဖြတ်ရတာမလွယ်ဘူး" ဇီယန်သည် ကြွင်စဦး ဇနီးတစ်ယောက်ကဲ့သို့ လှီးဖြတ်ထားသည့် ဝက်သားတုံးများအား မျက်လုံးလှလှလေးများဖြင့် စိုက်ကြည့်ရင်း အနားတွင်ရပ်ကာ သူ့အား သတိပေးနေသည်။

သူမ၏အကြည့်အောက်တွင် ခေါးကိုင်ထားသော ကျန်းဟန်၏လက်က စတင်လှုပ်ရှားလာသည်။

ဒုန်း ဒုန်း ဒုန်း...

ညီညာသည့် အသံနှင့် စည်းချက်ကျနေမှုက မီးဖိုချောင်အား ထူးခြားမှုတစ်ခုဖြင့် ပြည့်နေစေသည်။

"ရှင်က အရမ်းတော်တာပဲ။ အာ...နေဦး နေဦး။ ခဏစောင့်" ဇီယန်က စက္ကန့်အနည်းငယ်ကြာအောင် ကြည့်ပြီးနောက် တစ်စုံတစ်ရာမှားယွင်းနေသည်ကို သတိပြုမိသွား၏။ ကျန်းဟန်ရပ်တန့်သွားသည်ကိုမြင်တော့

ဝက်သားတစ်ပိုင်းအား ကောက်ယူလိုက်ပြီး "ပါးလွန်းတယ်။ ကင်တဲ့အခါကျရင် ကျွမ်းသွားလိမ့်မယ်"

ဝက်သားလွှာများမှာ နှင်းပွင့်များကဲ့သို့ ပါးလွှာပြီး အနည်းငယ်ဖောက်ထွင်းမြင်နေရသည်အထိပင်။ ဟော့ပေါ့အိုးတွင် တစ်စက္ကန့်တည်းဖြင့် ကျက်သွားနိုင်သည်ဟုပြောလျှင် လွန်မည်မဟုတ်ချေ။

"ဘယ်လောက်အထိ ထူရမှာလဲ" ကျန်းဟာန် ပြုံး၍ မေးသည်။

"အခုထက် ငါးဆ ပိုထူရမယ်" ဗီယန်က ခဏလောက်စဉ်းစားပြီး ပြောသည်။

"ကောင်းပြီ"

ကျန်းဟာန်၏လက်များက နောက်တစ်ကြိမ်လှုပ်ရှားသွားပြန်သည်။

ခေါးခုတ်သံများဖြင့် မီးဖိုချောင်ထဲတွင် သက်ဝင်လာပြန်၏။ ဇီယန်၏အာရုံသည် ဝက်သားမှ ကျန်းဟန်၏ပါးပြင်ဆီသို့ တဖြည်းဖြည်း ပြောင်းလဲသွားသည်။

သူသည် ယောကျ်ားပီသသော မျက်နှာထားဖြင့် ချောမောသည့်ယောကျ်ားတစ်ယောက်ဖြစ်ရာ ဇီယန်သူ့အား သတိလက်လွတ်မကြည့်မိဘဲ မနေနိုင်ချေ။

"ဘယ်နှချပ်လောက် လိုချင်လဲ"

ကျန်းဟန်က ဝက်သားနှစ်တုံးကို လှီးပြီးနောက် လှည့်ကာ မေးသည်။

"အာ..." ဇီယန်မှာ ရုတ်တရက် သတိပြန်ဝင်လာပြီး အနည်းငယ် ပြာယာခတ်သွား၏။ စဉ်းတီတုံးပေါ်ရှိ ဝက်သားကို ငုံ့ကြည့်ကာ ပြောလိုက်သည်။ "အားလုံး လူဘယ်နှယောက်ရှိတာလဲ"

“လူကြီးငါးယောက်နဲ့ ကလေးနှစ်ယောက်” ကျန်းဟန်က ဇဝေဇဝါဖြင့် ပြန်ဖြေသည်။

“ဒါဆို နောက်တစ်တုံး လှီးလိုက်ဦး”

“ကောင်းပြီ” ကျန်းဟန်က နောက်ထပ် ဝက်သားတစ်တုံးကောက်ယူကာ လှီးလိုက်သည်။

“ကျွန်မ ကြက်သွန်ဖြူခွာလိုက်မယ်” ဇီယန်သည် နှုတ်ခမ်းအား ဖိကပ်လိုက်ပြီး ကြက်သွန်ဖြူသုံးမွှာကိုယူကာ အခွံနွှာလိုက်၏။

ကျန်းဟန်သည် ဝက်သားလှီးနေပြီး သူမက ကြက်သွန်ဖြူအခွံနွှာနေ၏။ သူတို့နှစ်ယောက်မှာ မီးဖိုချောင်ထဲတွင် အတူတူချက်ပြုတ်နေသည့် စုံတွဲကဲ့သို့ပင်။

ငါတို့က အရမ်းချစ်ကြတဲ့စုံတွဲတွေလိုမျိုး ဖြစ်နေလား။

ဇီယန်အနည်းငယ် ရှက်သွားကာ ကျန်းဟန်အား မနေနိုင်ဘဲ တိတ်ဆိတ်ကြည့်လိုက်မိ၏။

သို့သော် သူသည်ကား တကယ့်ကို အရူးငတုံးတစ်ယောက်ပင်။ သူ၏အာရုံမှာ ဝက်သားလှီးရာတွင်သာ နစ်မြှုပ်နေ၏။

ဝက်သားကို လှီးပြီးသွားသည့်အခါ ဇီယန်လည်း ကြက်သွန်ဖြူခွာပြီးသွားသည်။

"ဒီကြက်သွန်ဖြူတစ်ဝက်ကို ပါးပါးလှီးပြီးတော့ ကျန်တဲ့တစ်ဝက်ကို ထောင်းရမယ်" ဇီယန်က ပြောသည်။

ထိုနောက် သူမ ဘေးသို့ထွက်လိုက်ကာ ဇလုံသေးတစ်ခုကိုထုတ်၍ ဝက်သားအားလုံးကို ထည့်လိုက်၏။ ကိုရီးယားငရုပ်ဆော့စ်၊ ငရုတ်ကောင်း၊ သကြားဖြူထည့်သည်။ ပါးပါးလှီးထားသည့် ကြက်သွန်ဖြူများ အဆင်သင့်ဖြစ်သွားပြီးနောက် ဇီယန် ၎င်းအား ကောင်းကောင်းမွှေပေးလိုက်သည်။

"အိုကေ ကျွန်မတို့ ခဏလောက်စောင့်ရမယ်။ ပြီးရင် ကင်လို့ရပြီ" ဇီယန်က လက်ခုပ်တီးကာ ပြုံး၍ ပြောသည်။

"မင်းပြုံးရင် အရမ်းလှတယ်"

ကျန်းဟန်က ဇီယန်၏မျက်လုံးများကို စိုက်ကြည့်ရင်း တိုးတိုးလေးပြောသည်။

"တကယ်လား" ဇီယန်၏မျက်နှာမှာ ရဲတွတ်လာပြီး သူမ၏အသံက နူးညံ့ပျော့ပြောင်းလာ၏။

"အရင်က မင်းကို အေးစက်စက်မိန်းမလှလေးလို့ ထင်ခဲ့တာ။ ဒါပေမဲ့ အခုတော့ မင်းက ပိုပြီး လှလာတယ်။ အထူးသဖြင့် မင်းရဲ့အပြုံးက အရမ်းလှတယ်"

"အေးစက်စက်မိန်းမလှလေးလား။ ကျွန်မကလား။ ကျွန်မ ရှိုးတွေသွားရင် တစ်ခါတစ်လေ ရယ်ပါတယ်" ဇီယန်က စိတ်ရှုပ်ထွေးစွာပြောသည်။

"ဘာပဲဖြစ်ဖြစ် မင်းက အရမ်းလှတယ်"

ကျန်းဟန်က ပြုံးလိုက်ပြီး မိုးခိုသားများကို ကင်လိုက်သည်။ မိနစ်အနည်းငယ်ကြာပြီးနောက်

ဝက်သားပြားများကို အကင်ဗန်းပေါ်တင်ပြီး ၂၅ မိနစ်ခန့် ကင်သည်။ ထိုနောက်တွင်တော့ ညစာမှာ အဆင်သင့်ဖြစ်သွားလေ၏။

အားလုံး အောက်ထပ်သို့ ဆင်းကာ စားပွဲဝိုင်းတွင် ထိုင်လိုက်ကြသည်။

"ဒီလိုမျိုး စားကြည့်သင့်တယ်။ အသားပြားကို ဆလပ်ရွက်ပေါ်မှာတင်ပြီး ကြက်သွန်ဖြူနဲ့ ဂေါ်ဖီအစပ်ထည့်။ ပြီးရင် အပေါ်ကနေ ဝက်သားပြားကို ဆလပ်ရွက်နဲ့ထုပ်လိုက်" ဇီယန်က သရုပ်ပြသည်။

သူမက တစ်ခုလိပ်လိုက်ပြီး မုန့်မုန့်အား ပေးခါနီးတွင် ကျန်းဟန်က မုန့်မုန့်အား အသားကင်ဆလပ်ရွက်လိပ်လေးတစ်ခု ပေးနေပြီဆိုသည်ကို သတိပြုမိလိုက်၏။ ထိုနောက် သူက ညင်သာစွာပြောလိုက်သည်။

"မုန့်မုန့် မြည်းကြည့်"

"ဟုတ်" မုန့်မုန့်က ခေါင်းညိတ်ကာ ကိုက်လိုက်သည်။ "အမ်း အရမ်းအရသာရှိတယ်"

သူ၏လုပ်ရပ်ကိုကြည့်ပြီးနောက် ဇီယန်သည် ကျန်းဟန်အား ဒေါသတကြီးစိုက်ကြည့်လိုက်၏။

သူမသည် အသားလိပ်ကို ပါးစပ်ထဲထည့်ကာ ကျန်းဟန်အား ကြည့်ရင်း ခက်ခက်ခဲခဲဝါးနေသည်။

ဇီယန်သည် ထိုတစ်ခုစာပြီးနောက် နောက်ထပ်မလုပ်တော့ချေ။ သူမသည် ကျန်းဟန်အား လုပသည့်မျက်လုံးလေးများဖြင့် စိုက်ကြည့်နေ၏။

ကျန်းဟန်သည် ဆလပ်ရွက်တစ်ခြမ်းကောက်ယူလိုက်ပြီး အသားနှင့် အစာပလာများထည့်ကာ ဒုတိယအလိပ် လိပ်၍ မုန့်မုန့်အား ထပ်မံပေးလိုက်သည်။

တတိယတစ်ခုနှင့် စတုတ္ထတစ်ခုကိုလည်း မုန့်မုန့်ကို ပေးခဲ့သည်။

ဒီသစ်သားတုံးကောင်က ငါ့ကို ဘာလို့ လျစ်လျူရှုထားတာလဲ။

ဇီယန် ဒေါသထွက်နေသည်။ သူမသည် ပါးပြင်အား ဖွဖွပွတ်ရင်း မီးဖိုချောင်ဆီသို့လျှောက်သွားကာ "ကျွန်မ သောက်စရာယူလိုက်ဦးမယ်"

ဇီယန်သည် သောက်စရာများကိုယူရင်း မုန့်ညှင်းနက်ဆော့စ်တစ်ပုလင်းကို ယူကာ နှာခေါင်းရှုံ့လိုက်ပြီး ပြန်လျှောက်လာခဲ့သည်။ (မုန့်ညှင်းနက်ဆော့စ်ဆိုတာ အသားနဲ့စားရတဲ့ ခပ်ရိုန်းရိုန်းအရသာရှိသော အဝါရောင်/အညိုရောင် ရှိသည့် ငရုပ်ဆီလိုမျိုး ဆော့စ်ကိုပြောတာပါ)

"အားလုံး သောက်လိုက်ကြပါဦး" ဇီယန်သည် သောက်စရာများကို စားပွဲပေါ် အရင်တင်လိုက်ပြီး ဆလပ်ရွက်တစ်ခြမ်းကို အမြန်ကောက်ယူကာ မုန့်ညှင်းနက်ဆော့စ်ကို ထည့်ကာ ဝက်သားတစ်ပြားယူ၍

အမြန်ဖုံးလိုက်သည်။ ထိုနောက် လိပ်လိုက်ပြီး ကျန်းဟန်အား ပြုံးပြကာ အသားလိပ်ကို ကမ်းပေးရင်း ပြောလိုက်၏။

"ဟန်နီ ကျွန်မ ရှင့်အတွက် တစ်ခုလိပ်ပေးထားတယ်။ စားလိုက်ပါဦး"

"ဖူး…."

ကျိုးဖေးမှာ ပါးစပ်ထဲမှာ အစားများ ကြမ်းပြင်ပေါ် ထွေးထုတ်မိသွားသည်။ သူမသည် ဇီယန်အား အံ့သြတကြီးကြည့်လိုက်၏။

ဘုရားရေ အစ်မယန်က ကျန်းဟန်ကို ဟန်နီလို့ ခေါ်လိုက်တာလား။ သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးက ဘယ်လိုလုပ် ဒီလောက်မြန်မြန် တိုးတက်လာတာလဲ။

စုယွီမှာ ပြုံးကာ ပြောလိုက်သည်။ "မင်းက အရမ်းယုယတာပဲ"

"ဟုတ်တယ်။ သူ့ငွေးနဲ့ သူ့ငွေးကတော်က အရမ်းချစ်ကြတာ" ကျောက်ဖုန်းသည် ဧယန်၏လျို့ဝှက်လှုပ်ရှားမှုများကို သတိပြုမိသည့်အတွက် ရယ်မောကာ ပြောလိုက်သည်။

အားလုံး၏အကြည့်အောက်တွင် ကျန်းဟန်က ဧယန်အား ကြည့်လိုက်ပြီး ညင်သာစွာ ပြုံးလိုက်သည်။ သူသည် လက်ဖြင့် ကိုင်မနေတော့ဘဲ ဧယန်၏လက်ထဲမှ အသားလိပ်ကို တိုက်ရိုက် ပါးစပ်ဖြင့် ကိုက်လိုက်သည်။ အသားလိပ်ကို စားလိုက်သည့်အခါ ဧယန်၏လက်ချောင်းလေးများကို မလွဲသာမရှောင်သာဘဲ နမ်းလိုက်မိသည်။

ဧယန်၏လက်မှာ အနည်းငယ် ထုံကျင်သွားသော်လည်း သူမသည် သူ၏နောက်ထပ် တုံ့ပြန်မှုအား စောင့်မျှော်နေသည့်အတွက် သူမ၏မျက်လုံးများတွင် လှောင်ရိပ်သန်းနေသည်။ သူမသည် ကျန်းဟန်အား စိုက်ကြည့်ကာ စိုက်ထဲတွင် အော်ဟစ်လိုက်၏။

ဟွန့် ရှင် ကျွန်မကို အမြဲတမ်း လျစ်လျူရှုထားတဲ့အတွက် ရှင့်ကို အပြစ်ပေးရမယ်။

သို့သော် ကျန်းဟန်သည် မည်သည့်အမူအရာမျှ ပေါ်လာခြင်းမရှိချေ။ သူသည် စားပြီးနောက် ပြုံးကာ ပြောသည်။

"အရသာက အရမ်းကောင်းတယ်"

"အမ်" ဇီယန် အံ့အားသင့်သွားပြီး စိတ်ရှုပ်သွား၏။

ဤသို့ဖြင့် တစ်မိနစ်အကြာတွင် ဇီယန်သည် မုန့်ညှင်းနက်ဆော့စ်ထပ်ထည့်ရန် အခွင့်အရေးကို အရယူခဲ့သည်။ ဤတစ်ကြိမ်တွင် သူမသည် ယခင်ကထက် နှစ်ဆပို၍ ညှစ်ထည့်လိုက်၏။ ထိုနောက် သူမသည် အသားလိပ်ကို ကျန်းဟန်၏ပါးစပ်ထဲသို့ ထည့်ပေးပြီး ပြောလိုက်သည်။

"ကျွန်မ ရှင့်ကို နောက်တစ်ခု လုပ်ပေးမယ်"

“အင်း” ကျန်းဟန် ပြုံးလိုက်၏။ ဤတစ်ကြိမ်တွင် သူသည် ပါးစပ်အား ကျယ်ကျယ်ဟထားသည့်အတွက် ဇီယန်သည် သူ၏ပါးစပ်ထဲသို့ လက်နှစ်ချောင်း မတော်တဆ ထည့်လိုက်မိသည်။

ဇီယန် ရုတ်တရက် ခေတ်လိုက်သွားသလို ခံစားလိုက်ရသည်။ သူမသည် လက်ကို အမြန်ဆွဲထုတ်လိုက်ပြီး ကျန်းဟန်အား မျက်လုံးလှလှလေးများဖြင့် မမိုတ်မသုန်ကြည့်နေသည်။

ဘာဖြစ်တာလဲ။ ဒီမုန့်ညှင်းနက်ဆော့စ်က အတုကြီးလား။

ဇီယန် အနည်းငယ် အံ့အားသင့်သွားသည်။ ကျန်းဟန်သည် အမူအရာမပြောင်းလဲဘဲ စိတ်ကျေနပ်နေပုံရ၏။

ထို့ကြောင့် ဇီယန်သည် နောက်ထပ် အခွင့်အရေးရှာကာ ဆော့စ်အား နောက်ထပ်ပိုထည့်လိုက်ပြီး ဝက်သားဖြင့်ဖုံးကာ လိပ်လိုက်သည်။ သူမ ကျန်းဟန်အား ပေးခါနီးတွင်

"ဟန်နီ" ကျန်းဟန်က ပြုံးကာ သူမအား ကြည့်၍ ပြောလိုက်သည်။ "မင်းလည်း စားကြည့်သင့်တယ်"

"အာ...အင်း" ဇီယန် အနည်းငယ် ကြောင်အသွားသော်လည်း ခဏလောက်စဉ်းစားကာ မြည်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

မုန့်ညှင်းဆော့စ်က အတုသာဆိုပါက သူမ ကျန်းဟန်အား နောက်ထပ်တစ်လိပ် ထပ်လိပ်ပေးရန် မလိုတော့ချေ။

ထို့ကြောင့် ဇီယန်သည် အသားလိပ်ကိုယူကာ ပါးစပ်ထဲထည့်လိုက်၏။ သူမ၏လက်ချောင်းများမှာ ထုံးစံအတိုင်း နမ်းမိသွားသည်။ ထိုနောက် သူမ ရုတ်တရက် အေးခဲသွား၏။

လက်ချောင်းတွေလား။ ကျန်းဟန် သူ....

သူ သွယ်ဝိုက်ပြီးတော့ နမ်းခဲ့တာလား။

ဇီယန် ရုတ်တရက် ရှက်သွားသည်။ သို့သော် သူမ ဝါးလိုက်သည့်အခါတွင် ပြင်းထန်သည့် မုန့်ညှင်းနက်၏အရသာက ပါးစပ်တစ်ခုလုံး ပျံ့နှံ့သွားသည်။

"အမ်း"

ဇီယန်၏မျက်လုံးများမှာ တဖြည်းဖြည်း ပြူးကျယ်လာပြီး တစ်ရှူးနှစ်ခုကို အမြန်ဆွဲထုတ်ကာ ခေါင်းကိုငုံ့၍ အသားလိပ်ကို ထွေးထုတ်လိုက်သည်။

"အိုး..."

ဇီယန်၏အမူအရာအရ သူမ ထိုအရသာကို မနှစ်သက်ကြောင်း ထင်ရှားသည်။ သူမ လျှာကို ထုတ်ကာ ဖျော်ရည်ဘူးကို အမြန်မော့သောက်လိုက်သည်။

"ဖူး...အဟမ်း အဟမ်း..." ဖြစ်စဉ်တစ်ခုလုံးအား မျက်မြင်တွေ့လိုက်ရသည့် ကျောက်ဖုန်းမှာ မရယ်ဘဲ မနေနိုင်ချေ။

ကျန်းဟန်မှာ အမှုအရာထုတ်မပြသော်လည်း ပြုံးနေသည့်သူ၏မျက်လုံးများက သူ စိတ်အခြေအနေကောင်းနေကြောင်း ပြသနေသည်။

"ဟန်နီ ဘာဖြစ်နေတာလဲ" ကျန်းဟန်က အလျင်စလိုပြောသည်။

သို့သော် ဇီယန် ခေါင်းမော့ကြည့်လိုက်သည့်အခါ သူ၏မျက်လုံးများမှာ ပြုံးစိစိဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် သူမသည် ကျန်းဟန်၏ခါးကို လိမ်ဆွဲရန် သူမ၏နူးညံ့သည့်လက်ကလေးများအား ဆန့်ထုတ်လိုက်၏။

ထိုအချိန်အတွင်း သူမသည် ပြုံးကာ ကျန်းဟန်၏နားနားသို့ တိုးကပ်၍ ပြောသည်။

"ရှင်တော်တော် ညစ်ပတ်တာပဲ။ ကျွန်မ သေချာပေါက် ရှင့်ကို လက်စားချေမယ်"

...

-အပိုင်း(၂၅၂) ပြီး

wunzinnosp

## အပိုင်း(၂၅၃) ဈေးဝယ်ထွက်ခြင်း

"ကိုယ်ဘာညစ်လို့လဲ"

ကျန်းဟန်က ဇီယန်ကို မှိုကာ တိုးတိုးလေးပြောသည်။

သူပြောလိုက်သည်နှင့် ပူနွေးသည့်လေပြင်းလေးက သူမ၏နားကို ဖြတ်သန်းသွားသဖြင့် ဇီယန် ခွေယိုင်သွား၏။

"ရှင်။ ဟွန့်" ဇီယန် နှာခေါင်းရှုံ့ကာ အမြန်နောက်ပြန်ဆုတ်သွားသည်။

သူမ၏မျက်နှာမှာ အလွန်ပူလောင်လာပြီး မုန့်ညှင်းကြောင့်လား ရှက်ရွံ့ခြင်းကြောင့်လား မသဲကွဲချေ။

"နင်တို့နှစ်ယောက်....ဟဲဟဲ" ကျိုးဖေးက သူတို့အား ပြုံးစိစိအကြည့်ဖြင့် အဆက်မပြတ် အကဲခတ်နေသည်။ စက္ကန့်အနည်းငယ်ကြာပြီးနောက် သူမသည် စနောက်နေသည်ကို ရပ်တန့်လိုက်ပြီး စားသောက်လေသည်။

သူမ၏အာရုံအားလုံးမှာ စားပွဲပေါ်တွင်သာ စူးစိုက်နေခဲ့သည်။

ဝက်သားပြား၊ ဂေါ်ဖီစပ်နှင့် ကြက်သွန်ဖြူ၏အရသာကြောင့် အသားလိပ်မှာ အနံ့ပြင်းလေသည်။

ပထမတစ်ကိုက် ကိုက်ပြီး ဆလပ်ရွက်မှာ ပါးစပ်ထဲတွင် နူးညံ့စွာ စီးဆင်းသွားကာ အသား၏ရနံ့က ပျံ့နှံ့သွား၏။

ဝက်သားမှာ ကောင်းစွာ ကင်ထားသည်။ အနည်းငယ် ကြွပ်သော်လည်း အဆီလုံးဝမများပဲ အသားထူ၏။

သို့သော် အသားမှာ အနည်းငယ်ကြွပ်သည့်အတွက် မုန့်မုန့်နှင့် ဝမ်ရီဟာန်တို့မှာ သိပ်မစားကြချေ။

အသားလိပ်အနည်းငယ်စားပြီးနောက် ဂုတ်သားကင်များကိုသာ စားကြလေသည်။

ညစာစားပြီးနောက် ကိုးနာရီခွဲခန့်တွင် စုယွီနှင့် ဝမ်ရီဟာန်တို့ သားအမိ ပြန်သွားကြ၏။

"အစ်မယန် ငါလည်းသွားတော့မယ်။ ငါ ငှားနေတဲ့ တိုက်ခန်းကို လိုက်ကြည့်ချင်လား" ကျိုးဖေးက အိတ်ကို ကောက်ကိုင်ကာ မေးသည်။

"မလိုက်တော့ဘူး။ ကျေးဇူးပဲ" ဇီယန်က ခေါင်းယမ်းလိုက်သည်။ သူမက ကျန်းဟန်အား တစ်ချက်ကြည့်ကာ "ကျွန်မတို့ လလမ်းလျှောက်ထွက်ကြမလား။ ဒီည အသားတွေအများကြီး စားထားတာဆိုတော့"

"သမီးတို့ ဈေးဝယ်ထွက်ကြမယ်" မုန့်မုန့်၏မျက်လုံးများ တောက်ပလာသည်။

"ကောင်းပြီ။ ဈေးဝယ်ထွက်ရအောင်" ကျန်းဟန်က ပြုံးကာ ပြောလိုက်သည်။

"ရေး...ဈေးဝယ်သွားကြမယ်။ သွားကြစို့" မုန့်မုန့်သည် ဆိုဖာပေါ်ခုန်တက်ကာ သူမ၏လက်ကလေးနှစ်ဖက်အား ကျန်းဟန်ဆီသို့ ဆန့်တန်းလိုက်သည်။

ကျန်းဟန်က မုန့်မုန့်အား ပွေ့ချီလိုက်ပြီး ပထမဆုံးအကြိမ် မိသားစုလမ်းလျှောက်ထွက်ရန် ပြင်ဆင်ကြသည်။

သူတို့ လမ်း၏ဘယ်ဘက်ခြမ်းတစ်လျှောက် လျှောက်သွားကြ၏။ ခြောက်မိနစ် ခုနှစ်မိနစ်ခန့်ကြာသည့်အခါ ရှော့ပင်းမောလ်တစ်ခုသို့ ရောက်ရှိသွားကြသည်။

ရှော့ပင်းမောလ်အား New No.1 Department Store ဟု အမည်ပေးထားပြီး အရှေ့ဘက်တွင် စတုရန်းပုံဖြစ်သည်။

အထဲတွင် လျှောက်လည်နေကြသည့် လူအများအပြားရှိပြီး တစ်ဖက်တွင် ရှိလာစကိတ်စီးရန် နေရာအချို့ပင် ရှိသေး၏။

စကိတ်စီးနေကြသူများမှာ မြင်သည့်အခါ မနေ့က ကျန်းဟန်နှင့်စကိတ်စီးစဉ် သူမအား ပွေ့ချီသည့် အဖြစ်အပျက်ကို ဇီယန် သတိရမိသွားသည်။

"အာ...တော်ပြီ ငါနင်တို့နဲ့ မနေတော့ဘူး။ နင်တို့က ငါ့ကို တစ်ယောက်မှလည်း အဖက်မလုပ်ကြဘူး" ကျိုးဖေးကာ သက်ပြင်းချကာ လက်ကိုဝှေ့ယမ်းလိုက်ပြီး "ငါငှားထားတဲ့တိုက်ခန်းက အခုဖြတ်လာခဲ့တဲ့ တိုက်မှာပဲ။ ငါသွားပြီး သန့်ရှင်းသန့်စင်လိုက်ဦးမယ်"

"ကောင်းပြီ" ဇီယန်က ခေါင်းညိတ်လိုက်သည်။

"နင် ငါ့ကို နေ့ပါဦးလို့တောင် မပြောတော့ဘူးနော်။ အင်း...ငါက လုံးဝ စွဲဆောင်မှုမရှိလို့ ဖြစ်ရမယ်" ကျိုးဖေးက စကားကို အဓိပ္ပာယ်ပါပါပြောကာ လှည့်ထွက်သွားသည်။

"ဖေဖေ လူတွေအများကြီးပဲ။ မေမေ ဟိုမှာကြည့် မီးပုံးပျံကြီးတွေ။ ဖေဖေ ဖေဖေ ရေခဲမုန့်စားချင်တယ်" မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲတွင် ရှိနေ၏။ ပထမထပ်မှ ရေခဲမုန့်ဆိုင်ကို မြင်သည့်အခါ သူမလေးသည် ကျန်းဟန်၏လည်ပင်းကို သိုင်းဖက်၍ ပါးပြင်ကို နမ်းလိုက်ပြီး ပြောသည်။

"ဖေဖေ သမီးအတွက် တစ်ခုသွားဝယ်ပေးမယ်" ကျန်းဟန်က ပြုံးလိုက်၏။

"ကျန်းဟန်။ ကျွန်မ ရှင့်ကို ဘာပြောထားလဲ မေ့သွားပြီလား" ဇီယန်က ကျန်းဟန်အား ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

"ဟေး။ မင်းဘာပြောထားလို့လဲ။ ဪ ကိုယ်မှတ်မိပြီ။ မင်းက မုန့်မုန့်လိုချင်တာမှန်သမျှကို ကိုယ် မပေးသင့်ဘူးလို့ ပြောခဲ့..." ကျန်းဟန် မျက်လုံးများကို ကျဉ်းမြောင်းကာ ပြောသည်။

"ဟေးဟေး တော်လိုက်တော့ ဆက်မပြောနဲ့နော်" ဇီယန်၏လှပသည့် မျက်လုံးလေးများမှာ တဖြည်းဖြည်း ပြူးကျယ်လာပြီး လူသတ်လိုသည့် အကြည့်များ ဖြစ်ပေါ်လာသည်။

"အမ်" မုန့်မုန့်မှာ အံ့သြသွား၏။ သူမသည် သံသယဖြင့် ကြည့်ရင်း ကလေးဆန်သည့်အသံလေးဖြင့် မေးသည်။ "မေမေ ဘာပြောခဲ့တာလဲ"

"ဘာမှ မဟုတ်ပါဘူး။ သမီးဖေဖေရဲ့စကားကို နားမထောင်နဲ့။ အဲဒီလူဆိုးက ရန်တိုက်ပေးနေတာ" ဇီယန်က ကျန်းဟန်အား မျက်စောင်းထိုးလိုက်သည်။

"ဟားဟားဟား…" ကျန်းဟန်က မုန့်မုန့်အား ပွေ့ချီ၍ ရေခဲမုန့်ဆိုင်သို့သွားရင်း သဘောကျစွာ ရယ်မောလိုက်သည်။

ဇီယန်သည် သူတို့နောက်မှာ ရပ်နေရင်း ပါးပြင်ကို ပွတ်၍ ခြေကိုအနည်းငယ်ဆောင့်ကာ ရေရွတ်လိုက်၏။

"ခွေးကောင်"

ထိုစကားကိုပြောပြီးမှ သူမ နောက်မှ လိုက်လာခဲ့သည်။ ဤအချိန်တွင် ဇီယန်သာ ဦးထုပ်နှင့် မျက်မှန်ကို ချွတ်ထားပါက သူမ၏မျက်နှာမှာ အလွန်စွဲဆောင်မှုရှိနေပြီး ချစ်စရာကောင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

ကျန်းဟန်သည် ရေခဲမုန့်ဆိုင်ထဲသို့ ဝင်ကာ ရေခဲမုန့်အသေးတစ်ခု မှာလိုက်၏။

"ရော့ မုန့်မုန့်" ကျန်းဟန်က မုန့်မုန့်အား ရေခဲမုန့်ပေးလိုက်သည်။

မုန့်မုန့်မှာ ဝမ်းသာအားရယူလိုက်ပြီး ကျန်းဟန်၏ပါးပြင်ကို နမ်းလိုက်သည်။ "ဖေဖေက အကောင်းဆုံးပဲ။ ဖေဖေ အရင်ဆုံးကိုက်။ အမ်....သေးသေးလေးပဲ ကိုက်နော်"

"ကောင်းပြီ ဖေဖေ သေးသေးလေးကိုက်မယ်" ကျန်းဟန်က ပြုံးလိုက်သည်။ ရေခဲမုန့်မှာ သေးသေးလေးဖြစ်သည့်အတွက် ခပ်ကြီးကြီးကိုက်ခြင်း မပြုခဲ့ချေ။ သူသည် ရေခဲမုန့်၏ထိပ်ဖျားကို ကိုက်လိုက်၏။

"မေမေလည်း စားကြည့်" မုန့်မုန့်က ရေခဲမုန့်ကို ဇီယန်အား ပေးသည်။

"မေမေ မစားတော့ဘူး" ကျန်းဟန်သည် ထိပ်ပိုင်းအား စားလိုက်သည်ကို ဇီယန် သတိပြုမိ၏။

"ဟင်အင့် မရဘူး။ မေမေလည်း စားရမယ်" မုန့်မုန့်က ရေခဲမုန့်မှာ အရာကောင်းမွန်ပြီး မေမေ့ကိုလည်း စားကြည့်စေချင်သည်။

"မုန့်မုန့် မေမေ မစားချင်..." သူမ၏စကားမဆုံးခင်မှာပင် ဇီယန်သည် မုန့်မုန့် အနည်းငယ် ဝမ်းနည်းသွားကြောင်း ခံစားမိလိုက်သဖြင့် တုံ့ဆိုင်းသွားသည်။

မည်သို့ပင်ဆိုစေကာမူ ဤသည်က ပထမဆုံးအကြိမ် မဟုတ်တော့ချေ။

“မေမေ နည်းနည်းလေး စားလိုက်မယ်” ဇီယန်က ပြုံးကာ ရေခဲမုန့်ဆီ တိုးကပ်သွားပြီး ဘေးနားလေးအား ကိုက်လိုက်သည်။ ထိုနောက် သူမ ၎င်းအား တစ်ချက်ကြည့်လိုက်ပြီး ကျန်းဟန်နှင့် သွယ်ဝိုက်သောနည်းဖြင့် မလွှဲသာမရှောင်သာ နမ်းမိသွားပြန်သည်ကို သိလိုက်၏။

ဒါက တကယ်ကို....

ဇီယန် တစ်ချိန်တည်းမှာပင် စွံ့အနေပြီး မခိုတရို့လေးဖြစ်နေသောကြောင့် ကျန်းဟန်၏နောက်မှ တတိတ်ဆိတ်စွာဖြင့် ရှော့ပင်းမောလ်ထဲသို့ လိုက်ပါသွားခဲ့သည်။

ရှော့ပင်းမောလ်ထဲသို့ ဝင်လိုက်ပြီးနောက် ဇီယန်သည် လုံးဝ လူသစ်တစ်ယောက်ဖြစ်လာသည်။ သူမသည် အေးစက်စက်အငွေ့အသက်အနည်းငယ်ဖြင့် ဝန်းရံထားကာ

သန့်မာသောအမျိုးသမီးတစ်ဦးအဖြစ် အထင်အမြင်ကြီးစေသည်။

"အဲဒီ ဗာ့ဆာ့ဂျေ့စ်(Versace)စတိုးကိုသွားရအောင်"

သူတို့သည် တန်ဖိုးကြီးအီတလီဖက်ရှင်အမှတ်တံဆိပ် ဆိုင်တစ်ဆိုင်ကိုဖြတ်သွားသည့်အခါ ဇီယန်က ဦးဆောင်၍ ဆိုင်ထဲ ဝင်လာခဲ့သည်။

"မင်္ဂလာပါ မဒမ်။ မင်္ဂလာပါ ဆရာ။ ဘာများ ကူညီပေးရမလဲ" အရောင်းဝန်ထမ်းတစ်ယောက်က သူတို့အား ပြုံးကာ နှုတ်ဆက်သည်။ ဇီယန်သည် ယွမ်ထောင်ပေါင်းများစွာတန်သည့် ဟားမိစ်(Hermes)အမှတ်တံဆိပ် မိကျောင်းလက်ကိုင်အိတ်ကို ကိုင်ထားပြီး နိုင်ငံတကာ နာမည်ကြီးအမှတ်တံဆိပ်အဝတ်အစားများကို ဝတ်ဆင်ထားသည်အား သတိပြုမိသည့်အတွက် သူမ အတော်လေး စိတ်အားထက်သန်နေသည်။

ကျန်းဟန်၏အဝတ်အစားများမှာ အတော်လေးညှံ့ဖျင်းသော်လည်း ၎င်းတို့မှာ တန်ဖိုးကြီးအမှတ်တံဆိပ်များ ဖြစ်နေဆဲပင်။ စီနီယာအရောင်းဝန်ထမ်းတစ်ယောက်အနေဖြင့် သူတို့အား မြင်လိုက်ရသည်နှင့် ချမ်းသာကြွယ်ဝသူများဖြစ်သည်ကို သိလိုက်၏။

"ကြည့်လိုက်ပါဦးမယ်" ဇီယန်က ပြတ်သားစွာ တုံ့ပြန်လိုက်သည်။

"ဟုတ်ကဲ့ပါရှင့်" အရောင်းဝန်ထမ်းက ခေါင်းညိတ်ပြကာ သူတို့နောက်မှ လိုက်သွား၏။

"ဒီအိတ်က ကြည့်ရတာ မဆိုးဘူး" ဇီယန်က သားရေအိတ်ကို ကောက်ယူကာ အကဲခတ်ကြည့်လိုက်သည်။

"မဒမ်ရဲ့အကြိုက်က တကယ်ကို ကောင်းတာပဲ။ ဒါက မာစတာအိုင်လေ ဒီဇိုင်းထုတ်ထားတဲ့ ဗာ့ဆာ့ဂျေ့စ်ရဲ့

နောက်ဆုံးထွက် ခရစ်စတယ်လက်ကိုင်အိတ်ပါ။ ဈေးနှုန်းကတော့ ယွမ် ၇၈၀၀၀ ပါရှင့်"

"ဒါကို ထုပ်လိုက်ပါ" ပြောပြီးသည်နှင့် ဇီယန်သည် အိတ်ကို ချထားခဲ့ကာ အမျိုးသားဝတ်ဘက်ခြမ်းသို့ တိုက်ရိုက်သွားသည်။

"ဟုတ်ကဲပါရှင့် ဟုတ်ကဲ့ပါ" အရောင်းဝန်ထမ်းမှာ ဝမ်းသာအားရဖြင့် စာရင်းတွင် ချရေးလိုက်သည်။

"ဒီတစ်ခုရော။ ဒီတစ်ခု။ ဒီတစ်ခု၊ ဒီတစ်ခုရော။ ကျေးဇူးပြုပြီး သူ့ကိုယ်တိုင်းအတိုင်း ထုပ်ပိုးပေးပါ" ဇီယန်က ဂျာကင်အချို့ကို ညွှန်ပြကာ ပြောသည်။

"ဟုတ်ကဲ့ပါ။ အဝတ်အစားတွေကို အရင်ဆုံး စမ်းဝတ်ကြည့်ချင်လား" အရောင်းဝန်ထမ်းမှာ နှလုံးခုန်မြန်လာပြီး မေးလိုက်သည်။

“ကျေးဇူးပါ မလိုတော့ပါဘူး။ ကျွန်မ အခု ငွေရှင်းကောင်တာကို သွားလိုက်မယ်” ဇီယန်က ပြတ်ပြတ်ပင် ပြန်ပြောသည်။

“ငွေရှင်းကောင်တာကိုသွားမယ်။ ဝယ်မယ်” မုန့်မုန့်သည် ရေခဲမုန့်စားရင်း ဘယ်လက်ကလေးကို မြှောက်ကာ ရွှင်မြူးစွာပြောသည်။

“ဘယ်ဆိုဒ်လဲ ဆရာ” ကောင်တာစားပွဲသို့သွားရင်း အရောင်းဝန်ထမ်းက မေးသည်။

“2XL” ကျန်းဟန်မှာ ရယ်ချင်လာ၏။

ဇီယန်သည် အဝတ်အစားဝယ်သည့်အခါ အလွန်ရိုးရှင်းလေ၏။ သူသည် သူမအား ပို၍ပို၍ သဘောကျလာသည်။

"ဟုတ်ကဲ့ပါ။ အမျိုးသမီးအိတ်နဲ့ အမျိုးသားဝတ်စုံလေးစုံ အားလုံးပေါင်း ယွမ် ၁၅၆၀၀၀ ကျပါတယ်။ ကတ်နဲ့ရှင်းမှာလား ငွေသားနဲ့ရှင်းမှာလားရှင့်"

"ကတ်နဲ့" ဇီယန်သည် ပိုက်ဆံအိတ်ထဲမှ ရွှေရောင် ဘဏ်ကတ်ကို ထုတ်ယူလိုက်သည်။

ကတ်ဖြင့် ငွေရှင်းပြီးနောက် ဇီယန်က ပြောလိုက်သည်။ "မနက်ဖြန် အဝတ်အစားတွေကို လာပို့ပေးပါ"

စတိုးဆိုင်မှ ထွက်လာပြီးနောက် ဇီယန်ဦးဆောင်ကာ အာမန်နီစတိုးဆိုင်ဘက်သို့ သွားကြပြန်သည်။

သူမသည် အနောက်တိုင်းဝတ်စုံ၊ ပေါ့ပေါ့ပါးပါးအဝတ်အစား၊ ရှပ်အင်္ကျီ စုစုပေါင်း ခြောက်စုံ ခုနှစ်စုံခန့် ယွမ် ၂၅၀၀၀၀ ဖိုး ဝယ်ယူခဲ့၏။

ဤအခိုက်အတန့်တွင် ကျန်းဟန်သည် မိန်းကလေးများ ဈေးဝယ်ထွက်သည့်အခါ မည်မျှကြောက်ဖို့ကောင်းသည်ကို နားလည်လာလေ၏။

"ဒီလောက်ဆိုရပါပြီ။ ကိုယ် အဝတ်အစားတွေ အများကြီး မလိုပါဘူး" ကျန်းဟန်က ပြုံးကာ ပြောသည်။

"ရိုလာစကိတ်စီးဖို့ အားကစားဝတ်စုံ ထပ်ဝယ်ရဦးမယ်" ဇီယန်က ပြောလိုက်သည်။ တကယ်တမ်းတွင် ရှော့ပင်းမောလ်သာ ပိတ်တော့မည်မဟုတ်ပါက သူမ မြန်မြန်ဝယ်နေမည်မဟုတ်ချေ။

ပြောပြီးသည်နှင့် ဇီယန်သည် ရှေ့မှဦးဆောင်ကာ လျှောက်သွား၏။

"ဈေးဝယ်ကြမယ်"

မုန့်မုန့်သည် မည်သည့်အဝတ်အစားမျှ မရွေးခဲ့သော်လည်း အလွန်ပျော်ရွှင်နေလေသည်။

အားကစားဝတ်စုံအချို့ ဝယ်ပြီးနောက် ဇီယန်သည် စက်လှေကားပေါ်ရှိ ဆိုင်းဘုတ်ကိုစိုက်ကြည့်ကာ ပြောသည်။

"တတိယထပ်ကို သွားရအောင်။ ရှင် လက်ပတ်နာရီလိုတယ်။ ယောကျ်ားလေးတစ်ယောက်က အပြင်ထွက်ရင် လက်ပတ်နာရီတော့ ပါရမယ်" ဇီယန်သည် ကျန်းဟန်အား စိုက်ကြည့်ကာ စက်လှေကားဆီသို့ ဦးဆောင်လျှောက်သွား၏။

ကျန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်ပြီး မုန့်မုန့်ကို ပွေ့ချီကာ သူမနောက်မှ လိုက်သွားသည်။

မုန့်မုန့်၏အမေဆီက ပစ္စည်းများလက်ခံရသည်ဟု ခံစားမိသည့်အတွက် သူ ဘာမှ ပြန်မပြောခဲ့ချေ။ ၎င်းက သူ၏ရင်ထဲတွင် အလွန်နွေးထွေးသွားစေသည်။

"ကျေးဇူးပြုပြီး ဒီနာရီအကြောင်း ပြောပြပေးပါလား"

Patek Philippe ဆိုင်တွင် ဧယန်သည် အမျိုးသားဝတ်နာရီကို မြင်လိုက်ရသည့်အခါ မျက်လုံးများ တောက်ပလာ၏။

"မဒမ် ဒါက Patek Philippe ရဲ့ 5271P-001 နာရီပါ။ Chronograph စီးရီးထဲက ဖြစ်ပြီးတော့ ဖန်ရှင်တွေတော်တော်များများပါဝင်ပါတယ်။ အလိုအလျောင် လှုပ်ရှားမှု၊ အဝိုင်းပုံသဏ္ဍာန်၊ မိချောင်းသားရေလက်ပတ်၊ အနက်ရောင်ဒိုင်ခွက်နဲ့ ပလက်တီနမ်ကေ့စ်တို့ ပါဝင်တဲ့ အဆင့်မြင့်နာရီပါရှင့်"

အရပ်ရှည်ရှည်နှင့် လှပသည့် အရောင်းဝန်ထမ်းတစ်ဦးက မိတ်ဆက်ပေးသည်။

"ဆိုဒါက ၄၁ မီလီမီတာရှိပြီးတော့ ပုံစံအစုံရပါတယ်။ သူ့မှာ ဖောက်ထွင်းမြင်ရတဲ့ အောက်ခြေနဲ့ ခေါက်လို့ရတဲ့ လော့ကိတ်ပါရှိပါတယ်။ မျက်နှာပြင်ကို နီလာသလင်းကျောက်နဲ့လုပ်ထားပြီး ဘေးဘောင်ကို

ပလက်တီနမ်နဲ့လုပ်ထားပါတယ်။ နာရီလက်ခံတွေကတော့ မိုးမခရွက်ပုံစံမျိုးပါ။ ဒါက ဒီကဆရာနဲ့ အရမ်းလိုက်ဖက်ပါတယ်ရှင်”

“ကိုယ်က နာရီသိပ်မပတ်...” ကျန်းဟန်က ဇီယန်အားကြည့်ကာ ပြောသည်။

သူသည် ပတ်သည့်နာရီအား သိပ်ဂရုမစိုက်ချေ။ အဝတ်အစားမှာ သန့်ရှင်းသပ်ရပ်ပြီး ပေါ့ပေါ့ပါးပါးရှိနေလျှင် သူကျေနပ်ပြီဖြစ်သည်။ ထို့ပြင် နာရီနှင့် ခါးပတ်တို့ကိုလည်း ဂရုမစိုက်ချေ။ နောက်ဆုံးတွင်တော့ သူ၏အမြင်မှာ ဤအဆင့်ထက် ကျော်လွန်နေပေပြီ။

“ဒါကို ဝယ်မယ်”

ကျန်းဟန်၏စကားမဆုံးခင်မှာပင် ဇီယန်က တန်း၍ ပြောလိုက်သည်။

မုန့်မုန့်၏အဖေဖြစ်နေသည့်အတွက် ကောင်းကောင်းဝတ်စားရန် လိုအပ်ပေသည်။

သို့သော် ငွေရှင်းတာတွင် ယွမ် ၁.၉၆ သန်း ကုန်ကျကြောင်း သိလိုက်ရသည့်အခါ သူမ၏နှုတ်ခမ်းရဲရဲလေးများမှာ အနည်းငယ်ဖိကိုက်လိုက်၏။

သူမသည် နှစ်အတော်ကြာအောင် ကြီးကြီးမားမားမသုံးဖြုန်းခဲ့ချေ။

"ရှင့်လက်မှာ ပတ်ပြပါဦး။ ကျွန်မကြည့်ဦးမယ်" ဇီယန်သည် လက်ထဲကနာရီအား ကျန်းဟန်ကို ပေးရင်း ပြောသည်။

ကျန်းဟန်သည် နာခံစွာဖြင့် နာရီအား ပတ်လိုက်၏။ နာရီအား ကူပတ်ပေးပြီးနောက် ဇီယန် ကျေနပ်စွာ ပြုံးလိုက်သည်။

"အရမ်း ကြည့်ကောင်းတယ်"

လူကြီးလူကောင်းတစ်ယောက်သည် သင့်တင့်လျောက်ပတ်သည့် အဝတ်အစား၊ နာရီ၊ ခါးပတ်၊ လယ်သာရှူးဖိနပ်များကို ဝတ်ဆင်ရမည်ဖြစ်သည်။

“ကျေးဇူးတင်ပါတယ်”

ကျန်းဟန်က ဇီယန်အား အဓိပ္ပာယ်ပါပါ ကြည့်ကာ ပြောလိုက်သည်။

တကယ်တမ်းတွင် သူပြောချင်သည့်စကားမှာ…

ကိုယ့်ကို အိမ်တစ်လုံး(မိသားစုတစ်ခု)ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်…ဟူ၍ပင်။

…

-အပိုင်း(၂၅၃) ပြီး

wunzinnosp

## အပိုင်း(၂၅၄) ကျွန်မပြောတာကို သဘောမတူဘူးလို့ ရှင်အကြံမပြုသင့်ဘူး

“ဟမ့် ဒါက ရှင်ကျွန်ကို ပထမဆုံးအကြိမ် ကျေးဇူးတင်တာပဲ။ သခင်လေးကျန်းက ဒီလောက်လွယ်လွယ် စိတ်ကျေနပ်လိမ့်မယ်လို့ ကျွန်မ မမျှော်လင့်ထားဘူး” ဇီယန်က ရှားရှားပါးပါး ကျီစယ်စနောက်သည့်လေသံဖြင့် ပြောသည်။

“ဟားဟား…ကိုယ့်ကို သခင်လေးကျန်းလို့ မခေါ်ပါနဲ့။ အဲဒီအချိန်တုန်းက ကိုယ်က ငယ်သေးတော့ ဘာမှမသိတတ်ဘူးလေ” ကျန်းဟန်က ရယ်မောကာ ဇီယန်အနားသို့ တိုးကပ်၍ တိုးတိုးလေး ပြောသည်။

“တစ်ယောက်ယောက်က ကိုယ့်ကို အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုလာပေးရင် ကိုယ်မျက်တောင်တစ်ချက်မခတ်ဘဲနေနိုင်ပေမယ့် မင်းပေးတဲ့လက်ဆောင်တွေကိုတော့ ကိုယ် သဘောကျတယ်။

ဘာပစ္စည်းကိုလက်ဆောင်ပေးတယ်ဆိုတာထက် အဲဒါကို ဘယ်သူကပေးတယ်ဆိုတာက ပိုအရေးကြီးတယ်”

သူ၏စကားကို ကြားသည့်အခါ ဇီယန်၏မျက်နှာမှာ ရုတ်တရက် နီရဲသွား၏။ မီတာအနည်းငယ်အကွာတွင် ရပ်နေသော အရောင်းဝန်ထမ်းမလေး၏အပြုံးကို မျက်လုံးထောင့်မှ မြင်လိုက်ရသည့်အခါ ရက်ရွံ့သွားသည်။ သူမ ကျန်းဟန်၏အင်္ကျီလက်အား ဆွဲကာ လျှောက်ထွက်လာရင်း ပြောလိုက်သည်။

“ကောင်းပြီ ကောင်းပြီ။ အပေါ်ထက်သွားရအောင်။ ခဏနေရင် ရှော့ပင်းမောလ်က ပိတ်တော့မယ်”

“သွားကြတာပေါ့” ကျန်းဟန် ပြုံးလိုက်သည်။ သူ၏လက်က လှုပ်ရှားသွားလေပြီး ဇီယန်၏နူးညံ့သည့်လက်ကလေးအား သူ၏လက်ဖဝါးထဲတွင် ဆုပ်ကိုင်ထားလိုက်လေသည်။

“ရှင်…”

ဇီယန် သူမလက်အား ပြန်ဆွဲယူရန် ကြိုးစားသော်လည်း မအောင်မြင်သည့်အတွက် သူ့အား ကိုင်ခွင့်ပြုထားလိုက်ရသည်။

ဇီယန်သည် စကားသိပ်မပြောတော့ဘဲ တိတ်ဆိတ်သွား၏။ သူတို့သည် အလွန်မိန်းမဆန်သည့် ဇနီးသည်နှင့် လိုက်ဖက်လှည့် ခင်ပွန်းတို့ကဲ့သို့ပင်။

၁၀ နာရီ ခွဲခန့်တွင် ကုန်တိုက်မှာ ပိတ်ရန်အဆင်သင့်ဖြစ်နေပြီဖြစ်၍ သူတို့ ပြန်ထွက်လာကြသည်။ သို့သော် ကုန်တိုက်၏ရှေ့ရင်ပြင်တွင် လမ်းလျှောက်နေသူအများအပြား ရှိသေးလေ၏။

“ကိုယ်တို့ ခဏလောက် သွားထိုင်ကြမလား” ကျန်းဟန်က နှုတ်ခမ်းဖြင့် အမူအရာပြရင်း ဇီယန်အား ခုံတန်းဆီသို့ လှမ်းကြည့်ရန် အချက်ပြသည်။

သူသည် သူမ၏လက်အား မလွှတ်ချင်သည့်အတွက် လက်ဖြင့် မပြချေ။

"အင်း" ဇီယန် ခေါင်းကို အသာလေးညိတ်ပြလိုက်၏။

ကျန်းဟန်နှင့် ဇီယန်သည် ခုံတန်းရှည်ပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် အလွန်နီးကပ်စွာ ထိုင်နေသည့်အတွက် အခြားသူများအမြင်တွင် သူတို့အား အလွန်ချစ်ခင်စုံမက်ကြသည့်စုံတွဲဟု ထင်ကြလေသည်။

မင်းသမီးလေးမုန့်မုန့်သည်ကား ဖေဖေနှင့် မေမေတို့နှင့် အတူတူလိုက်ပါခွင့်ရသည့်အတွက် အလွန်ပျော်ရွှင်ကြည်နူးနေမိသည်။

တစ်စုံတစ်ခုအား ဆုံးရှုံးဖူးမှသာ လူတစ်ယောက်သည် ၎င်းအား မြတ်နိုးတတ်လာသည်ဟု ဆိုကြ၏။

မုန့်မုန့်သည် ကျန်းဟန်အား မဆုံးရှုံးခဲ့ရသော်လည်း သူ့အား တစ်ခါမှ မတွေ့ခဲ့ရချေ။ ထို့ကြောင့် မုန့်မုန့်သည် မသိစိတ်က ဖေဖေ့အား အလွန်မြတ်နိုးတွယ်တာကာ တွယ်ကပ်နေခဲ့လေသည်။

ဇီယန်နှင့် ရင်ပြင်မှာ ရှိနေစဉ်ပင် မင်းသမီးလေးသည် ကျန်းဟန်၏ရင်ခွင်ထဲတွင်သာ နေနေဆဲဖြစ်၏။

သူမသည် သီချင်းလေးတစ်ပုဒ်အား ပျော်ရွှင်စွာ ညည်းနေတတ်ကာ လက်ကလေးနှစ်ဖက်နှင့် ခေါင်းလေးကို ခါယမ်းရင်း သီချင်းဆိုနေသည်။

“Oh…Let it go. Let it go. Can’t hold anymore…un..la la la. La la la la…”

မုန့်မုန့်သည် သီချင်းဆိုနေရင်းဖြင့် အဝေးမှ ချားရဟတ်၏ဝိုးတဝါးပုံရိပ်ကို ရုတ်တရက် တွေ့လိုက်ရသည်။ အလွန်စိတ်ဝင်စားစရာကောင်းသော သမုဒ္ဒရာပန်းခြံသည် ဤနေရာတွင် ရှိနေကြောင်း သိလိုက်ပြီး သူမသည် ရုတ်တရက် တစ်စုံတစ်ရာအား သတိရသွား၏။ ထို့ကြောင့် သီချင်းဆိုနေသည်ကို ရပ်တန့်လိုက်ပြီး ကျန်းဟန်အား မော့ကြည့်ကာ နှုတ်ခမ်းလေးစူ၍ ပြောသည်။

"ဖေဖေ မေမေပြန်လာရင် တာဟေးဟေးနဲ့ ရှောင်ဟေးဟေးကို အပန်းဖြေဥယျာဉ်လိုက်ပို့ပေးမယ်လို့ ကတိပေးထားတယ်မဟုတ်လား"

"ဟုတ်တယ်။ ဖေဖေ သေချာစီစဉ်ပြီးရင် အဲဒီကို သွားကြမယ်လေ" ကျန်းဟန်က ပြုံးကာ မုန့်မုန့်၏ခေါင်းလေးအား ညင်သာစွာ ပုတ်လိုက်သည်။

"ကောင်းတယ်။ အပန်းဖြေဥယျာဉ်ကို သွားကြမယ်" မုန့်မုန့်သည် အလွန်ရွှင်မြူးသွားလေ၏။

"နေဦး..."

ဇီယန်က ရုတ်တရက် ပြောလိုက်သည်။ သူမက ကျန်းဟန်အား ထူးဆန်းသည့်အကြည့်ဖြင့် ပြောသည်။ "ရှင်အပန်းဖြေဥယျာဉ်သွားတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ဘာလို့ တာဟေးနဲ့ ရှောင်ဟေးကို ခေါ်သွားရတာလဲ"

"ဟေး မေမေက အရမ်းအတာပဲ။ တာဟေးဟေးနဲ့ ရှောင်ဟေးဟေး အတူတူအပန်းဖြေဥယျာဉ်သွားပြီးတော့ သူတို့လည်း ချားရထားစီးပြီး ကစားစရာတွေအများကြီး ဆော့လို့ရတယ်လေ" မုန့်မုန့်က အလေးအနက် ပြန်ဖြေသည်။

သူမ၏စကားကို ကြားပြီးနောက် ဇီယန်သည် ကျန်းဟန်အား ဒေါသတကြီး စိုက်ကြည့်ကာ "ဘာလို့ အကုန်လုံးကို သဘောတူပေးနေတာလဲ"

"သူမဆန္ဒရှိတယ်ဆိုရင် လုပ်ခွင့်ပေးလိုက်ပါ"

"မဖြစ်ဘူး" ဇီယန်က ခေါင်းယမ်းလိုက်ပြီး နားချသည့်လေသံဖြင့် မုန့်မုန့်အား ကြည့်ကာ ပြောသည်။ "မုန့်မုန့် ဆန်ဒီယေဂိုမှာတုန်းက မေမေပြောခဲ့တာကို မှတ်မိလား"

"ဘာကိုလဲ" မုန့်မုန့်သည် အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။ သူလေးသည်

မေမေ၏ပြင်းဆန်လိုဟန်ရပုံကို ဝိုးတဝါးခံစားမိသဖြင့် နှုတ်ခမ်းစူရတော့သည်။

“စည်းကမ်းရဲ့အဓိပ္ပာယ်ကို မေမေပြောထားတယ်လေ။ စံချိန်စံညွှန်းတွေမပါဘဲနဲ့ ဘယ်အရာကိုမှ ပြီးမြောက်နိုင်မှမဟုတ်ဘူး။ ဆိုလိုတာက သမီးသွားတဲ့နေရာတိုင်းက စည်းကမ်းတွေကို လိုက်နာရမယ်။ သမီးက ယဉ်ကျေးသိမ်မွေ့တဲ့ကလေးဖြစ်မှ လူတွေက သမီးကို တကယ်ချစ်ကြမှာပေါ့။ အပန်းဖြေဥယျာဉ်က အိမ်မွေးတိရစ္ဆာန်တွေကို ခွင့်မပြုထားတဲ့အတွက် တာဟေးနဲ့ ရှောင်ဟေးက သွားလို့ရမှာ မဟုတ်ဘူး။ သမီးဖေဖေက သဘောတူရင်တောင် ဝန်ထမ်းတွေက လက်ခံမှာ မဟုတ်ဘူးလေ” ဇီယန်က မုန့်မုန့်အား အလေးအနက်ပြောသည်။

“အမ်” မုန့်မုန့်မှာ မေမေ၏ဆိုလိုရင်းကို နားလည်ပြီး နှုတ်ခမ်းလေးကိုစူကာ ခေါင်းငုံ့၍ ဝမ်းနည်းပန်းနည်းပြောသည်။

“ဒါပေမယ့် ရှောင်ပောပောနဲ့ တာပောပောကို မေမေပြန်လာရင် သွားမယ်လို့ ကတိပေးထားတာ။ သူတို့ မသွားရဘူးဆိုရင် ဝမ်းနည်းနေတော့မှာ…”

ပြောနေရင်းဖြင့် မုန့်မုန့်၏မျက်လုံးများမှာ မျက်ရည်များ စီးကျလာလေသည်။

“အိုး”

ကျန်းဟန်သည် သူမ၏မျက်လုံးများမှာ မျက်ရည်များ စီးကျနေသည်ကို မြင်သည့်အခါ ထိတ်လန့်သွားသည်။ ထို့ကြောင့် သူက အလျင်စလို ပြောလိုက်သည်။

“သွားရမှာပေါ့။ သူတို့ သွားလို့မရဘူးလို့ ဘယ်သူပြောလဲ။ မုန့်မုန့် ဖေဖေက သမီးကိုကတိပေးထားပြီဆိုမှတော့ သူတို့က သမီးနဲ့အတူတူလိုက်နိုင်မှာ သေချာတာပေါ့”

"တကယ်လား" မုန့်မုန့်မှာ မျက်ရည်မကျတော့သော်လည်း သူမ၏မျက်လုံးလေးများက မျက်ရည်စများဖြင့် တလက်လက်တောက်နေကာ သနားစဖွယ်လေးဖြစ်နေ၏။

ကျန်းဟန်သည် မုန့်မုန့်အား မည်သည့်အခါမှ မငြင်းဆန်ခဲ့ချေ။ မုန့်မုန့်၏စကားကို ကြားသည့်အခါ ခေါင်းညိတ်၍ အခိုင်အမာပြောသည်။ "ဒါပေါ့။ သူတို့သွားလို့ရတယ်။ ဖေဖေက ပြောပြီးသားစကားကို ဘယ်တော့မှ မဖျက်ဘူး"

"ဖေဖေက အကောင်းဆုံးပဲ" မုန့်မုန့်သည် နှုတ်ခမ်းလေးကိုစူလိုက်ပြီး ကျန်းဟန်၏ပါးပြင်အား အကြိမ်အနည်းငယ် နမ်းလိုက်လေသည်. "မွ မွ မွ ဖေဖေ့ကို အရမ်းချစ်တယ်"

ဤမြင်ကွင်းက ဇီယန်အား လုံးဝ အံ့အားသင့်သွားစေခဲ့သည်။

သူဘာကို ဆိုလိုတာလဲ။

ငါက လူဆိုးမကြီးလား။

သူတို့သားအဖက စိတ်တူကိုယ်တူတွေပဲ။ ငါကျတော့ရော။ ဟွန့် အရှုံးကောင်။

ဇီယန်သည် ဒေါသထွက်သွားပြီး သူမ၏နူးညံ့သည့်လက်ကလေးများဖြင့် ကျန်းဟန်၏ခါးကို လှမ်းဆွဲလိုက်သည်။

"အာ့" ကျန်းဟန်မှာ နာကျင်သည့်ဟန် မျက်နှာကို ရှုံ့မဲ့ဟန်ဆောင်လိုက်သည်။

"ရှင် ကျွန်မပြောတာကို သဘောမတူလို့ အကြံမပြုသင့်ဘူး" ဇီယန်က သူ့အား ထပ်၍ လိမ်ဆွဲလိုက်သည်။

"အမ်...မေမေ ဖေဖေ့ကို အနိုင်မကျင့်နဲ့" မုန့်မုန့်သည် စိုးရိမ်သည့် လေသံဖြင့် ပြောသည်။

"အကောင်းအဆိုးမသိကလေး" ဇီယန်က နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပြောလိုက်သည်။ "ညည်းရဲ့ဖေဖေက အကောင်းဆုံးပဲဟုတ်လား။ ငါသဘောမတူရင် နင်တို့သားအဖ ဘယ်မှ မသွားရဘူး"

"အမ်" မုန့်မုန့်မှာ အေးခဲသွားသည်။ သူမ၏မေမေက ဘာကိုဆိုလိုသည်ကို နားမလည်ချေ။

သူမ၏စကားကို ကြားသည့်အခါ ကျန်းဟန်က မုန့်မုန့်အား ကြည့်၍ ပြုံးကာ ပြောသည်။ "မြန်မြန်သွား။ သမီးမေမေကို သွားချော့လိုက်ဦး။ အဲဒါဆို တာဟေးနဲ့ ရှောင်ဟေးကို အပန်းဖြေဥယျာဉ်ခေါ်သွားဖို့ သူမကို ခွင့်ပြုလိမ့်မယ်"

"တကယ်လား" မုန့်မုန့်၏မျက်လုံးများ တောက်ပလာပြီး ကျန်းဟန်၏ရင်ခွင်ထဲမှ ဇီယန်၏ရင်ခွင်ထဲသို့ အမြန် တိုးဝင်သွားလေသည်။

"မွ မွ မွ မေမေက အကောင်းဆုံးပဲ။ မေမေက အလှဆုံး။ မွ မွ မေမေ ကျေးဇူးပြုပြီးတော့ ရှောင်ဟေးဟေးနဲ့

တာဟေးဟေးကို သမီးတို့နဲ့ လိုက်ခွင့်ပြုပါနော် မေမေနော် မွ မွ”

မုန့်မုန့်၏အဆက်မပြတ်တောင်းဆိုမှုများကို ရင်ဆိုပြီးနောက် ဇီယန်သည် နောက်ဆုံးတွင် ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီ။ မေမေ သဘောတူတယ်။ ဒါပေမယ့် အဲဒီအရှုးအပေါ်မှာ မူတည်တယ်”

ပြောနေရင်းဖြင့် ဇီယန်သည် ကျန်းဟန်အား မျက်စောင်းထိုးလိုက်၏။ သို့သော်လည်း သူမသည် ဤအခိုက်တွင် အနည်းငယ် ကျေးဇူးတင်နေမိသည်။

ကံကောင်းလို့ ငါပြန်လာပြီးတော့ ဒီကိုပြောင်းလာမိလို့တာပဲ။ မဟုတ်ရင် မုန့်မုန့်က အလိုလိုက်လွန်းတဲ့ သူ့အဖေကြောင့် ပျက်ဆီးသွားတော့မယ်။

အားလုံးက မုန့်မုန့်ကို ဒီလိုအဓိပ္ပာယ်မရှိတာ ခွင့်ပြုပေးတဲ့သူ့အပြစ်ပဲ။

အခု ငါဒီမှာရှိနေပြီဆိုတော့ အနာဂတ်မှာ သူမကို ကောင်းကောင်းစောင့်ရှောက်ရမယ်။

သို့သော်လည်း သူမသည် တစ်ချိန်တည်း မလွှဲသာမရှောင်သာ သက်ပြင်းချလိုက်မိ၏။ ကျန်းဟန်ထံ ရောက်လာစဉ်က မုန့်မုန့် သူ့အား အလွန်တွယ်ကပ်နေရသည့်အကြောင်းအရင်းမှာ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တလာခြင်းနှင့် သွေးက ရေထက်ပို၍ ပြစ်ခြင်းကြောင့်ပင်။ ကျန်းဟန်အနေဖြင့် မုန့်မုန့်အား အလိုလိုက်ရသည့်အကြောင်းပြချက်မှာလည်း အတူတူပင်။

ကျန်းဟန်သည် မုန့်မုန့်အား အလွန်ချစ်မြတ်နိုးသဖြင့် သူမ အလွန်ကေနပ်ပေသည်။ မုန့်မုန့်အတွက်လည်း ဤကဲ့သို့ ဖခင်ရှိသည့်အတွက် အလွန်ပျော်ရွှင်ရပေလိမ့်မည်။

ဇီယန်၏စကားကို ကြားပြီးနောက် ကျန်းဟန်က ခေါင်းယမ်းကာ ပြုံး၍ ပြောသည်။

"စည်းကမ်းဆိုတာ ဖောက်ဖျက်ဖို့လုပ်ထားတာပဲ"

ဤကမ္ဘာသည် စည်းမျဉ်းမရှိသည့် ကျင့်ကြံခြင်းကမ္ဘာများနှင့်မတူဘဲ ကမ္ဘာကြီးအား ငြိမ်းချမ်းစေမည့် စည်းမျဉ်းဥပဒေများ ရှိလေသည်။ ကျင့်ကြံခြင်းကမ္ဘာတွင် ခွန်အားကြီးသောသူတို့သည် ထိပ်ဆုံးအားဏာကို အုပ်စိုးထားပြီး အခြားသူများမှာ အမြဲတစေ အန္တရာယ်ကြုံရနိုင်သည်။

သို့သော် သာမန်လူများပင် ဆယ်စုနှစ်အနည်းငယ်သာ အသက်ရှင်နေထိုင်နိုင်သည့်အတွက် စည်းမျဉ်းများမှာ ထာဝရမဟုတ်ချေ။

ပြတ်ပြတ်သားသားပြောရလျှင် သာမန်လူများမှာ ရေတွင်းအောက်ခြေမှ ကောင်းကင်ကို

မျှော်ကြည့်နေကြသော်လည်း ကျင့်ကြံသူများမှာတော့ ရေတွင်း၏အပြင်ဘက်ရှိ ရှုခင်းများကို ကြည့်ရှုကြသည်။

ကျင့်ကြံသူဆိုသည်မှာ အဘယ်နည်း။

တောင်ထိပ်ပေါ်မှနေ၍ ကမ္ဘာကြီးအား လှမ်းကြည့်နေသူမှာ ကျင့်ကြံသူပင်။

၎င်းက အနုပညာဆန်သည့် အယူအဆတစ်ခုလည်း ဖြစ်သည်။ သို့သော် ကျန်းဟန်သည် သူ၏ဆန္ဒအတိုင်း မိသားစုနှင့်အတူ လောကကို လှည့်လည်ကာ အင်မော်တယ်ကျင့်ကြံသူဖြစ်လာမည်ကို သိရှိထားလေသည်။

သို့ပေသိ ကျန်းဟန်၏ ခံစားချက်မဲ့သည့် စကားလုံးများကို ကြားလိုက်ရသည့်အခါ ဇီယန် သူ့အား မျက်စောင်းထိုးလိုက်သည်။

“ရှင်ဘာတွေပြောနေတာလဲ” ဇီယန် သူ့အား အကြိမ်အနည်းငယ် စိုက်ကြည့်လိုက်သည်။

သို့သော် ကျန်းဟန်က ပြုံးကာ ခေါင်းယမ်းလိုက်ပြီး သိပ်မကြာခင် သူမနားလည်လာမည်ဖြစ်၍ ဘာမှပြန်မပြောနေတော့ချေ။

မုန့်မုန့်သည်တော့ ဇီယန်၏ရင်ခွင်ထဲတွင် မှီတွယ်နေရင်း ပြန်လည်ပျော်ရွှင်လာပြီး သီချင်းပင် ပြန်ဆိုလာလေသည်။

မုန့်မုန့်၏ချစ်စဖွယ်အသွင်လေးက လမ်းသွားလမ်းလာများအား မကြာခဏစွဲဆောင်နေခဲ့သည်။

"ချစ်ဖို့ကောင်းလိုက်တဲ့ကလေးလေး"

လမ်းသွားလမ်းလာထဲမှ အသက်နှစ်ဆယ်ကျော် မိန်းကလေးနှစ်ဦးသည် မျက်လုံးများ တောက်ပသွားကြ၏။ သူတို့ထဲမှ ပိုနီတေးနှင့်ကောင်မလေးက မျက်လုံးထဲတွင် ချစ်ခင်မှုများအပြည့်ဖြင့် အနားရောက်လာလေသည်။ သူမသည် လက်ထဲရှိ မိုးပျံပူပေါင်းအား မုန့်မုန့်အား ပေးကာ ပြုံးပြုံးလေးပြောလိုက်သည်။

“ချစ်စရာကောင်းတဲ့ကောင်မလေး။ မမက မင်းကို လက်ဆောင်သေးသေးလေး ပေးချင်တယ်”

“အာ…” မုန့်မုန့်မှာ ရှက်သွားသည်။ သူမသည် မေမေ၏ရင်ခွင်ထဲတွင် ပုန်းကွယ်နေပြီး သူမရှေ့က အမျိုးသမီးအား တိတ်တဆိတ်ကြည့်နေ၏။

“မယူတော့ပါဘူး ကျေးဇူးပါ” ဇီယန်က အမျိုးသမီးအား ညင်သာစွာ ခေါင်းညိတ်ပြသည်။

“ကိစ္စမရှိပါဘူး။ မင်းရဲ့သမီးက အရမ်းချစ်စရာကောင်းတယ်။ သူမက ကျွန်မတွေ့ဖူးသမျှမိန်းကလေးတွေမှ အလှဆုံးနဲ့ ကျက်သရေအရှိဆုံးပြ။ ဒီပူဖောင်းက သူမအတွက်ပါ” အမျိုးသမီးက ပြုံးကာ ပြောသည်။

ဤတစ်ကြိမ်တွင်တော့ ဇီယန်မငြင်းတော့ချေ။ သူမက မိုးပျံပူဖောင်းကြိုးအား လက်ခံလိုက်ပြီး မုန့်မုန့်ကို ကြည့်ကာ

ပြောလိုက်သည်။ “မုန့်မုန့် ဒီလိုအချိန်မျိုးမှာ သမီးဘာပြန်ပြောရမလဲ”

“ကျေးဇူးတင်ပါတယ် အစ်မကြီး” မုန့်မုန့်က ရှက်ရွံ့စွာပြောသည်။

“မင်းက အရမ်းချစ်ဖို့ကောင်းတာပဲ။ ဘိုင့်ဘိုင် ကလေးလေး”

“ဘိုင့်ဘိုင်” မုန့်မုန့်က ညာလက်ကို ဝှေ့ယမ်းပြကာ ပြန်၍နှုတ်ဆက်သည်။

မိန်းမလှလေးနှစ်ယောက်မှာ ခေါင်းယမ်းကာ ရယ်မောလိုက်ကြ၏။ ဈေးဝယ်ထွက်ရင်းဖြင့် ဤသို့ချစ်စရာကောင်းသည့် ကလေးမလေးအား တွေ့နိုင်လိမ့်မည်ဟု သူမတို့နှစ်ယောက်လုံး မမျှော်လင့်ထားကြချေ။

ဇီယန်သည် အစောပိုင်းကအဖြစ်အပျက်အား ကြုံနေကျဖြစ်လေသည်။ သူမတို့ ဆန်ဒီယေဂိုတွင် ရှိစဉ်ကလည်း မုန့်မုန့်အပြင်သွားသည့်အချိန်တိုင်း လက်ဆောင်ပေးရန်လာသည့် လူများအား စွဲဆောင်နိုင်ခဲ့လေသည်။

“မိုးပျံပူဖောင်း” မုန့်မုန့်သည် ဇီယန်၏ထံမှ မိုးပျံပူဖောင်းကို ရှိပြီးနောက် ပျော်ရွှင်စွာ ကစားလေသည်။

ကျန်းဟန်သည် ည ၁၁ နာရီတွင် မုန့်မုန့်အား ချီကာ စားသောက်ဆိုင်သို့ အတူတူပြန်ခဲ့ကြ၏။

မုန့်မုန့်အား အရင်သိပ်ရန် သူသည် ဒုတိယထပ်ရှိ ဇီယန်၏အိပ်ရာတွင် အရင်လှဲနေခဲ့ပြီး မုန့်မုန့်အိပ်ပျော်သွားသည့်အခါ ကုတင်လေးပေါ် ရွှေ့လိုက်သည်။ ထိုနောက် ဇီယန်အား နှုတ်ဆက်ကာ သူ၏အိပ်ခန်းဆီသို့ ပြန်သွားခဲ့၏။

ကျန်းဟန်သည် အဝတ်အစားများအားချွတ်လိုက်ပြီးနောက် ကုတင်ပေါ် လှဲအိပ်လိုက်၏။ ထိုနောက် လက်ပတ်နာရီကို ချွတ်ကာ တစ်ချက်ကြည့်လိုက်ပြီး သူ၏မျက်နှာတွင် ပျော်ရွှင်သည့်အမူအရာတစ်ခုပေါ်လာလေသည်။

နာရီကို ကုတင်ဘေးစားပွဲပေါ်တွင် တင်လိုက်ပြီးနောက် ကျန်းဟန်သည် တဖြည်းဖြည်း အိပ်ပျော်သွား၏။

ညသည် တိတ်ဆိတ်စွာဖြင့် ကုန်လွန်သွားခဲ့သည်။

နောက်တစ်နေ့တွင် မနက်စာစားပြီးနောက် ဇီယန်သည် ကုမ္ပဏီသို့ အလုပ်ပြန်ဝင်၏။

သူမရောက်လာသည်နှင့် တစ်ချိန်လုံး သူမှင့်ဆန့်ကျင့်နေသော ရှုလောယွီအား တွေ့လေသည်။

“ရို့...ဇီယန် ပြန်လာပြီပေါ့။ ဟားဟားဟား...ဒါရိုက်တာဖူကို ဆိုးဆိုးရွားရွားရိုက်ဖို့ နင်

လူတစ်ယောက်ကို ခိုင်းခဲ့တယ်လို့ ငါကြားတယ်။ သူ့ဒွေးဝူက အစည်းအဝေးမှာ နင့်အကြောင်းထည့်ပြောခဲ့တာ။ ဟုတ်သားပဲ။ အစက နင် ဖျောဖြေရေးနယ်ပယ်ကို ပြန်ဝင်ဖို့အတွက် အခွင့်အရေးရှိခဲ့ပေမယ့် အထုတ်ခံရဖို့ အန္တရာယ်ရှိနေပြီပဲ”

…

-အပိုင်း(၂၅၄) ပြီး

wunzinnosp

## အပိုင်း(၂၅၅) စွန်းမင် အကောင်းမြင်လာပြီ

ဇီယန်သည် ဘာမှမပြောဘဲ ရှုလောယွီအား စိုက်ကြည့်ကာ သူမ၏ရုံးခန်းထဲသို့ တိုက်ရိုက်ဝင်သွားသည်။

“သူမက တကယ်ကိုဟာသပဲ”

ကျိုးဖေးသည် တံခါးဝတွင် သူမနှင့် ငြင်းခုန်မနေချင်ပေ။ ထို့ကြောင့် သူမသည် ဇီယန်၏နောက်မှလိုက်သွားလေသည်။

"နင်" ရှုလောယွီမှာ ဒေါသထွက်လာပြီး သူတို့အားကြည့်၍ ခြေထောက်ကိုဆောင့်ကာ ရေရွတ်လိုက်သည်။ "ဒုက္ခရောက်နေတာတောင် နင်က ဘာလို့မောက်မာနေသေးတာလဲ ဟမ့်"

ရုံးခန်းသို့ သွားသည့်လမ်းတစ်လျှောက်တွင် လူတိုင်းသည် ဇီယန်အား ထူးဆန်းသည့်ပုံစံဖြင့် ကြည့်နေခဲ့ကြသည်။ ဘေးနားတွင် လူစုစု စုစုဖြင့် တီးတိုးပြောနေကြပြီး သူတို့၏အမူအရာများက သူတို့ဘာတွေးနေသည်ကို ပြသနေသည်။

"အစ်မယန့်"

ရုံးခန်းထဲသို့ ဝင်ပြီးနောက် ကျိုးဖေးက ပြောသည်။ "ဒါရိုက်တာဖူနဲ့ ပတ်သက်ပြီး ကိုင်တွယ်ရတာ ခက်ကောင်း

ခက်လိမ့်မယ်။ အသေးစိတ်ကို မိန်ချီကို မေးရင်ရော ဘယ်လိုလဲ"

ခဏလောက်စဉ်းစားပြီးမှ ဇီယန်က ပြောသည်။ "ငါတစ်ယောက်တည်းသွားမယ်"

"အင်း ငါဒီမှာ စောင့်နေမယ်" ကျိုးဖေးက ဆိုဖာပေါ်တွင် ထိုင်ကာ ပြောသည်။ ဇီယန် အခန်းထဲမှ ထွက်ခါနီးတွင် သူမက နှုတ်ခမ်းကို တင်းတင်းစေ့ကာ လှမ်းပြောလိုက်သည်။ "အစ်မယန် နင့်အကြောင်း မကောင်းပြောတဲ့လူတွေကို စိတ်ထဲထားမနေနဲ့။ ခဲအိုက နင့်နောက်မှာ အမြဲရှိတယ်ဆိုတာ နင်သိပါတယ်။ နင်သာ လိုချင်တယ်ဆိုရင် နင်က သူဌေးဖြစ်နိုင်တာပဲ"

ဇီယန်သည် တံခါးကိုဖွင့်ကာ ကျိုးဖေးအား မျက်စောင်းထိုးကာ အပြုံးလေးဖြင့် ရုံးခန်းထဲမှ ထွက်လာသည်။

ကျိုးဖေးပြောသည့်စကားမှာ အနည်းငယ် ကျိုးကြောင်းဆီလျော်၏။ တစ်ချိန်လုံး အားကိုးရာမဲ့နေခဲ့သည့်

ဇီယန်သည် ယခင်က ပြန်လာရန် မဖြစ်နိုင်သော်လည်း ယခုတော့ သူမအား ကယ်တင်ပေးမည့် ကျန်းဟန်အား အားကိုးနိုင်နေပြီဖြစ်သည်။

ဇီယန် မိန်ချီ၏ရုံးခန်းသို့ ရောက်သည့်အခါ တံခါးခေါက်လိုက်၏။

“ဝင်ခဲ့ပါ”

“ဇီယန် လာ ထိုင်ပါ”

ဇီယန်အား တွေ့သည့်အခါ မိန်ချီက ခေါင်းညိတ်ပြကာ ပြုံး၍ ထိုင်ခိုင်းသည်။

ဇီယန်သည် စားပွဲကိုမျက်နှာချင်းဆိုင်၍ ဝင်ထိုင်လိုက်ပြီး တိုက်ရိုက်ပြောလိုက်၏။

“အစ်မမိန်။ သူဌေးဝူနဲ့ ဒါရိုက်တာဖူက အခု ဘာတွေဖြစ်နေတာလဲ မေးချင်လို့”

"အခြေအနေတော့ မကောင်းဘူး" မိန်ချီက စားပွဲပေါ်ရှိ ဖိုင်တွဲများကို စီကာ ဘေးတွင် ချထားလိုက်သည်။ ဇီယန်ကို ကြည့်ကာ သက်ပြင်းချလိုက်ပြီး သူမ ပြောသည်။

"ဒါရိုက်တာဖူ မနေ့ကမနက်က ကုမ္ပဏီကို ပြန်ရောက်တယ်။ သူ ဒဏ်ရာအပြင်းအထန်ရထားပြီးတော့ မျက်နှာက ဖူးယောင်နေတာ။ သူက နင့်ကို အရမ်းဒေါသထွက်နေတယ်။ နေ့လယ်ခင်း အစည်းအဝေးမှာ သူဌေးဝူက ဒီကိစ္စကို အထူးတလည် ပြောခဲ့ပြီးတယ်လေ။ ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်က ဒါရိုက်တာကို ရိုက်နှက်ဖို့ တစ်ယောက်ယောက်ကို ခိုင်းတယ်ဆိုတာ ဒါက ပထမဆုံးအကြိမ်ပဲ မဟုတ်လား"

"ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ" ဇီယန်၏မျက်လုံးများမှာ အနည်းငယ် မှိတ်တုတ်မှိတ်တုတ်ဖြစ်သွားသော်လည်း သူမက တည်ငြိမ်စွာပင် မေးသည်။

"ဒါက ဖြေရှင်းဖို့ သိပ်မလွယ်ဘူး" မိန်ချီသည် အေးစက်စက်အရိပ်တစ်ခုကို ထိန်းထားလိုက်ရင်း ပြောသည်။ "သူဌေးဝူက မနေ့ကနေ့လည်မှာ နင့်ကို တွေ့ချင်ပေမယ့် နင်ပြန်သွားပြီလို့ ငါပြောလိုက်တယ်။ ပြဿနာကနေ ရှောင်ပြေးလို့ မဖြစ်နိုင်ဘူးဆိုတော့ နင် သူဌေးဝူရဲ့ရုံးခန်းကို သွားပြီး စကားပြောလိုက်တာ ပိုကောင်းတယ်။ သူဌေးဝူကို ဖြေရှင်းချက်ပေးဖို့ အဖြေရှာကြည့်လိုက်ပါ။ နင် တခြားသူတွေနဲ့ အဆက်အသွယ်ရှိသင့်တယ်လို့ ငါထင်တယ်။ နင်ဒါကို မကိုင်တွယ်နိုင်ဘူးဆိုရင် သခင်လေးလင်ကို အကူအညီတောင်းလို့ရတယ်။ သူက နင့်အပေါ် အရမ်းရိုးသားပါတယ်"

"အင်း" ဇီယန် ခေါင်းညိတ်ကာ မတ်တပ်ထရပ်လိုက်ပြီး "ကျေးဇူးတင်ပါတယ် အစ်မမိန်။ ငါ သူဌေးဝူကို သွားတွေ့လိုက်မယ်"

"ကောင်းပြီ" မိန်ချီက ပြုံးကာ ပြန်ဖြေသည်။

ဇီယန် ရုံးခန်းထဲမှ ထွက်သွားပြီးနောက် သူမ ခေါင်းယမ်းကာ သက်ပြင်းချလိုက်သည်။

ဝူချန်းဒုန်၏ရုံးခန်းသည် အပေါ်ဆုံးထပ်တွင် ရှိသည်။

ကုမ္ပဏီ၏ဥက္ကဌအနေနဲ့ဖြင့် သူ၏ရုံးခန်းကို စံချိန်စံနှုန်း မြင့်မားစွာ ပြင်ဆင်ထားသည်။

ဝူချန်းဒုန်၏အတွင်းရေးမှူးသည် သူမ ရောက်ရှိနေကြောင်း ကြားပြီးနောက် ဆယ့်ငါးမိနစ်အကြာတွင် ဇီယန် သူ၏ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

“ငါ့ ဗီဒီရိုအစည်းအဝေးတစ်ခု ရှိနေလို့” ဝူချန်းဒုန်က ပြုံးကာ ပြောသည်။ သူက မတ်တပ်ထရပ်ကာ ဇီယန်ထံလျှောက်သွားလိုက်ပြီး လက်ကို ညင်သာစွာ ဝှေ့ယမ်းပြလိုက်ပြီး ပြောလိုက်သည်။ “ထိုင်ပါဦး”

ဇီယန် ဆိုဖာပေါ်တွင် ခပ်တန်းတန်းအမူအရာဖြင့် ထိုင်နေပြီး ဝူချန်းဒုန်က သူမ၏ဘေးတွင် ထိုင်သည်။ သူသည် ဇီယန်အား အကဲခတ်ကာ ရယ်မော၍ ပြောလိုက်သည်။

"မင်းက ထရှိုင်ရဲ့ ဟယ်လန်နဲ့တူတယ်။ ဇီယန် မင်းက တကယ်လှတာပဲ"

"ကျေးဇူးပါ"

"ဖူရှန်းက ပေကျင်းမှာ ဖြစ်ပျက်ခဲ့တာတွေကို ငါ့ကို ပြောပြီးပြီ။ မင်း အဲဒီမှာ ပြဿနာတချို့ရှာခဲ့တယ်။ ဒါပေမယ့် မင်းကို ပေကျင်းမှာ အကြာကြီးနေဖို့ ဖိအားပေးခဲ့လို့ဆိုတာကို ငါနားလည်ပါတယ်။ တကယ်တော့ ဘယ်သူမဆို ဒီလိုအခြေအနေမျိုးမှာ စိတ်အနှောင့်အယှက်ဖြစ်မှာပဲလေ။ ဒါပေမယ့် မင်းက အရမ်း စိတ်မရှည်ဖြစ်လွန်းတယ်" ဝူချန်းဒုန်က ကြင်နာစွာပင်ပြောသည်။

"ကျွန်မက သိပ်ပြီး စိတ်မရှည်တတ်ဘူး" ဇီယန်က ခေါင်းယမ်းကာ ပြန်ဖြေသည်။

ဝူချန်းဒုန်က ခပ်ရေးရေးပြုံးလိုက်ကာ "စာချုပ်က တစ်ခုခုမှားနေတယ်လို့ ငါကြားတာဘ်။ ဒါပေမယ့် မင်း ငါနဲ့ ဆွေးနွေးလို့ရတာပဲ။ လုပ်ငန်းကိစ္စဆိုတာ နေ့ချင်းညချင်း အောင်မြင်မသွားနိုင်ဘူးလေ။ စာချုပ်ချုပ်ပြီးပြီဆိုရင် မင်း အချိန်အတိုင်းအတာတစ်ခုအထိ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်။ မင်း သွားချင်တဲ့ဆီကို သွားလို့ရတယ်"

"အဲဒါတော့ ဟုတ်ပါတယ်။ ဒါပေမယ့် သူတို့ ဘာလုပ်ဖို့ရည်ရွယ်တယ်ဆိုတာကို လူတိုင်းသိတယ်" ဇီယန်က ဝူချန်းဒုန်အား ပြတ်ပြတ်သားသား ကြည့်နေသည်။

"မင်းကို လာကြိုတဲ့လူတွေနဲ့ မင်းနဲ့ ဘယ်လိုပတ်သက်လဲဆိုတာ မေးလို့ရမလား" ဝူချန်းဒုန်က မေးသည်။

"ကျွန်မ ဒီကိစ္စကို ပြောပြလို့မရဘူး"

"ဒါဆို မင်း သူတို့ကိုသိလား" ဝူချန်းဒုန်၏မျက်လုံးများမှာ ကျဉ်းမြောင်းသွားပြီး "ဇီယန် မင်း သူတို့ကို မသိဘူးဆိုရင်တော့ ကောင်းပါတယ်။ ဒါပေမယ့် အခု မင်းက အဲဒါကို ပါဝင်နေပြီ"

သူပြောချင်သည်က ဇီယန် သူတို့အားသိရှိပါက သူမ တာဝန်ယူရပေမည်။ မဟုတ်ပါက သူတို့ ဆက်၍ ညှိနှိုင်းလို့ရသော်လည်း နောက်ဆုံး၌ သူမတွင် ပြောစရာမရှိချေ။

"ကျွန်မ မပြောနိုင်ဘူး" ဇီယန်က ပြန်ဖြေသည်။

ဇီယန်၏အေးစက်သည့်အကြည့်ကို ကြည့်ရင်း ဝူချန်းဒုန် အံ့အားသင့်သွားသည်။ ဇီယန်က သူ၏သတိပေးမှုကို လျစ်လျူရှုမည်ဟု မထင်ထားချေ။

သူမက တင်းမာစွာ ရပ်တည်နေသည်မှာ အမှန်ပင်။

"အဓိကအချက်ကို သွားရအောင်"

ဝူချန်းဒုန်က ပြုံး၍ ပြောသည်။

“ဒါရိုက်တာက စာချုပ်ကို မင်းနဲ့လူကိုယ်တိုင်ဆွေးနွေးပြီးပြီ။ ဒါပေမယ့် မင်းက မင်းလူတွေနဲ့သူတို့ကို ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့တယ်။ ဒီကိစ္စက ဆိုးရွားတဲ့သက်ရောက်မှုတွေ ရှိတာကြောင့် ကုမ္ပဏီက မင်းကို လောလောဆယ် အရင်းမြစ်တွေ ထောက်ပံ့ပေးမှာ မဟုတ်ဘူး”

“ဒါပေမယ့် မင်းကိုယ်တိုင် ကိုယ့်ကိစ္စကို ဖြေရှင်းလို့ရတယ်။ ပြဿနာကို ဘယ်သူက စပြီး အဆုံးသတ်သင့်လဲ။ ဒါရိုက်တာဖူနဲ့ စာချုပ်က အရေးကြီးတဲ့အတွက် ငါ မင်းကို အသေးစိတ်မမေးတော့ဘူး။ ငါ မင်းကို မြင့်မြင့်အားမား တွေးထားခဲ့တာ။ မင်းသာ လမ်းကြောင်းမှန်ပေါ် ရောက်သွားတာနဲ့ အရမ်းပေါ်ပြူလာဖြစ်လာလိမ့်မယ်”

“အင်း”

ဧယန် သူ့အား တုံးတိပင် တုံ့ပြန်လိုက်သည်။

ဝူချန်းဒုန်က သူမကို စာချုပ်ချုပ်ဖို့ အကြံပေးခဲ့တာခါး။ လင်းကျဲနဲ့ အတူရှိဖို့ပေါ့။ ပေကျင်းမှာရှိတဲ့ သခင်လေးလင်းဆီကနေ အကျိုးအမြတ်တွေရဖို့အတွက်လား။

ဗီယန်သည် ဤအချိန်တွင် ဘာမှ ပြန်မပြောလိုတော့ပေ။ သူမ မတ်တပ်ထရပ်ကာ ပြောလိုက်သည်။

“သူဌေးဝူ ကျွန်မ ပြန်လိုက်ပါဦးမယ်”

ထိုနောက် ဗီယန် အခန်းထဲမှ တိုက်ရိုက်ထွက်လာခဲ့သည်။

သူမ ထွက်သွားသည်ကို ကြည့်ရင်း ဝူချန်းဒုန်၏မျက်လုံးများတွင် မကျေနပ်မှု အရိပ်အယောက်များ ဖြတ်ပြေးသွား၏။

ဤသို့ထိန်းရခက်သည့် အနုပညာရှင်များအပေါ် သူသည် အပျက်သဘောဆောင်သည့် အမြင်ရှိသည်။

မာနကြီး၍ မောက်မာခြင်းသည် အောင်မြင်မှုအတွက် အကျိုးမရှိချေ။ ရာထူးအာဏာကြီးမြင့်သူများသာ အောင်မြင်နိုင်ပေမည်။

ခဏလောက် စဉ်းစားပြီးနောက် ဝူချန်းဒုန်သည် ဖုန်းကို ထုတ်၍ နံပါတ်တစ်ခုကို ခေါ်လိုက်သည်။

"သခင်လေးလင်း ငါ ဇီယန်နဲ့ စကားပြောပြီးပြီ။ သူမ အဲဒီလူတွေကို သိတဲ့ပုံပဲ..."

ဇီယန် ရုံးခန်းသို့ ပြန်ရောက်လာသည်အား မြင်သည့်အခါ ကျိုးဖေးက အလောတကြီး မေးသည်။

"ဘယ်လိုလဲ။ အခြေအနေဘယ်လိုရှိလဲ"

"မကောင်းဘူး" ဇီယန်သည် မျက်နှာထက်တွင် အေးစက်စက်အမူရာရှိနေသည်။ သူမက ခေါင်းကို အသာယမ်းကာ ပြောသည်။ "ဒီကိစ္စကို

ကောင်းကောင်းကိုင်တွယ်မပြီးမချင်း ကုမ္ပဏီက အရင်းအမြစ်တွေ ထောက်ပံ့ပေးမှာ မဟုတ်ဘူး”

“ဘာ”

ကျိုးဖေး မျက်လုံး ပြူးသွားပြီး “နင့်ကို ကုမ္ပဏီက အပယ်ခံသဘောထားတာ အသိသာကြီးပဲ။ ဘယ်သူက အဲဒါကို ပြောတာလဲ။ သူတို့က ကျိုးကြောင်းမသင့်တာပဲ။ ငါတို့က အပြစ်တင်ခံရမှာ မဟုတ်ဘူး။ ငါ စုန်းမအိုကြီးကို သွားရှာမယ်”

“အသုံးမဝင်ဘူး။ အဲဒါ ဝူချန်းဒုန်က ပြောလိုက်တာ” ဇီယန်က နှုတ်ခမ်းကို ညင်သာစွာ ဖွင့်ဟ၍ ပြောလိုက်သည်။

“သူဌေးဝူလား” ကျိုးဖေး အံ့အားသင့်သွားပြီး စိတ်ဓာတ်ကျသွား၏။

“ထားလိုက်ပါတော့။ ငါ မုန့်မုန့်နဲ့ အချိန်ဖြုန်းဖို့အတွက် ဒီအချိန်တွေကို သုံးလို့ရတာပဲ”

နောက်ဆုံးရလဒ်မှာ မကောင်းသော်လည်း ဇီယန်သည် ၎င်းကို သိပ်ဂရုမစိုက်ချေ။ တကယ်တမ်းတွင် သူမသည် အိမ်မှာတွင်သာ နေရန် မျှော်လင့်နေခဲ့ပေသည်။

"မျှော်လင့်နေတာလား"

"အဲဒါက မုန့်မုန့်ကြောင့်လား။ ဒါမှမဟုတ် အဲဒီအရူးကောင်ကြောင့်လား"

ဇီယန်သည် ၎င်းက အများအားဖြင့် ကျန်းဟန်ကြောင့်ဖြစ်သည်ကို ခံစားမိသည်။

"အဲဒီအရူးက ဘယ်အချိန်ကျမှ ငါ့ကို တရားဝင်လိုက်မလဲ မသိဘူး။ သူ ငါ့ကို ဘယ်လို့ပုံစံမျိုး လိုက်မလဲ။ သူ အရမ်းရိုမန့်တစ်ဆန်လာမှာလား။ အဲဒီအချိန်ကျရင် သူလိုချင်တာကို ငါ လက်ခံလိုက်ရမှာလား"

ဇီယန်သည် ရုံးခန်းထဲတွင် ထိုင်ရင်း ထိုအကြောင်းကို စဉ်းစားနေ၏။

“အစ်မယန် စိတ်မကောင်းမဖြစ်ပါနဲ့။ တခြားနည်းလမ်းရှိပါသေး...” ကျိုးဖေးမှာ သူမအား နှစ်သိမ့်ပေးရန် ကြိုးစားသည်။

သို့သော် သူမ စကားမဆုံးသေးခင်မှာပင် ဇီယန် ပြုံးနေသည်အား တွေ့လိုက်ရပြီး သူမပြန်ပြောသည့်စကားများကို ကြားလိုက်ရသည်။

“အစ်မမိန်ကို သွားပြောရအောင်။ ငါ ပိတ်ရက်ယူမယ်လို့”

“ဖူး...”

ကျိုးဖေးမှာ လုံးဝ အံ့အားသင့်သွား၏။ တံခါးဖွင့်ကာ ထွက်မသွားခင်အထိ ဇီယန် ဘာလုပ်ရန် ရည်ရွယ်ထားသည်ကို သူမ မသိသေးချေ။

“ဘုရားရေ” ကျိုးဖေးမှာ ခေါင်းကို အကြိမ်ကြိမ်ယမ်းလိုက်ပြီး သက်ပြင်းချရင်း ရေရွတ်သည်။ “အချစ်က တကယ်ကိုကြောက်စရာကောင်းတာပဲ”

သူမတို့နှစ်ဦး မိန်ချီရုံးခန်းသို့ ရောက်ရှိလာသော်လည်း မိန်ချီက သဘောမတူသည့်အတွက် မျှော်လင့်ချက်မှာ နောက်ပြန်ခေါက်သွားခဲ့သည်။ ထို့ပြင် သူမသည် ၎င်းတို့အား အလုပ်မှန်မှန်လာရင်ပင် တောင်းဆိုခဲ့လေ၏။

မည်သို့ပင်ဆိုစေကာမှာ ဇီယန်၏အိမ်ပြန်ရန် အတွေးမှာ ဘာမှမဖြစ်လာခဲ့ချေ။

အခြားတစ်ဖက်ရှိ မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်တွင်။

မနက် ၈ နာရီ ၄၀ ခန့်၌ စားသောက်ဆိုင်မှာ လူရှင်းလုနီးပါးပင်။

ကျောက်ဖုန်းသည် ဆိုင်ကို သန့်ရှင်းရေးလုပ်ပြီးနောက် ကျန်းဟန်က အပန်းဖြေဥယျာဉ်သွားဂရန် စီစဉ်ထားကြောင်း ပြောလိုက်သည်။ ထိုနောက် ကျောက်ဖုန်းသည် လိုအပ်သည့်ကိစ္စရပ်များကို ကိုင်တွယ်ရန် တိုက်ရိုက်ထွက်သွား၏။

ကိုးနာရီခန့်တွင် စွန်းမိသားစု ရောက်ရှိလာသည်။

စွန်းမင်နှင့် စွန်းအမေသည် ဤတစ်ကြိမ်တွင် ပစ္စည်းအများအပြားသယ်၍ ဆိုင်ထဲသို့ ဝင်လာကြ၏။ အထဲတွင် အရုပ်သေးသေးလေးများ လက်ဆောင်အမျိုးမျိုး ရှိနေသည်။

"အန်ကယ်စွန်းလာပြီ။ လက်ဆောင်တွေ အများပြီးပဲ။... အဲဒါတွေဥ မုန့်မုန့်အတွက်လား" အရုပ်များအား မြင်လိုက်ရပြီးနောက် မုန့်မုန့်က ဆိုဖာပေါ်မှ ထရပ်ကာ မေးသည်။

"ဒါပေါ့" စွန်းမင်က ပြုံးကာ လက်ဆောင်အိတ်များကို ဆိုဖာပေါ် တင်လိုက်၏။

"ဘာလို့ လက်ဆောင်တွေ အများကြီးဝယ်လာရတာလဲ" ကျန်းဟန်က သူတို့အား ကြည့်ကာ ပေါ့ပေါ့ပါးပါး မေးသည်။

"မစ္စတာကျန်း ငါတို့ မင်းကို နှုတ်ဆက်ဖို့ ရောက်လာတာ" စွန်းမင်က ပြုံး၍ ပြောသည်။

"အမ်" မုန့်မုန့်မှာ အံ့အားသင့်သွား၏။ သူမသည် စွန်းမင်အား အံ့သြစွာကြည့်ကာ "အန်ကယ်စွန်း ခရီးအဝေးကြီးသွားမလို့လား" ဟု ကလေးသံလေးဖြင့် မေးသည်။

"ဟုတ်တယ် အန်ကယ်တို့ အဝေးကြီးသွားရမှာ။ ကောင်းတာတစ်ခုခုအတွက်ပါ" စွန်းဒုန်ဟမ်က ပြန်ဖြေသည်။

"ဟားဟား" စွန်းမင်က ခေါင်းယမ်းလိုက်ပြီး "ငါ ကုမ္ပဏီကို ရောင်းလိုက်ပြီလေ။ သိပ်မကြာခင်က စီးပွားရေးအသစ်တစ်ခုစဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒုန်ဟမ်က ဂီတကို သဘောတဲ့အတွက် မီဒီယာကုမ္ပဏီတစ်ခု စတင်ဖို့ စီစဉ်နေတာ။ ငါ့သူငယ်ချင်းတစ်ယောက်က မြောက်အမေရိကမှာ အောင်မြင်တဲ့ ကုမ္ပဏီတစ်ခု တည်ထောင်ထားတာ။ ငါ့ရဲ့စိတ်ကူးကို ပြောပြတော့ သူက

အရမ်းစိတ်အားထက်သန်ပြီး လာလှေ့လာဖို့ ဖိတ်ခေါ်တယ်လေ။ ပြီးတော့ ငါ့ဇနီးကလည်း ခရီးမှာ ငါနဲ့အတူရှိနေမှာပါ”

စွန်းမင်သည် ပြီးခဲ့သည့်အဖြစ်အပျက်များပြီးနောက် အကောင်းမြင်စိတ်ရှိလာသည်။

အသက်မွေးဝမ်းကြောင်း စီးပွားရေးမှာ အရေးကြီးသော်လည်း မိသားစုသာ မရှိလျှင် ဘဝက အဓိပ္ပာယ်မဲ့နေပေမည်။

ထို့ကြောင့် သူသည် မီဒီယာကုမ္ပဏီတစ်ခု တည်ထောင်ချင်ပြီး စွန်းအမေနှင့်လည်း အတူ ခရီးထွက်ချင်ခဲ့သည်။ သူပြန်လာပြီး နောက်တွင် သားဖြစ်သူအတွက် လမ်းကြောင်းခင်းပေးမည့် ကုမ္ပဏီတစ်ခုစတင်ရန်မှာ လက်ရှိအချိန် စွန်းမင်၏ရည်မှန်းချက်အသစ်ဖြစ်သည်။

သူ၏ဟာကားကို ကြားသည့်အခါ ကျန်းဟန်က ပြုံး၍ ပြောလိုက်သည်။

"အဲဒီအကြံကောင်းတယ်"

...

-အပိုင်း(၂၅၅) ပြီး

wunzinnosp

## အပိုင်း(၂၅၆) သဘောတူညီချက်ကို အပြီးသတ်ခြင်း

"ငါ့အသက်က မငယ်တော့ဘူးလေ။ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ နေသွားချင်တယ် မစ္စတာကျန်း ငါ့အသက်ကို ကယ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ တကယ်တော့ မုန့်မုန့်ကို ထားသွားဖို့ ငါတကယ် ဝန်လေးနေတာ။ ဒါကြောင့် လေယာဉ်က နေ့လည် ၁ နာရီ ၃၀

မှာ ထွက်မှာပေမယ့် သက်သက် အလည်လာခဲ့တာ” စွန်းမင်က ပြုံး၍ ပြောသည်။

အင်း” ကျန်းဟန် ခဏလောက် စဉ်းစားလိုက်ပြီး “ဒါဆို နေ့လည်စာ စားသွားကြလေ။ ဘာစားချင်လဲ”

ကျန်းဟန်၏စကားကို ကြားသည့်အခါ စွန်းမိသားစုမှာ အနည်းငယ် နှစ်လိုသွားကြ၏။

ယေဘူယျအားဖြင့် တော်ရုံမချီးကျူးတတ်သည့်လူ၏ ချီးကျူးခြင်းခံရလျှင် အလွန်ဂုဏ်ယူဝမ်းမြောက်ခံစားရပေမည်။

ဤသည်က ရှားရှားပါး၍ တန်ဖိုးထားရမည့်အရာပင်။ ထိုအချိန်တွင် စွန်းမင်နှင့် သူ၏မိသားစုမှာ ထိုခံစားချက်၏အဓိပ္ပာယ်ကို နားလည်သွားကြ၏။

“မင်းကြိုက်တာချက်ပါ။ ဘာပဲချက်ချက် ငါတို့ ကြိုက်ပါတယ်” စွန်းမင်က လက်ကို အကြိမ်ကြိမ် ဝှေ့ယမ်းပြရင်း ပြောသည်။

"ရပါတယ်။ ဘာစားချင်လဲပြောပါ။ ကျုပ် ချက်ပေးမယ်" ကျန်းဟန်က ပြောသည်။

တစခါတစ်ရံတွင် ဆက်ဆံရေးကို ဤနည်းဖြင့် တည်ဆောက်ကြသည်။ အခြားသူများ၏အမြင်တွင် ပျူငှာတတ်သည်နှင့် ဆက်ဆံမိသည့်အခါ ပို၍ ခင်မင်ရင်းနှီးလာပေလိမ့်မည်။

ကျန်းဟန်က ဒုတိယအကြိမ် ပြောသည့်အခါ စွန်းမင်က မငြင်းပယ်တော့ချေ။ သူသည် ခဏလောက်စဉ်းစားပြီး ပြုံးကာ ပြောသည်။

"ငါတို့ အချိန်အကြာကြီးမရဘူး။ အင်း...ငါ့ဇနီးက ခေါက်ဆွဲအေးကြိုက်တယ်"

"မုန့်မုန့်လည်း ခေါက်ဆွဲအေး အရမ်းကြိုက်တယ်။ ဖေဖေလုပ်ထားတဲ့အစားအစာတွေအကုန်လုံးကို အရမ်းကြိုက်တယ်" မုန့်မုန့်က နှုတ်ခမ်းလေးထော်ကာ ဝင်ပြောသည်။

"ကောင်းပြီ။ နေ့လည်ကျရင် ခေါက်ဆွဲအေးလုပ်မယ်" ကျန်းဟန်က မုန့်မုန့်၏ခေါင်းလေးကို ပုတ်၍ ပြောသည်။

"ကျေးဇူးပါ မစ္စတာကျန်း" စွန်းမင်နှင့် သူ၏မိသားစုမှာ အလွန်စိတ်လှုပ်ရှားသွားကြသည်။

အခြားတစ်ဖက်တွင်...

သမုဒ္ဒရာပန်းခြံ၏ရှေ့တွင် အသစ်စက်စက် မာစီးဒီးကားနှင့် အသစ်စက်စက် ဘန်တလေကားက ရပ်ထားလေသည်။

ကျောက်ဖုန်းသည် မာစီးဒီးပေါ်မှ တစ်ယောက်တည်းဆင်းလာခဲ့ပြီး ဂူချန်းသည် ဘန်တလေပေါ်မှ ဆင်းလာကာ သူ၏နောက်တွင် လူနှစ်ယောက်ပါလာသည်။

"မင်း ကားလဲလိုက်ပြီလား"

အနားရောက်သည့်အခါ ကျောက်ဖုန်းက ရယ်မောကာ ပြောသည်။

"ငါမင်းကို သူဌေးဂူလို့ ခေါ်ရမလား"

"အာ...ကျောက်ဖုန်း လူတွေကို မျက်နှာချင်းဆိုင်ပြီး ပြက်ရယ်တာတော့ မသင့်တော်ပါဘူးကွာ။ တကယ်တော့ မင်းသာ ဆန္ဒရှိရင် မင်း သူဌေးဖြစ်နိုင်တာပဲ။ အဲဒါဆိုရင် ငါမင်းကို ချက်ချင်း လမ်းဖွင့်ပေးမယ်" ဂူချန်းက ရယ်မောကာ ပြန်၍ စနောက်သည်။

"ဟားဟား..." ကျောက်ဖုန်းက ခေါင်းယမ်းလိုက်ပြီး ပြုံးသည်။ သူက ဂူချန်း၏လက်အောင်းကို ပုတ်ကာ "ကောင်းပါပြီ။ ငါက ရာထူးတွေ နေရာတွေကို စိတ်မဝင်စားဘူးဆိုတာ မင်းသိပါတယ်။ အနာဂတ်မှာလည်း ငါ လုပ်မှာ မဟုတ်ဘူး"

“အင်း...မင်း သူဌေးတစ်ယောက်ဖြစ်လာဖို့က တကယ်ခက်တာပဲ” ဂူချန်းက သက်ပြင်းချလိုက်ပြီး စိတ်သက်သာရာရမှုကိုလည်း ခံစားလိုက်ရ၏။

ဂူချန်းသည် သူတော်စင်မဟုတ်သည့်အတွက် အာဏာနှင့် ချမ်းသာကြွယ်ဝမှုကို အလေးထားပေသည်။ ကျောက်ဖုန်းသာ သူဌေးဖြစ်လိုလျှင် ဤကိစ္စကြောင့် သူ့အား ရန်ပြိုးဖွဲ့ရပေလိမ့်မည်။ (ဘာသာပြန်သူ - ဤနေရာတွင် သူဌေးဆိုသည်မှာ ချမ်းသာကြွယ်ဝသူကို ဆိုလိုခြင်းမဟုတ်ဘဲ ခေါင်းဆောင်၊ ဘော့စ် စသဖြင့် အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်သည်။)

ကျောက်ဖုန်းသည် သူ့အား ဆန့်ကျင်မည်ဟု ကတိမပြခဲ့သော်လည်း ယခု သူသည် ကိုယ်တိုင်အောင်မြင်နိုင်ခဲ့သည်။ ထို့ပြင် သူသည် သူဌေးဖြစ်ရခြင်းကို အလွန်ပျော်မွေ့သာယာပေသည်။

ကံကောင်းစွာဖြင့် ကျောက်ဖုန်းသည် မြေအောက်လောက၏အာဏာစွမ်းအားများကို လုံးဝ စိတ်မဝင်စားဘဲ သူနှင့် မိတ်ဆွေဖြစ်လိုသေးသည်။ ထို့ပြင် ဂူချန်းသည် သူ၏အဆင့်အတန်း မြင့်မားလာပြီးနောက် သူ၏နှလုံးသားနောက် လိုက်ပါရန်မှာ ရှားပါးပေသည်။

"ကျောက်ဖုန်း အခုမှ မစ္စတာကျန်းက တကယ်ထူးဆန်းတာကို ငါသိတော့တယ်။ သူ့သမီး ကစားဖို့အတွက် အပန်းဖြေဥယျာဉ်တစ်ခုလုံးကို ဘွတ်ကင်လုပ်ထားတယ်။ သူက တကယ့်ကို လွတ်လွတ်လပ်လပ်ရှိတဲ့လူတစ်ယောက်ပဲ" ဂူချန်းက ရယ်မောကာ ပြောသည်။

"လွတ်လပ်မှုလား။ အမှန်ပဲ။ ငါ့သူဌေးက သူလိုချင်တာမှန်သမျှ ရအောင်လုပ်တယ်" ကျောက်ဖုန်းက ရယ်မောကာ ပြန်ဖြေ၏။

“အရင်ဆုံး အလုပ်ကိစ္စပြောရအောင်” ဂူချန်းက ပန်းခြံဆီသို့ လျှောက်လာရင်း ပြောသည်။

ပန်းခြံရှေ့တွင် လာရောက်လည်ပတ်သူ လူအများအပြားရှိသော်လည်း ဂူချန်းသည် ဝန်ထန်းဝင်ပေါက်ကို တိုက်ရိုက်ဦးတည်လိုက်သည်။ ဂိတ်မှူးသည် ဖုန်းထဲမှလူပြောသည်ကို ကြားသည့်အခါ သူတို့အား သတိထားမိသွားပြီး အလေးပြုလိုက်၏။

ဤအချိန်တွင် တန်းစီနေသည့်လူအချို့မှာ အံ့သြသွားကြသည်။

တန်းစီရန် မလိုအပ်သည့်အတွက် သူတို့သည် အကောင်ကြီးကြီး သို့မဟုတ် ပန်းခြံ၏စီမံခန့်ခွဲမှုတာဝန်ရှိသူများနှင့် ရင်းနှီးသူများဖြစ်ရပေမည်။

သူတို့သည် လူများ၏သိချင်စိတ်ပြင်းပြသည့် အကြည့်များကို ကျင့်သားရနေကြပြီဖြစ်သည်။

“ဒါနဲ့ စကားမစပ် အရင်တစ်ခါ မစ္စတာကျန်းခေါ်လာတဲ့ အဲဒီလူသန်ကြီးက သူ့လူလား။ သူက နိုင်ငံခြားသားမလား။ ဟောင်ကောင်မှာပဲ နေတာလား” ဂူချန်းက လျှောက်လာရင်း ပြောသည်။

သူသည် စပ်စုနေသကဲ့သို့ ပေါ့ပေါ့ပါးပါး ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် ကျောက်ဖုန်းမှာ သူ၏မေးခွန်းကို ကြားပြီးနောက် အံ့အားသင့်သွား၏။

“သူက သူ့နားမှာ မရှိသလောက်ပါပဲ။ ဒါပေမယ့် သူငွေးလိုအပ်တဲ့အချိန်တိုင်း သူ ရအောင် လာပေးတယ်”

ဂူချန်းသည် ယခင်က ထိုသို့မေးခွန်းများကို မမေးဖူးသော်လည်း ယခုတွင် သူ၏နေမြေတွင် ဖြစ်ပျက်နေသည်များနှင့် သူ့လူများအား ဂရုစိုက်သည့်အတွက် မေးခဲ့သည်။ ဆိုလိုသည်မှာ သူ့အား ခြိမ်းခြောက်နိုင်သော

သို့မဟုတ် အင်အင်းကြီးသော မဟာမိတ်အချို့ကို ရှာဖွေရန် ရည်ရွယ်ထားသူများကို ပို၍ အာရုံစိုက်ထားခဲ့သည်။

မင်းအနေနဲ့ အာဏာနဲ့ စည်းစိမ်ရဲ့လွှမ်းမိုးမှုကို မခံရပါစေနဲ့လို့ ငါမျှော်လင့်ပါတယ်…။

ကျောက်ဖုန်းက စိတ်ထဲမှ သက်ပြင်းချလိုက်၏။

"အိုး မစ္စတာကျန်းလိုမျိုး နှိမ့်နှိမ့်ချချနေတတ်တဲ့ အရည်အချင်းရှိသူတွေနဲ့ ရင်းနှီးချင်လို့ပါ။ ငါက သိချင်စိတ်နဲ့ မေးကြည့်တာ" ဂူချန်းက ပြုံး၍ ပြောသည်။

"ငါ့သူဌေးက တိတ်ဆိတ်အေးချမ်းတာကို နှစ်သက်တယ်" ကျောက်ဖုန်း၏အမူအရာမှာ အနည်းငယ် အေးစက်လာသည်။

ဂူချန်းသည် ကျောက်ဖုန်း၏အမူအရာကို မြင်သည့်အခါ အကြောင်းအရာပြောင်းလိုက်သည်။

"ဒီတစ်ခေါက် ငါဆက်သွယ်ခဲ့တဲ့လူက ကျန်းဟုန်ပါ့လို့ခေါ်တယ်။ ဒီနေရာက

စီနီယာစီမံခန့်ခွဲရေးအရာရှိလေ။ သူက ကိုင်တွယ်ရခက်တဲ့သူမျိုးဖြစ်ပြီးတော့ မတန်တဆဈေးတောင်းဖို့ အလားအလာများတယ်”

“အင်း” ကျောက်ဖုန်းက ခေါင်းညိတ်သည်။

“ဒီနေရာရဲ့လည်ပတ်မှုကို ငါ တစ်ယောက်ယောက်ကို မေးခဲ့တယ်။ သူ့ရဲ့လစဉ်ဝင်ငွေက ယွမ်သန်း ၂၅၀ ကနေ ၃၅၀ ကြားရှိပြီးတော့ နေ့စဉ်ဝင်ငွေက ယွမ် ၈ သန်းကနေ ၁၁ သန်းကြားရှိတယ်။ အပန်းဖြေဥယျာဉ်တစ်ခုလုံးကို တစ်ရက်ကြိုတင်ငှားရမ်းချင်ရင်တော့ ပုံမှန်ဆိုင် ယွမ် ၈ သန်းကနေ ၁၁ သန်းအထိ သုံးဖို့လိုတယ်။ ဒါပေမယ့် ဒါက ငါတို့ ဆွေးနွေးမယ့်လူအပေါ်မှာ မူတည်ပါတယ်” ဂူချန်းက ပြောသည်။

“ငါတို့ ဘယ်မှာတွေ့ကြမှာလဲ” ကျောက်ဖုန်းက မေးသည်။

“အပြာရောင်ပင်လယ်ကွေ့တီးဟောက်”

"သွားကြရအောင်" ကျောက်ဖုန်းက ပြောသည်။

ဂူချန်းသည် ယခင်ကကဲ့သို့ မဟုတ်တော့မှန်း သူ တစ်နည်းနည်းဖြင့် သိရှိလိုက်၏။

သို့သော် အသေးစိတ်အပြောင်းအလဲက ဘာတွေလဲဆိုသည်ကိုတော့ သူမသိချေ။

ယခင်ကကဲ့သို့ ပွင့်ပွင့်လင်းလင်းမရှိတော့ဘဲ အနည်းငယ်အကြံအစည်တာမျိုး ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျောက်ဖုန်းသည် ဂူချန်းမှာ ယခုအချိန်၌ အထက်စီးဆန်သည့်အပြုအမူမျိုးကို ခံစားမိသည်။ သူသည် ကျောက်ဖုန်းနှင့် အဆင့်အတန်းတူညီသည်ဟု ထင်ခဲ့သော်လည်း ယခုအချိန်တွင် ဘော့စ်တစ်ယောက်အဖြစ် တိုးတက်လာသည့်အဆင့်အတန်းကြောင့် မာနကြီးမောက်မာလာ၏။

"အင်း ဒါနဲ့ လောင်ပင်းနဲ့ မို့ဝူတို့ ဘယ်လိုဖြစ်သွားလဲ" ကျောက်ဖုန်းက ရုတ်တရက် မေးသည်။

"သူတို့နှစ်ယောက်လား" ဂူချန်း အံ့အားသင့်သွား၏။ ထိုနောက် သူက ရယ်မောကာ ပြန်ဖြေသည်။ "ငါ သူတို့ကို ဥရောပပို့လိုက်တယ်။ သူတို့ ပြန်လာလို့ မရတော့ဘူး။ ပြီးတော့ သူတို့ရဲ့ စုဆောင်းမှုတွေကိုလည်း ငါ လွှဲမပေးခဲ့ဘူး"

"အဲဒါကောင်းတယ်" ကျောက်ဖုန်းက ပြောသည်။ "မင်းက အနာဂတ်မှာ တောင်ပိုင်းခရိုင်ရဲ့ ခေါင်းဆောင်အသစ်ဖြစ်လာမှာ။ မင်းအနေနဲ့ မီးခိုးရောင်စီးပွားရေးလောကနဲ့ ခပ်ကင်းကင်းနေလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"

"ငါ အဲဒါကို ကိုင်တွယ်နိုင်ပါတယ်" ဂူချန်းသည် ဤအကြောင်းအရာများကို မပြောချင်သည့်အတွက် တုံးတိဖြေလိုက်သည်။

"ကောင်းပြီ"

"ငါ စည်းကျော်ရင် မင်းငါ့ကို ဖမ်းမှာလား" ဂူချန်းက မေးသည်။

"ငါလား။ မလုပ်ပါဘူး" ကျောက်ဖုန်းက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ခေါင်းယမ်းသည်။ "ငါက အခု အစိုးရအဖွဲ့ဝင်မဟုတ်တော့ဘူး။ ငါအဲ့မှာ ရှိနေခဲ့ရင်တောင် ငါဒီကိစ္စတွေကို ဂရုစိုက်မှာမဟုတ်ဘူး"

"ငါ ဒုက္ခရောက်ရင်ရော မင်းငါ့ကို ကယ်မှာလား" ဂူချန်းက ထပ်မေးသည်။

ကျောက်ဖုန်းက စက္ကန့်အနည်းငယ် တန့်သွားပြီး ခေါင်းယမ်းကာ ဖြေလိုက်သည်။ "ဟင့်အင်း"

"ကောင်းပါပြီ" ဂူချန်းက ရယ်မောကာ ပြောသည်။ "ဘာပဲဖြစ်ဖြစ် ငါတို့က ညီအစ်ကိုတွေ ဖြစ်ခဲ့ဖူးတာပဲ။ အနာဂတ်မှာ မင်းငါ့အကူအညီလိုရင် ငါ့ကို ဖုန်းခေါ်လိုက်ပါ။ ဖြစ်နိုင်မယ်ဆို ငါတို့ အတူသောက်လို့ရပါတယ်"

"ဒါပေါ့" ကျောက်ဖုနး်က ဂူချန်း၏လက်မောင်းကို ပုတ်ကာ ပြုံးလိုက်သည်။

"ငါတို့ ရောက်ပြီ" ဂူချန်းက ရှေ့သို့ကြည့်ရင်း ပြောလိုက်သည်။ ထိုနောက် သူသည် စကားမပြောတော့ဘဲ သက်ပြင်းချလိုက်ရင်း အတွေးနက်သွားတော့၏။

သူသည် ကျောက်ဖုန်း၊ အားဟူနှင့် သူ၏ညီအစ်ကိုအချို့နှင့် ခပ်ခွာခွာနေခဲ့ရသည်။ ခင်မင်ရင်းနှီးသော ညီအစ်ကိုများမဟုတ်ကြသော်လည်း မိတ်ဆွေကောင်းများဖြစ်နေကြဆဲပင်။ အချိန်ကြာလာသည်နှင့်အမျှ သူတို့၏ခံစားချက်များမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့မည်ဖြစ်သည်။ ယခု သူတို့သည် မတူညီသည့်လမ်းကြောင်းများကို လျှောက်လှမ်းနေကြပြီဖြစ်၏။ သို့သော် ဂူချန်းသည် ဆုံးရှုံးမှုတစ်စုံတစ်ရာအား မခံစားရချေ။ အကြောင်းမှာ ဤအရာက လက်တွေ့အဖြစ်မှန်ဖြစ်နေသောကြောင့်ပင်။

သူတို့ အပြာရောင်ပင်လယ်ကွေ့တီးဟောက်(လက်ဖက်ရည်စံအိမ်) သို့ လျှောက်ဝင်သွားကြ၏။

အပြာရောင်ပင်လယ်ကွေ့လက်ဖက်ရည်စံအိမ်သည် တောင်ပေါ်ရှိ အပန်းဖြေဥယျာဉ်အစွန်းတွင် တည်ရှိသည်။ ထိုင်နေသည့်လူများမှာ ပင်လယ်အော်၏ဆွဲဆောင်မှုရှိသော ရှုမျှော်ခင်းများနှင့် အဝေးရှိ ကျွန်းများကို ကောင်းကောင်းမြင်နိုင်လေသည်။ နေ့လည်နေ့ခင်းဘက်တွင် လက်ဖက်ရည်သောက်ရန် နေရာကောင်းဖြစ်၏။

အဝင်ဝတွင် သူတို့၏နာမည်များ ပြောပြပြီးနောက် စားပွဲထိုးက သူတို့အား နွေးထွေးသည့်အပြုံးဖြင့် ကြိုဆိုသည်။ လက်ဖက်ရည်ဆိုင်အစွန်းရှိ စားပွဲတစ်ခုတွင် ပိန်ပါးပါးနှင့် မျက်မှန်တပ်ထားသည့်လူတစ်ယောက်ထိုင်နေ၏။

"မင်္ဂလာပါ မစ္စတာဂူ ထိုင်ပါ" ထိုလူက ထရပ်ကာ သူတို့အား နှုတ်ဆက်သည်။

ဂူချန်းက သူ့အား နှုတ်ဆက်ပြီး မိတ်ဆက်ပေးသည်။ “ဒါက ကျုပ်ညီအစ်ကို ကျောက်ဖုန်းပါ”

“မင်္ဂလာပါ မစ္စတာကျောက်”

“အင်း”

သူနှင့်လက်ဆွဲနှုတ်ဆက်ပြီးနောက် ကျောက်ဖုန်း ထိုင်လိုက်သည်။

ကျန်းဟုန်ပေါ့သည် ကျောက်ဖုန်း၏မထူးမခြားနားဟန်ကို မြင်သည့်အခါ အနည်းငယ် မကြည်မသာဖြစ်သွား၏။

ဘာလို့ ဒီမြေအောက်ဂိုဏ်းစတားတွေက ငါနဲ့ဆက်သွယ်ရတာလဲ…

သူသည် သူ့ရှေ့မှလူများအား မကြောက်ရွံ့ချေ။ အပန်းဖြေဥယျာဉ်၏ဒါရိုက်တာဘုတ်အဖွဲ့မှာလည်း ခိုင်မာသည့်အဆက်သွယ်များ ရှိပေသည်။ သူ၏အမြင်တွင် မြေအောက်ဂိုဏ်းများက ၎င်းအား ရန်မစနိုင်ချေ။

သို့သော် ထိုလူများမှာ သူဌေးများဖြစ်သည့်အတွက် သူငှင်းကို သတိလက်လွတ်မပြုမူချေ။ သူ၏မျက်နှာတွင် နွေးထွေးသည့်အပြုံးကို ဆင်မြန်ထားရင်း ပြောသည်။

"ဒါက ငါယူလာတဲ့ မြောင်ကျန်းလက်ဖက်ရည်ပါ။ ခုနက စမ်းပြီး ကျိုထားတာ။ မြည်းကြည့်ပါဦး"

"ကျေးဇူးတင်ပါတယ်" ကျောက်ဖုန်းက ခေါင်းညိတ်ကာ လက်ဖက်ရည်ကို သောက်ရင်း ပြောလိုက်သည်။ "ကျုပ်ရဲ့လာရင်းကိစ္စကို ခင်ဗျားသိမယ်ထင်ပါတယ်။ လာမယ့် တနင်္ဂနွေနေ့မှာ အပန်းဖြေဥယျာဉ်တစ်ခုလုံးကို ငှားချင်တယ်"

"အာ..." ဂူချန်းမှာ အေးခဲသွားသည်။

မင်းက တကယ်ကြီး တိုက်ရိုက်ပြောချလိုက်တာလား။။ နည်းနည်းပါးပါး သူနဲ့ စကားလေးဘာလေး ပြောတာ ပိုမကောင်းဘူးလား...။

သို့သော် ၎င်းမှာ ပြောပြီးသွားပြီဖြစ်သည်။ ခဏလောက်စဉ်းစားပြီး ဂူချန်းက ကျန်းဟုန်ပေါ့ကို ကြည့်ကာ ပြောသည်။ "မစ္စတာကျန်း ကျုပ်တို့က မိတ်ဆွေတွေပဲဆိုတော့ ဈေးလေးလျှော့ပေးပါဦး"

ငါတို့က မိတ်ဆွေတွေ မဟုတ်ပါဘူး...

ကျန်းဟုန်ပေါ့သည် စိတ်ထဲတွင် လှောင်ရယ်လိုက်သော်လည်း မျက်နှာထက်တွင်တော့ ပြုံးနေကာ စိတ်အားထက်သန်စွာ ပြောသည်။ "ကိစ္စမရှိပါဘူး"

ထိုစကားကို ပြောပြီးနောက် သူ၏အမူအရာမှာ အနည်းငယ် ကသိကအောက်ဖြစ်သွားသည်။ သူသည် ကျောက်ဖုန်းအား ကြည့်ရင်း ပြောလိုက်၏။ "အဲဒါက ကြားကာလတွေမှာဆိုရင် ပိုပြီး လွယ်ကူမှာပါ။ ဒါပေမယ့် အခုက ပွင့်လင်းရာသီရောက်နေပြီဆိုတော့ အများကြီးတော့ မလျှော့ပေးနိုင်ဘူး။ ပြောရရင် ငါက ဒီနေရာရဲ့ သူဌေးမဟုတ်ဘူးလေ"

“ကျုပ်ကို စျေးတစ်ခု ပြောပါ” ကျောက်ဖုန်းက လက်ကို ဝှေ့ယမ်းကာ ပြောလိုက်သည်။

“ယွမ် ၁၂ သန်း” ကျန်းဟုန်ပေါ့က တိုက်ရိုက်ပြောသည်။ “အပန်းဖြေဥယျာဉ်ငှားခအတွက်က ၁၀ သန်း၊ ဝန်းထမ်းစရိတ်က ၂ သန်းပါ။ အားလုံးသိတဲ့အတိုင်းပဲ ပန်းခြံက နေ့ပြတ်အငှားချတာ မရှိဘူးလေ။ ခုက ပထမဆုံးအကြိမ်လည်း ဖြစ်တော့...”

“ပြောပါ။ ခင်ဗျားရဲ့အကောင့်နံပါတ်ပေး”

“ကောင်းပြီ” ကျန်းဟုန်ပေါ့မှာ အနည်းငယ် ထိတ်လန့်သွားပြီး ဤလူက ဘာကြောင့် ဤမျှ တိုက်ရိုက်ဆန်သလဲ သိချင်သွား၏။ ကျန်းဟုန်ပေါ့က သူ၏ဘဏ်ကတ်ကို ထုတ်ယူနေရင်း ပြောလိုက်သည်။ “ဒါပေမယ့် ငှားရမ်းမှုက လုံးဝ အောင်မြင်မယ်လို့ မကျိန်းသေဘူးနော်။ အဆင်မပြေခဲ့ဘူးဆိုရင် ၄၊ ပိုက်ဆံ

ပြန်အမ်းပေးမှာပါ။ ဒါပေမယ့် ဝန်ထမ်းတွေအတွက် စရိတ်ကတော့ ပြန်အမ်းပေးမှာ မဟုတ်ဘူး”

“ဟမ်” ဂူချန်း မျက်မှောင်ကြုတ်သွား၏။

ကျန်းဟုန်ပါ့က သူ၏အမူအရာကို သတိပြုမိသွားပြီး ပြောလိုက်သည်။ “အောင်မြင်ဖို့က ၉၀ ရာခိုင်နှုန်းကျော်ပါတယ်။ ငါက မမျှော်လင့်ထားတဲ့အခြေအနေအတွက် ပြောတာ”

“ကျုပ် ပိုက်ဆံလွှဲပြီးပြီ” ကျော်ကဖုန်းက ဖုန်းကိုထုတ်ကာ ပြောလိုက်သည်။ သူသည် ကျန်းဟုန်ပါ့အား စိုက်ကြည့်ကာ “ဘာမှ ဖြစ်ပျက်တာကို ကျုပ်မလိုချင်ဘူး။ ခင်ဗျားကို အနှောင့်အယှက်ပေးရတဲ့အတွက် စိတ်မကောင်းပါဘူး။ ကျုပ်အခု သွားတော့မယ်”

ထိုနောက် ကျောက်ဖုန်းက ထရပ်ကာ ထွက်သွားခဲ့သည်။

ခဏလောက်တန့်သွားပြီးနောက် ဂူချန်းသည် သူ့နောက်သို့ လိုက်မသွားခဲ့ဘဲ ကျန်းဟုန်ပေါ့နှင့် ဆယ်မိနစ်ခန့် စကားပြောနေခဲ့ပြီးမှ ပြန်လာခဲ့သည်။

သူတို့ပြန်သွားပြီးနောက် ကျန်းဟန်ပေါ့သည် မက်ဆေ့ချ်ကိုဖတ်ရင်း အပြုံးကို ချိုးဖျက်လိုက်၏။ တစ်ချိန်တည်းမှာပင် သူသည် ဖုန်းခေါ်ဆိုမှုအချို့ ပြုလုပ်ခဲ့သည်။

"ဟဲလို ရှောင်ကွမ်း။ တနင်္ဂနွေနေ့ကျရင် စက်ပစ္စည်းတွေ စစ်ဆေးဖို့ရှိတယ်လို့ အထက်လူကြီးကို ရိပ်ပို့တင်လိုက်ပါ။ ပြီးတော့ တနင်္ဂနွေနေ့အတွက် အွန်လိုင်းလက်မှတ်တွေ ပိတ်လိုက်တော့"

"သူဌေးလီ၊ ငါပြီးခဲ့တဲ့တစ်ခေါက်က ရွေးထားတယ် Ghost ကို ဝယ်ဖို့ စီစဉ်လိုက်ပြီ။ တစ်ခါတည်း ပေးချေမှာပါ။ ဒီရက်အနည်းငယ်အတွင်း ငါတို့ အရောင်းအဝယ်ဖြစ်နိုင်ပါတယ်"

“ဟန်နီ၊ မင်းကို ကားတစ်စီးဝယ်ပေးမယ်လို့ ကတိပေးထားတယ်မလား။ ဂျာဂွားကားသစ်တစ်စီး ဆိုရင်ရော ဘယ်လိုလဲ။ မနက်ဖြန်ကျရင် ဝယ်ပေးမယ်လေ ဟားဟား…။ ငါ ညနေကျရင် မင်းကို လာတွေ့မယ်နော်။ နေ့လည်ခင်းလား။ မဖြစ်ဘူး နေ့လည်ကျရင် ငါ့မိန်းမအတွက် တစ်ခုခုဖြေရှင်းပေးရားမယ်။ ညနေကျရင်သာ ငါ့ကို စောင့်နေပေးပါ။ ငါ့ကို အနမ်းလေးပေးပါဦး”

…

-အပိုင်း(၂၅၆) ပြီး

wunzinnosp

## အပိုင်း(၂၅၇) ကျောက်ဒါဟူ၏အမြင်

ကျောက်ဖုန်းသည် မားစီးဒီးအား မောင်းကာ အပန်းဖြေဥယျာဉ်မှ ထွက်လာခဲ့၏။

ကျန်းဟုန်ပေါ့က အားလုံးအား စီမံပေးနိုင်မလားဆိုသည်ကိုလည်း စာချုပ်စာတမ်းမပြုလုပ်ခဲ့ချေ။ ကျောက်ဖုန်း၏အမြင်တွင် ကျန်းဟုန်ပေါ့သည် ဂူချန်း၏အထောက်အထားကို သိရှိပြီး ငွေအား အလွဲသုံးစားလုပ်ဝံ့မည်မဟုတ်ပေ။

ထို့ပြင် ကျောက်ဖုန်းသည် ၎င်းကို ငွေပိုတောင်းမည်အား စိုးရိမ်ခြင်းမရှိဘဲ ယွမ်နှစ်ဆယ့်နှစ်သန်းက သူမျှော်လင့်ထားသလောက်ဖြစ်ပေသည်။ ကျန်းဟုန်ပေါ့ မည်မျှပင် အပိုငွေကြေးလိုချင်နေပါစေ သူ၏လိုအပ်ချက်များကို လိုက်နာနေသ၍ သူပေးမည်ဖြစ်သည်။

စားသောက်ဆိုင်သို့ ပြန်ရောက်ပြီးနောက် ဘာမှ လုပ်စရာမရှိသဖြင့် ကျောက်ဖုန်း ကမ်းခြေသို့ ပြန်သွားခဲ့သည်။

ချေမှုန်းရေးလေ့ကျင့်မှုမှာ ပြီးလုနီးပါးရှိပြီး ရက်အနည်းငယ်အတွင်း ပြီးသွားခဲ့သည်။ အားဟူနှင့် အခြားသူများမှာ သွက်လက်ထက်မြက်၏။ သူတို့သည်

အရှိန်အဟုန်ဖြင့် အသိပညာများကို သင်ယူခဲ့ကြပြီး လေ့ကျင့်ရေးတွင် ထူးထူးခြားခြား တိုးတက်ခဲ့ကြသည်။

မုန့်မုန့်အပန်းဖြေရာ စားသောက်ဆိုင်တွင်။

ကျန်းဟန်သည် ၁၂ နာရီ ထိုးခါနီးတွင် ချက်ပြုတ်ပြင်ဆင်မှု စတင်ခဲ့၏။

စွန်းမိသားစုသည် စားသောက်ဆိုင်၏အလယ်ရှိ အဖွဲ့ဝင်စားပွဲတွင် ထိုင်နေကြသည်။

မကြာမီပင် လျန်မုန့်ချီနှင့် အခြားနှစ်ယောက် ရောက်လာခဲ့ကြသည်။

"ဟေး နင်ဘာလို့ ဒီနေ့အစောကြီးရောက်နေတာလဲ" လျန်မုန့်ချီက စိတ်ဝင်တစားမေးသည်။

သူမသည် အဖွဲ့ဝင်များ၏အလေ့အကျင့်ကို ကောင်းစွာ သိသည်။ ယေဘုယျအားဖြင့် စွန်းမိသားစုသည် ၁၂ နာရီခွဲနောက်ပိုင်းတွင် ရောက်လာလေ့ရှိ၏။

"ငါတို့ မနက်ကတည်းကရောက်နေတာ" စွန်းဒုန်ဟမ်က ပြုံး၍ ပြန်ပြောသည်။

"ဘာလို့ ဒီလောက်စောနေတာလဲ" လျန်မုန့်ချီက ပြုံးလိုက်သည်။

"နေ့လည်စာက ဘာစားရမှာလဲ။ အသားလား" ယူချင်းချင်းက မီးဖိုချောင်ဘက်ကို စိုက်ကြည့်နေ၏။

"အသားမဟုတ်ဘူး။ ဒီနေ့ နေ့လည်စာက ခေါက်ဆွဲအေးမှာထားတယ်" စွန်းဒုန်ဟမ်က ခေါင်းယမ်းကာ ပြောသည်။

"ဘာ။ အခု ကြိုက်တာ မှာလို့ရနေပြီလား" ကျောက်ဒါဟူ လုံး၀ အံ့အားသင့်သွားသည်။

"ငါနိုင်ငံခြားသွားဖို့ စီစဉ်ထားတာမလို့ မစ္စတာကျန်းက ဘာစားချင်လဲဆိုပြီး မေးတာ" စွန်းမင်က သဘောကျစွာ ပြုံးသည်။

"အိုး အန်ကယ်စွန်း နိုင်ငံခြားဘာလုပ်သွားမှာလား" ယူချင်းချင်းက စိတ်ဝင်တစားမေးသည်။

"ငါ့အဖေက ငါ့ရဲ့စူပါစတားဖြစ်ဖို့အိမ်မက်ကို အကောင်အထည်ဖော်ပေးဖို့ နိုင်ငံခြားက သူ့ရဲ့သူငယ်ချင်းတစ်ယောက်ဆီ ဖျော်ဖြေရေးလုပ်ငန်းအကြောင်း သွားလေ့လာမလို့လေ" စွန်းဒုန်ဟာမ်က ဂုဏ်ယူစွာ ပြောသည်။

"အိုး ငါတို့နှစ်ယောက်က နယ်ပယ်တူတာပဲ" ကျောက်ဒါဟူက ခန္ဓာကိုယ်အား တွန့်လိုက်၏။

"မင်းရော ဒီနယ်ပယ်ကပဲလား" စွန်းဒုန်ဟာမ်က မေးသည်။

"ဟားဟား…" ကျောက်ဖုန်းဟူက ပြုံးကာ သူ၏လက်သန်းကို မြှောက်လိုက်သည်။ သူ၏မျက်နှာမှာ ယုံကြည်မှုအပြည့်ဖြင့် ပြုံးလိုက်ပြီး "ရုံတိုင်ဖျော်ဖြေရေးကုမ္ပဏီကို ကြားဖူးလား"

“ကြားဖူးတယ်။ လျို့ချမ်းက အဲဒီကုမ္ပဏီက သရုပ်ဆောင်တစ်ယောက်လေ” စွန်းဒုန်ဟာမ်က ကျောက်ဒါဟူအား ကြည့်ရင်း တက်ကြွလာသည်။

ရုံတိုင်အန်တာတိတ်မန့်ကုမ္ပဏီသည် အထူးကျော်ကြားခြင်းမရှိသော်လည်း ဘီအဆင့်နှင့် စီအဆင့် ကြယ်ပွင့်များကို ပြုစုပျိုးထောင်ပေးခဲ့သည့် အကြီးစားဖျော်ဖြေရေးကုမ္ပဏီကြီးဖြစ်နေဆဲပင်။

“မင်းပြောချင်တာ ရှောင်လျို့လား” ကျောက်ဒါဟူက နှုတ်ခမ်းအား တင်းတင်းဖိလိုက်ပြီး မိန်းမဆန်သည့်လေသံဖြင့် ပြောသည်။ “ငါ ကုမ္ပဏီရဲ့ဂီတဆိုင်ရာဒါရိုက်တာအနေနဲ့ရှိတုန်းက သူ့ကို ပြုစုပျိုးထောင်ပေးခဲ့တာ။ ဒါပေမယ့် ငါ တစ်ယောက်ယောက်ကို ဆန့်ကျင့်မိတဲ့အတွင် လူထုပြန်ကြားရေးဌာနကို ပြောင်းရွှေ့ခံခဲ့ရတယ်။ ငါ ထွက်စာတင်ခဲ့တာတောင် တော်တော်ကြာပြီ”

"အိုး မင်းမှာ နောက်ခံကောင်းကောင်းရှိတာပဲ" စွန်းဒုန်ဟမ်က အံ့အားသင့်စွာ ပြောသည်။

"အာ မင်းထင်သလောက်လဲ မဟုတ်ပါဘူး" ကျောက်ဒါဟူက လက်ကို အကြိမ်ကြိမ် ဝှေ့ယမ်းပြသည်။

"ငါက ကြယ်ပွင့်ဖြစ်ဖို့ အရည်အချင်းမီတယ်လို့ ထင်လား" စွန်းဒုန်ဟမ်က ပြောကာ သူ၏တုံ့ပြန်မှုကို မျှော်လင့်တကြီးကြည့်နေသည်။

"အရည်အချင်းလား" ကျောက်ဒါဟူက သူ့အား အကဲခတ်လိုက်ပြီး ခေါင်းကို အသာယမ်းလိုက်သည်။

"ငါ့မှာ အရည်ချင်းရှိတယ်လို့ မထင်ဘူးလား" စွန်းဒုန်ဟမ်မှာ စိုးရိမ်လာသည်။

"မင်းအနေနဲ့ ကြယ်ပွင့်တစ်ယောက်ဖြစ်ဖို့ဆိုတာတော့ မဖြစ်နိုင်တာမဟုတ်ပါဘူး။ ဒါပေမယ့် မင်းအတွက် ပိုကောင်းတဲ့လမ်းကြောင်းကို ငါစဉ်းစားမိတယ်"

အလုပ်အကြောင်း စလာသည်နှင့် ကျောက်ဒါဟူမှာ လေးနက်လာ၏။

"အဲဒါ ဘာလဲ" စွန်းဒုန်ဟမ်က ကမန်းကတမ်းမေးသည်။

ထိုအချိန်တွင် စွန်းမင်၊ စွန်းအမေ၊ ယူချင်းချင်းနှင့် လျန်မုန့်ချီတို့ပင် ကျောက်ဒါဟူအား သိချင်စိတ်ဖြင့် ကြည့်နေကြသည်။

"အချိန်ဆွဲမနေစမ်းနဲ့ မြန်မြန်ပြောပါ" ယူချင်းချင်းက ကျောက်ဒါဟူအား မျက်စောင်းထိုးလိုက်၏။

"စိတ်အေးအေးထားပါ။ ငါအခု ပြောပါ့မယ်" ကျောက်ဒါဟူက အော်ဟစ်လိုက်ပြီး စွန်းဒုန်ဟမ်အား ကြည့်ကာ ပြောလိုက်သည်။

"မင်း ဆိုင်ကို ပထမဆုံးရောက်လာတဲ့အချိန်ကို မှတ်မိလား။ အဲဒီတုန်းက မင်းက နည်းနည်းလေး မာနကြီးတယ်။ မင်းရဲ့ ပင်ကိုယ်စရိုက်ကြောင့် မင်းအနေနဲ့

အောက်ဒေါလိုက်ဖ်စထွင်းလွှင့်တာနဲ့ စတင်လို့ရတယ်။ လွန်ခဲ့တဲ့နှစ်နှစ်အတွင်း လိုက်ဖ်စထွင်းလွှင့်တဲ့အလုပ်က ပိုပြီး တိုးတက်လာခဲ့တယ်။ ပိုပြီးတော့ နာမည်ကျော်ကြာလာဖို့ လွယ်ကူတဲ့လမ်းကြောင်းဖြစ်လာခဲ့တယ်။ သူဌေးသားတစ်ယောက်ရဲ့ နေ့စဉ်ဘဝနဲ့ အရမ်းကျော်ကြားလာတဲ့အခါကျရင် အဆိုတော်တစ်ယောက်ဖြစ်လာနိုင်ပါတယ်။ အချက်အားလုံးကို ထည့်သွင်းစဉ်းစားပြီးရင် မင်းကို အဲဒီအကြံပေးချင်တယ်”

“လိုဖ်စထွင်းလွှင့်ရမှာလား။ ငါ အရင်က အဲဒီအကြံရခဲ့ဖူးတယ်” စွန်းဒုန်ဟမ်၏မျက်လုံးများ တောက်ပသွားသော်လည်း ထိုနောက်တွင် တုံ့ဆိုင်းသွားသည်။ “ဒါပေမယ့် ဟို့တ်တစ်ယောက်ကနေ ကြယ်ပွင့်ဖြစ်လာဖို့က အရမ်းခက်တယ်။ လူတော်တော်များများက ဟို့တ်တွေကို ငြင်းပယ်ကြတဲ့အတွက် ဘယ်သူမှ တကယ်တမ်းမအောင်မြင်ခဲ့ကြဘူး”

“အဲဒါ သူတို့ရဲ့နည်းလမ်းက အမှန်မဟုတ်လို့ပါ” ကျောက်ဒါဟူက ခေါင်းကို အသာယမ်းလိုက်သည်။ “လူတွေက လိုဖ်စထွင်းလွှင့်တာကနေ ဝင်ငွေအများကြီးရတဲ့အတွက် သူတို့ထဲက လူနည်းစုကပဲ နာမည်ကြီးလာပြီးတဲ့နောက် ဒါကို စွန့်လွှတ်ဖို့ဆန္ဒရှိကြတာ။ ဒါပေမယ့် လိုဖ်စထွင်းလွှင့်တာကို စွန့်လွှတ်လိုက်တာက ပထမအဆင့်ပဲ။ ပြီးရင် မင်းကို ပြစုပြုထောင်ပေးပြီး မင်းအတွက် ရင်းနီးမြှုပ်နှံပေးမယ့်ပြဿနာကို ရင်ဆိုင်ရမှာ”

“အာ…” စွန်းဒုန်ဟမ်မှာ တုံ့ဆိုင်းသွားပြီး စွန်းမင်ကို ကြည့်လိုက်သည်။

“မင်းကြိုက်တာလုပ်ပါ။ မင်းရဲ့နှလုံးသားနောက်ကိုပဲ လိုက်” စွန်းမင်က သူ့အား နူးညံ့စွာ ပြုံး၍ ပြောသည်။ “ဒါပေမယ့် မင်း အကျင့်သိက္ခာရှိတဲ့သူဖြစ်ရမယ်”

“ကျွန်တော်သိပါပြီ အဖေ” စွန်းဒုန်ဟမ်က နှုတ်ခမ်းများကို ဖိကပ်ထားကာ ခေါင်းကို လေးလေးနက်နက် ညိမ့်လိုက်၏။

ဤမြင်ကွင်းကို မြင်သည့်အခါ လျှန်မုန့်ချီနှင့်အခြားသူများ ပြုံးသွားကြသည်။ နွေးထွေးသည့်မိသားစုအသိုက်အဝန်းကိုး သူတို့ ခံစားနိုင်ကြသည်။

နေ့လယ်တွင် ကျန်းဟန်သည် သခွားသီးကြက်သွန်ဖြူဆော့စ်၊ အာလူးစီချွမ်နှင့်အတူ ခေါက်ဆွဲအေးကို ပြုလုပ်ခဲ့သည်။

နေ့လယ်စာစားပြီးနောက်တွင် စွန်းဒုန်ဟမ်သည် သူ၏မိဘများအား လေဆိပ်သို့ လိုက်ပို့ပေးပြီး တွန့်ဆုတ်စွာဖြင့်သူတို့ကို နှုတ်ဆက်ခဲ့သည်။

သို့သော် သူပြန်လာပြီး Audi A8L ကို မြေအောက်ကားပါကင်တွင် ထိုးလိုက်သည့်အချိန်၌ အနည်းငယ် စိတ်လှုပ်ရှားလာခဲ့သည်။ ကားထဲမှ ထွက်လာပြီးနောက် အသစ်စက်စက်ကားသော့ကို ထုတ်ကာ ခလုတ်အား နှိပ်လိုက်သည်။ ရုတ်တရက် Audi A8L ဘေးရှိ

ပြိုင်ကားတစ်စီး၏မီးရောက်များက တောက်ပစွာ လင်းလက်သွားသည်။

"ဒါက တကယ့်ကို အလှလေးပဲ"

စွန်းဒုန်ဟမ်သည် သူ့ကိုယ်သူ တိုးတိုးလေးပြောရင်း ကားအား လုံး၀ နှစ်ခြိုက်သဘောကျစွာ ကြည့်သည်။

သူ၏ ယခင် BMW Z4 အား ရောင်းချပြီး ယွမ် ၃.၅ သန်းတန်သည့် McLaren 625C အ၀ါရောင်တစ်စီး ၀ယ်ယူခဲ့လေသည်။

နိုင်ငံခြားမသွားခင် စွန်းမင် သူ့အား ယွမ်ငါးသန်း ပေးခဲ့လေသည်။ ထိုငွေအား လက်ထဲကိုင်ထားရသည်တွင် သူအရမ်းပျော်ရွှင်နေခဲ့ပြီး ကားဟောင်းကို ရောင်းထုတ်ကာ သူအလွန်လိုချင်နေခဲ့သည့် McLaren ၀ယ်လိုက်လေ၏။

ဤကားအတွက် ယွမ် ၃.၅ သန်းသုံးခဲ့သော်လည်း သူ၏မုန့်ဖိုးငွေနှင့် ကားဟောင်းရောင်းရငွေအပါအ၀င် ယွမ် ၂

သန်းကျော် ကျန်သေးပေသည်။ ဤသည်က သူရဖူးသမျှတွင် အများဆုံးပမာဏဖြစ်လေသည်။

ကားတံခါးကို ဖွင့်ကာ အထဲဝင်ပြီးနောက် စွန်းဒုန်ဟာမ်သည် အတွင်းခန်းပစ္စည်းများကို အကဲခတ်လိုက်သည်။ ထိုနောက် စတီယာရင်ကို လက်နှစ်ဖက်ဖြင့် ညင်သာစွာ ပွတ်သပ်၏။ သူ၏မျက်နှာမှာ ကျေနပ်အားရစွာဖြင့် ကားကို စက်နှိုးလိုက်ကာ ဂိုယာနင်း၍ မြေအောက်ကားပါကင်မှ ထွက်လာခဲ့သည်။

ကားသည် လမ်းမပေါ်တွင် မောင်းနှင်နေချိန်၌ သဘာဝကျကျပင် လမ်းသွားလမ်းလာများစွာကို ဆွဲဆောင်သွားနိုင်သောလည်း စွန်းဒုန်ဟာမ်မှာ အနည်းငယ် မကျေမနပ်ဖြစ်နေလေသည်။

"အင်း...ဒါက မန်ဘာကတ်လောက် စိတ်ကျေနပ်ဖို့မကောင်းဘူးကွာ" သူ၏နှုတ်ခမ်းများမှာ ရှုံ့မဲ့သွား၏။

သူ၏ရှေ့မှလူများက သူ့အား မန်ဘာကတ်ကိုကိုင်၍ ဆိုင်ထဲသို့ဝင်သွားသည့်အချိန်တွင် အံ့သြတကြီးဖြင့် ကြိမ်ဖန်များစွာ အော်ဟစ်ကြသည်ကို သတိရမိသည်။

သူသည် စားသောက်ဆိုင်သို့ မောင်းလာပြီး ကားကို ရပ်ကာ အမြန်ဝင်သွားလိုက်၏။

"သူဌေး သူဌေး" စွန်းဒုန်ဟမ်သည် ကျန်းဟန်အနားသို့ လျှောက်သွားပြီး ပြောသည်။ "ကျွန်တော့်မိဘတွေ နိုင်ငံခြားသွားတယ်ဆိုတော့လေ အဖွဲ့ဝင်ကတ်ကို ကျွန်တော့် သူငယ်ချင်းတွေ သုံးခွင့်ပြုလို့ရမလား"

ပြောပြီးနောက်တွင် စွန်းဒုန်ဟမ်သည် ကျန်းဟန်အား စူးစိုက်ကြည့်နေ၏။ သူဌေး၏ဆုံးဖြတ်ချက်က သူ၏သူငယ်ချင်းများအား ကြွားဝါခွင့်ပြုပါ့မလား။

သာမန်လူများမှာ အံ့သြဖွယ်အစားအသောက်များကို စားနိုင်ဆဲဖြစ်သော်လည်း အဖွဲ့ဝင်များအနေဖြင့် အမျိုးမျိုးသော အရသာများကို စားနိုင်သည့် ဤဆိုင်သို့

ကောင်မလေးတစ်ယောက်ကို ခေါ်ဆောင်လာပါက သူမအား လိုက်ရာတွင် မုချအောင်မြင်မည်ဖြစ်သည်။

သူ၏အကြည့်အောက်တွင် ကျန်းဟန်က ကျေနပ်လောက်သည့်အဖြေတစ်ခု ပေးလိုက်၏။

"ရတယ်"

"ဟုတ် ကျေးဇူးပါ သူဌေး။ ဟားဟားဟား....အရမ်းကောင်းတယ်" စွန်းဒုန်ဟမ်သည် အရုပ်များနှင့် ကစားနေသည့် မုန့်မုန့်အား ကြည့်လိုက်ပြီး "သူဌေး ငါ ကားသစ်တစ်စီးဝယ်ထားတယ်။ မုန်မုန့် ငါနဲ့အတူ ကားလိုက်စီးချင်လား"

"ကားလိုက်စီးရမှာလား" မုန့်မုန့်သည် အရုပ်များအား ဘေးချထားလိုက်သည်။ သူမ၏မျက်လုံးဝိုင်းကြီးများမှာ တောက်ပလာပြီး ကလေးသံလေးဖြင့် ပြောလိုက်သည်။ "အင်း...ဘယ်လိုကားလိုက်စီးကြမှာလဲ"

"အဲဒါက ငါတို့ ကားပတ်မောင်းကြမှာလေ" စွန်းဒုန်ဟမ်က ရှင်းပြသည်။

"ပတ်မောင်းမှာလား" မုန့်မုန့် ခဏလောက်စဉ်းစားလိုက်ပြီး ကျန်းဟန်အား ကြည့်ကာ "ဖေဖေ သမီးတို့ သွားကြမှာလား"

"မုန့်မုန့် သွားချင်ရင် ဖေဖေတို့ သွားကြတာပေါ့" ကျန်းဟန်ကဆိုသည်။

ဤအချိန်တွင် ဇီယန်သာ ရှိနေပါက သူမ သူ့အား မျက်စောင်းထိုးပေလိမ့်မည်။

"ရှင်ဘယ်လို အဖေလုပ်နေတာလဲ။ မုန့်မုန့် ဘာပဲလိုချင်ချင် ပေးတယ်။ ကျွန်မကိုကျတော့ အဲ့လိုတစ်ခါမှ မဆက်ဆံဖူးဘူး။ သစ်သားတုံးအရူးကောင်"

"အင်....ကောင်းပြီး ကားသွားစီးကြမယ်"

သူမ၏စကားကြောင့် စွန်းဒုန်ဟမ်မှာ အံ့အားသင့်သွားသည်။ မုန့်မုန့် အနည်းငယ် တွန့်ဆုတ်နေခဲ့သည်ဟု သူထင်ခဲ့၏။

မုန့်မုန့်သဘောတူလိုက်သည်နှင့် ကျန်းဟန်က သူမအား ပွေ့ချီလိုက်ပြီး ဆိုင်ထဲမှ ထွက်လာကာ ခရီးသည်ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ စွန်းဒုန်ဟမ်သည် ကျပန်းလမ်းကြောင်းတစ်ခုကို ရွေးချယ်ကာ လှည့်ပတ်မောင်းနေခဲ့၏။

...

ဤအတော်အတွင်း၌ ဟောင်ကောင်ပင်လယ်ရေပြင်ရှိ ကျွန်းတစ်ကျွန်းပေါ်တွင်။

အတန်သင့်ကြီးမားသော ကျွန်းသည် ရှန်းလဲစိမ်းစိုသည့် သစ်ပင်များဖြင့် ဖုံးလွှမ်းနေ၏။ တောအတွင်း အလယ်၌ ကွင်းပြင်များ၊ အဆောက်အဦးများနှင့် ဆက်စပ်ပစ္စည်းများရှိနေလေသည်။

ငင်းသည် စစ်စခန်းတစ်ခုဖြစ်ပြီး ထိုကျွန်းအား ပုန်းကွယ်နေသောနဂါးဟု ခေါ်လေသည်။

ဟောင်ကောင်ရှိ အထူးတပ်ဖွဲ့များသည် ပုန်းကွယ်နေသောနဂါးကျွန်းတွင် နှစ်စဉ် ပြိုင်ပွဲကျင်းပကြ၏။

ပြိုင်ပွဲသည် အထူးတပ်ဖွဲ့များ၏လေ့ကျင့်မှုကို ဆန်းစစ်ရန်ရည်ရွယ်သည်သာမက အနာဂတ်တွင် ၎င်းတို့ရရှိမည့် အရင်းအမြစ်များနှင့်လည်း သက်ဆိုင်လေသည်။

ဤကွင်းပြင်တွင် စိန်ခေါ်ကွင်း ၈ ခုရှိပြီး ပြိုင်ကွင်းတစ်ခုတွင် လူနှစ်ယောက် တိုက်ခိုက်နေကြသည်။ အတွင်းဆုံးဧရိယာတွင် စင်တစ်ခုရှိနေပြီး နည်းပြလျှိုအပါအဝင် လူတစ်ဒါဇင်ခန့် ထိုင်နေကြ၏။

နည်းပြလျှိုသည် အဖြစ်အပျက်ကို မြင်သည့်အခါ မျက်နှာမှာ မည်းမှောင်လာသည်။ ယေဘူယျအားဖြင့် တိုက်ခိုက်ရေးသမားများသည် တစ်ပြိုင်တည်း

ရပ်တန့်သင့်သည်။ ဆိုးညစ်သည့် အဖွဲ့မှလူများသာ တစ်ယောက်နှင့်တစ်ယောက် ထိခိုက်အောင် လုပ်ကြ၏။

"ဟားဟားဟား...နည်းပြလျို မင်းရဲ့ရဲဘော်တွေက ဘာလို့ အားနည်းလာတာလဲ"

စင်ပေါ်တွင် နည်းပြလျိုနှင့် ခပ်လှမ်းလှမ်း၌ ထိုင်နေသော အသက်သုံးဆယ်ကျော်ခန့် ထိပ်ပြောင်အမျိုးသားတစ်ဦးက လှောင်ပြောင်သည့်လေသံဖြင့် မေးသည်။

"မင်းရဲ့ ဝံပုလွေခေါင်းအဖွဲ့က အားနည်းတာပဲ။ ယွမ်ဟန်အထူးတပ်ဖွဲ့က ဘာလို့ မင်းကို ဒီလွှတ်လိုက်သလဲဆိုတာ ငါတကယ် နားမလည်ဘူး။ ငါတို့နဲ့ ပြိုင်ဖို့ ဒုတိယတပ်ဖွဲ့ကို လွှတ်လိုက်တာကမှ ပိုကောင်းမယ်ထင်တယ်။ ငါတို့ လင်းယုန်နဂါးတပ်ဖွဲ့ကို မယှဉ်နိုင်ပေမယ့်လို့ အနည်းဆုံးတော့ ဒီလောက်ဆိုးဆိုးရွားရွား ရှုံးနိမ့်မှုကို ခံစားကြရမှာ မဟုတ်ဘူး"

"ထိုက်ရီထျန် မင်းရဲ့ပေါက်ကရမှတ်ချက်စကားတွေက ရပ်လိုက်လို့မရဘူးလား။ မင်းဘယ်သူနဲ့ ပြောနေတယ်ထင်လို့လဲ" နည်းပြလျိုက စားပွဲအား ပုတ်ကာ သူ့အား စိုက်ကြည့်သည်။

"ဘာလို့ ငါ့ကို ထိုက်ရီထျန်လို့ ခေါ်တာလဲ။ မင်းက ငါ့ကို ဒေါသထွက်အောင်လုပ်ချင်တာလား" ထိပ်ပြောင်လူက နှာခေါင်းရှုံ့လိုက်ပြီး "နည်းပြလျို ငါ့နာမည်က ထိုက်လွေ့ထျန်း ဆိုတာ ထပ်ပြီး သတိပေးလိုက်မယ်"

"အဲဒါက ထိုက်ရီထျန်းနဲ့ အတူတူပဲ မဟုတ်လား"

"ဘာပဲဖြစ်ဖြစ်" ထိုက်ရီထျန်းက မထီမဲ့မြင်ရယ်မောလိုက်ပြီး "သူတို့ရဲ့နည်းပြအနေနဲ့ မင်း သူတို့ရဲ့ တကယ့်ခွန်အားကို သိသင့်တယ်။ အကြိမ်ပေါင်းများစွာ ရှုံးနိမ့်ခဲ့ပေမယ့် နှစ်တိုင်း ဒီကိုလာကြတယ်။ ဟားဟား…သူတို့ထဲက ဘယ်သူမှ မလှုပ်နိုင်ကြဘူး။ အရမ်းကို အံ့ဩဖို့ကောင်းတယ်"

"ငါယီးတဲ့မှ" နည်းပြလျိုက ရုတ်တရက် ထရပ်ကာ ထိုင်ခုံအား ကန်ထုန်လိုက်သည်။ သူသည် ထိုက်ရီထျန်းအား အော်ဟစ်လိုက်၏။ "လာ တိုက်ကြမယ်"

"မင်းနဲ့တိုက်ရမှာလား။ မင်းသေချာလို့လား" ထိုက်လွေ့ထျန်း၏မျက်လုံးများ တောက်ပလာသည်။ ဤအခိုက်အတန့်အား သူစောင့်မျှော်နေသည်ဖြစ်၍ မတ်တပ်ထရပ်ကာ အသံသြကြီးဖြင့် ပြန်ပြောသည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ။ မင်းတို့ နည်းပြတစ်ယောက်လို့ ပြုမူလို့မရဘူးလား" ထိပ်ဆုံးခုံတွင် ထိုင်နေသော နည်းပြချုပ်က သူတို့အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

သူပြောလိုက်သည်နှင့် အသံတိတ်သွား၏။ အခြားနည်းပြများကလည်း သူတို့အား စိတ်လျှော့ရန် ပြောကြသည်။

"ကောင်းပြီ လောင်လျို လောင်ထိုက် ငြင်းခုံမနေကြနဲ့တော့။ ထိုင်ပြီး ပြိုင်ပွဲကို ကြည့်ကြပါကွာ"

"စိတ်အေးအေးထားကြပါ။ မင်းတို့ ရက်နည်းနည်းလောက် အတူတူနေကြရမှာပဲကို။ ..."

"..."

သူတို့၏ စကားများကို ကြားပြီးနောက် ထိုက်လွေ့ထျန်းက နှာခေါင်းရှုံ့ကာ ပြောသည်။ "ထားလိုက်တော့။ ကိစ္စတွေပြီးအောင် ကြိုးကိုဆွဲနေတဲ့သူနဲ့ ငြင်းခုံနေဖို့ စိတ်မဝင်စားတော့ဘူး"

ထိုနောက် သူသည် ထိုင်ကာ ဂရုမစိုက်သည့်ဟန်ဖြင့် ပြိုင်ပွဲအား ကြည့်နေလိုက်သည်။

"မင်း..."

နည်းပြလျိုမှာ အလွန်ဒေါသထွက်သွားပြီး မျက်နှာဖြူဖျော့သွားကာ ထထွက်သွား၏။

...

-အပိုင်း(၂၅၇) ပြီး

wunzinnosp

## အပိုင်း(၂၅၈) အင်ပါယာဒုန်

ကွင်းပြင်ကို ဖြတ်သွားပြီးနောက် နည်းပြလျိုသည် တောစပ်တွင် ရပ်လိုက်သည်။ သူသည် သစ်ပင်တစ်ပင်ကို မှီကာ အိတ်ကပ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ တစ်လိပ်မီးညှို၍ ဖွာလိုက်၏။

"ဟူး...."

"ဘယ်လို ခွေးသူတောင်းစားလဲကွာ"

နည်းပြလျိုသည် ဒေါသထွက်လွန်းသဖြင့် အကြိမ်ကြိမ် သွားများကို ကြိတ်နေမိသည်။ ခဏလောက် နားပြီးနောက်

သူသည် ဖုန်းကို ထုတ်ကာနံပါတ်တစ်ခုအား တိုက်ရိုက်ခေါ်ဆိုလိုက်၏။ ဖုန်းဝင်သွားပြီးနောက် အသံနက်ကြီးဖြင့် ပြောသည်။

“ရှောင်ဖုန်း လင်းယုန်နဂါးအဖွဲ့ကကောင်တွေ ငါ့ကို ခက်ခဲအောင် တွန်းပို့နေကြတယ်”

“သူတို့ ထပ်ပြီး ပြဿနာရှာပြန်ပြီလား”

ထိုအချိန်တွင် ကျောက်ဖုန်းသည် ကမ်းခြေတွင် ရှိနေပြီး သူ၏စကားကို ကြားပြီးနောက် မျက်မှောင်ကြုတ်သွား၏။

နတ်ဆိုးတပ်ဖွဲ့ဟုခေါ်သည့် လင်းယုန်နဂါးတပ်ဖွဲ့သည် မိုးကြိုးအထူးတပ်ဖွဲ့၏ သတ္တမမြောက် တပ်ခွဲဖြစ်သည်။

လင်းယုန်နဂါးတပ်ဖွဲ့၏လူများမှာ သာမန်စံနှုန်းများအတိုင်း လုပ်ဆောင်လေ့မရှိကြဘဲ အမြဲတမ်း ရန်လိုကြမ်းကြုတ်သည့် အပြုအမူများ ရှိကြ၏။ သူတို့၏ရန်လိုတတ်မှုသည့် ရန်သူတပ်ဖွဲ့မှသို့ပန်းများကို

သတ်လုနီးပါးပင်ရှိကြပြီး တစ်ခါတစ်ရံတွင် မိတ်ဖက်တပ်ဖွဲ့များနှင့်ပင် ရန်ပွဲများဖြစ်လေ့ရှိ၏။ သူတို့တွင် လူဆိုးလူမိုက်များကဲ့သို့သော စိတ်ထားများရှိကြသည်။

၎င်းအချက်များကြောင့် သူတို့သည် တပ်ဖွဲ့ခွဲများကြားတွင် တာဝန်များအား အများဆုံးပြီးမြောက်ကြလေသည်။

ထိုအောင်မြင်မှုများအားလုံးမှာ ၎င်းတို့၏နည်းပြ ထိုက်လွေ့ထျန်းကြောင့် ဖြစ်၏။

ထိုက်လွေ့ထျန်းသည် ဝံပုလွေခေါင်းတပ်ဖွဲ့၏နည်းပြရာထူးအတွက် ယှဉ်ပြိုင်ရာတွင် စစ်ဆေးမှုရှစ်ခုလုံးကို အောင်မြင်ခဲ့ပြီး နည်းပြလျို့နှင့် အပြိုင်ဖြစ်ခဲ့သည်။ သို့သော် နည်းပြလျို့က အနိုင်ရခဲ့၏။ ထို့ကြောင့် ထိုက်လွေ့ထျန်းသည် နည်းပြလျို့အား တိုက်ခိုက်ရန် တောင်းဆိုခဲ့၏။ ရလဒ်အနေဖြင့် နည်းပြလျို့ ဒဏ်ရာရရှိခဲ့ပြီး ထိုက်လွေ့ထျန်းမှာ ယွမ်ဟန်အထူးတပ်ဖွဲ့မှ ထုတ်ပယ်ခံခဲ့ရသည်။

တစ်နှစ်အကြာတွင် ထိုက်လွေ့ထျန်းသည် မိုးကြိုးအထူးတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ယခင်ကထက် အဆများစွာ ပို၍အားကောင်းလာကာ အတွင်းအားအဆင့်သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်မှစ၍ သူသည် နည်းပြလျို့နှင့် အကြိမ်များစွာ ရန်ဖြစ်ငြင်းခုန်ခဲ့သည်။ တကယ်တမ်းတွင် ကျောက်ဖုန်းသည် ထိုပြိုင်ပွဲတွင် နှစ်ကြိမ်ပါဝင်ခဲ့ဖူး၏။ ပထမအကြိမ်တွင် သူသည် လင်းယုန်နဂါးတပ်ဖွဲ့ခွဲမှ လူတစ်ဦးကြောင့် ဒဏ်ရာရခဲ့၏။ နောက်တစ်နှစ်တွင် သူသည် အကောင်းဆုံးကြိုးစားခဲ့ပြီး နောက်ဆုံး၌ ပြိုင်ဘက်အား အနိုင်ယူခဲ့သည်။

ထို့ပြင် ကျောက်ဖုန်းသည် ထိုအချိန်က အလှည့်အပြောင်းဖြင့် အနိုင်ယူနိုင်ခဲ့သော လူနည်းစုထဲမှ တစ်ဦးဖြစ်၏။

ဤအသိုင်းအဝိုင်းမှလူများသည် ပြိုင်ဘက်တပ်ဖွဲ့ခွဲနှစ်ခုကို သတိပြုမိကြပြီး တိုက်ပွဲအတွင်း

တပ်သားအချို့ဒဏ်ရာအပြင်းအထန်ရခဲ့ကြသော်လည်း အထက်အရာရှိများက ၎င်းတို့အား မည်သည့်အခါကမျှ ဂရုမစိုက်ခဲ့ချေ။ တစ်ခါတစ်ရံ အငြင်းပွားမှုများနှင့် ယှဉ်ပြိုင်မှုများက လူများကို ပို၍ ကြိုးစားရန် တွန်းအားပေးနိုင်သည်ဟု သူတို့ ယူဆကောင်း ယူဆနိုင်၏။

…

"ဒီတစ်ခါရော ဘယ်လိုဖြစ်တာလဲ" ကျောက်ဖုန်း မေးသည်။

"ဟင်း…"

သူ၏မေးခွန်းကို ကြားသည့်အခါ နည်းပြလျိုက သက်ပြင်းချကာ ပြောသည်။

"ဒါက ဒီနှစ်တွေအတွင်း ငါတို့ရဲ့ အဆိုးရွားဆုံးစွမ်းဆောင်ရည်ပဲ။ ငါတို့ရဲ့ အမြန်နှုန်း၊ ခွန်အား၊ သေနတ်ပစ်စွမ်းရည် တွေက သူတို့ထက် နိမ့်ကျတယ်။ ဒီနေ့

ပြိုင်ပွဲရဲ့ ပထမအကြော့မှာ လင်းယုန်နဂါးတပ်ခွဲရဲ့ လူတွေနဲ့ ယှဉ်ပြိုင်ရပြီးတော့ လေးယောက်က ဒဏ်ရာနည်းနည်းရပြီး ကျန်တဲ့ရှစ်ယောက်က ဒဏ်ရာအပြင်းအထန်ရတယ်။ ဒီတစ်ခေါက်တော့ သူတို့ကို သင်ခန်းစာတစ်ခုပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ ငါ လုံးဝ သည်းမခံနိုင်တော့ဘူး။ ရှောင်ဖုန်း မင်းလည်း ဝံပုလွေခေါင်းတပ်ဖွဲ့ခွဲရဲ့လူတစ်ယောက်ပါ။ ဒီနှစ်ရက်အတွင်း အခြေအနေတွေ တိုးတက်မလာခဲ့ရင် မင်းငါ့ကို တစ်လှည့်လောက် လာကူပေးပါလား"

"ကိစ္စမရှိပါဘူး။ ဒါပေမယ့် ငါ သူဌေးကို အရင်ပြောပြီး အားလုံးစီစဉ်ရဦးမယ်။" ကျောက်ဖုန်းက ပြန်ပြောသည်။

"အခြေအနေအရပေါ့" နည်းပြလျှိုသည် မျက်လုံးများကို မှေးလိုက်ပြီး ပြောလိုက်သည်။ "ဒါနဲ့ ရှောင်ဖုန်း အရင်က ငါမင်းကို ဘယ်လိုဆက်ဆံခဲ့သလဲ"

"အရမ်းကောင်းကောင်းဆက်ဆံတာပေါ့။ မင်းက ငါ့ရဲ့ညီအစ်ကိုတစ်ယောက်လိုပဲ။ ဘာဖြစ်လို့လဲ" ကျောက်ဖုန်း သိချင်စိတ်ဖြင့် မေးသည်။

"အာ...အဲ..." နည်းပြလျှိုမှာ တံတွေးမြိုချလိုက်ပြီး ဖြည်းညှင်းစွာပြောလိုက်၏။ "မင်းရဲ့သူဌေးကို ထိုက်ရီထျန်းကို အနိုင်ယူပေးဖို့ ကူပြီး တောင်းဆိုပေးလို့ရမလား။ ငါသူ့ကို ကြည့်လို့မရတော့ဘူး"

"ဆရာက သေချာပေါက် သွားမှာမဟုတ်ဘူး" ကျောက်ဖုန်း တိုက်ရိုက်ပြောလိုက်သည်။ "မင်းငါ့ကို လာနောက်နေတာလား။ ငါ့ဆရာက သူ့သမီးနဲ့နေ့တိုင်းအတူနေပေးနေရတာ။ တခြားဘယ်ကိုမှ သွားဖို့ အချိန်မရှိလောက်အောင် အလုပ်များနေတယ်"

ကျောက်ဖုန်းက မေးစေ့ကို မော့ကာ မထူးမခြားနားဟန်ဖြင့် ပြောလိုက်သည်။ "ဟဲဟဲ

ထိုက်ရီထျန်းလောက်က ကျွန်တော်တစ်ယောက်တည်းနဲ့ အနိုင်ယူလို့ရပါတယ်"

"သူ့ကို မင်းကိုယ်တိုင် အနိုင်ယူမှာလား။ လာနှောက်နေတာလား"

"အာ...ဘာလို့ ဒီလိုပြောရတာလဲ။ နည်းပြ ခွေးတိုင်းမှာ သူတို့ရဲ့နေ့ရက်တွေရှိ..."

ကျောက်ဖုန်း ပြောနေစဉ်တွင် တစ်ဖက်ကဖုန်းချလိုက်၏။

"သူဖုန်းချသွားပြီလား"

ကျောက်ဖုန်း အေးခဲသွား၏။ သူ၏နှုတ်ခမ်းမှာ ရှုံ့မဲ့သွားပြီး "ငါပြောလို့တောင် မပြီးသေးဘူး ဖုန်းချသွားတယ်"

...

တစ်ဖက်တွင် စွန်းဒုန်ဟာမ်သည် လဆန်းလမ်းအတိုင်းမောင်းနေခဲ့သည်။

သူသည် မြို့ပြဧရိယာများတွင် အမြန်မောင်းနှင်၍ မရသော်လည်း လူရှင်းသည့်နေရာများတွင် အရှိန်ပြင်းပြင်းမောင်းနှင်လေ၏။ ပြိုင်ကားတစ်စီး၏အင်ဂျင်သံမှာ တကယ်ကို လှပလေ၏။

ကျန်းဟန်သည် ခရီးသည်ခုံတွင် မုန့်မုန့်အား ဖက်ထားပြီး ထိုင်နေ၏။ ဤအချိန်တွင် မုန့်မုန့်သည် အပြင်ဘက်ရှုခင်းများအား ကြည့်ရှုနေ၏။

ကားပတ်မောင်းပြီးနောက် သူတို့ စားသောက်ဆိုင်သို့ ပြန်လာကြသည်။ စွန်းဒုန်ဟမ်သည် ကားကိုရပ်လိုက်ပြီး ကျန်းဟန်အား ဝမ်းသာအားရပြောသည်။

"သူဌေး ဘယ်လိုလဲ။ ဒီကားက အရမ်းကောင်းတယ်မဟုတ်လား။ အင်ဂျင်ပါဝါကကောင်းပြီးတော့ အရမ်းမြန်တယ်"

"အင်း"

ကျန်းဟန်က ဘာသိဘာသာပင် တုံ့ပြန်၍ မုန့်မုန့်အား ပွေ့ချီကာ ကားပေါ်မှဆင်းသွားပြီး စွန်းဒုန်ဟမ်အား ချန်ထားခဲ့လေသည်။

"အာ..."

စွန်းဒုန်ဟမ်မှာ ကူရာမဲ့စွာဖြင့် ခေါင်းယမ်းလိုက်သည်။ သူသည် သစ်ပင်မှား၍ ဟောင်နေမိခြင်းပင်။ သူ့ငွေးသည် မန်ဘာကတ်တစ်ခုရောင်းလိုက်ရုံဖြင့် ယွမ်ဆယ်သန်းရရှိခဲ့ရာ ဤကဲ့သို့ ကားသုံးစီးဝယ်ရန် ကောင်းကောင်းလောက်ပေသည်။

နာရီကို ကြည့်လိုက်ရ သုံးနာရီထိုးနေပြီဖြစ်၏။ ထို့ကြောင့် စွန်းဒုန်ဟမ်သည် ဘယ်မှသွားမနေတော့ဘဲ ညနေစာစားရန် စားသောက်ဆိုင်တွင်သာ နေလိုက်တော့သည်။

မှန်ပေသည်။ သူသည် သူ၏ကားအသစ်အား ဆိုင်၏သာမန်စားသုံးသူများကို ကြွားပြချင်တာလည်း ပါပေသည်။

ဆိုင်ထဲသို့ ဝင်ပြီးနောက် စွန်းဒုန်ဟမ်သည် သူ၏ခုံတွင် ဝင်ထိုင်လိုက်၏။

ဖုန်းကို ထုတ်ကာ ဒုန်းနိုင်းလိုက်ဖ်ဟုခေါ်သည့် အက်ပလီကေးရှင်းကို ဝင်လိုက်သည်။ ယေဘုယျအားဖြင့် သူသည် အိပ်ခါနီးတိုင်း ဤလိုက်ဖ်ဗီဒီယိုများကို ကြည့်ရသည်အား နှစ်သက်လေသည်။ မိန်းမလှလေးများ၏သီချင်းဆိုခြင်း၊ အွန်လိုင်းဂိမ်းကစားခြင်းနှင့် တိုက်ရိုက်ဖျော်ဖြေမှုများကို ကြည့်ရှုလေ့ရှိသည်။

ဤအက်ပ်တွင် တော်ဝင်စနစ်လည်း ပါရှိ၏။ သုံးစွဲသူများ၏အဆင့်များမှာ ဗိုင်းကောင့်အဆင့်၊ ကောင့်အဆင့်၊ အုပ်စိုးသူအဆင့်နှင့် အင်ပါယာအဆင့်ဟူ၍ ကွဲပြားသည်။ QQ အဖွဲ့ဝင်များကဲ့သို့ သူတို့သည်လည်း အိုင်ဒီသင်္ကေတများဖြစ်သည်။ ယေဘုယျအားဖြင့် အင်ပါယာအဆင့်သည် အာရုံစူးစိုက်မှုအများဆုံးအဆင့်ဖြစ်၏။

ပထမဆုံးအကြိမ်အနေဖြင့် ယွမ် ၁၂၀၀၀၀ ပေးဆောင်ရပြီး လတိုင်းတွင် ယွမ် ၁၀၀၀၀၀ ပေးဆောင်ရသည်။ ပလက်ဖောင်းသည် လူများသုံးနိုင်သည်ထက်ပို၍ လက်ဆောင်များ ပြန်ပေးနိုင်စွမ်းသော်လည်း သူသည်တော့ လစဉ် ယွမ် ၁၀၀၀၀၀ ပေးရလေသည်။

စွန်းဒုန်သည်သည် လွန်ခဲ့သည့်တစ်နှစ်ခန့်ကတည်းက အုပ်စိုးသူအဆင့်ကို ရရှိခဲ့သည်။ တစ်ခါတစ်ရံတွင် သူ သဘောကျသည့် စထွင်မာများကို လက်ဆောင့်အချို့ပို့ပေးပြီး ယခုအခါတွင် သူသည်လည်း နာမည်ကြီးလာကာ ဖော်လိုဝါ ၁၀၀၀၀၀ ကျော်ရှိ၏။

ဤအရာများမှာ သူသုံးစွဲနိုင်သည့် ငွေပမာဏကြောင့်ဖြစ်ကြောင်း စွန်းဒုန်ဟမ်သိရှိလေသည်။

“ငါဆက်ပြီး လက်ဆောင်တွေပေးပို့သင့်လား”

စွန်းဒုန်ဟမ် မျက်လုံးများ မှိတ်တုတ်မှိတ်တုတ်ဖြင့် ရေရွတ်လိုက်၏။

"ငါ ပိုပြီးတော့ လက်ဆောင်တွေ ပို့ပေးသင့်တယ်"

စွန်းဒုန်ဟာမ်သည် တိုက်ရိုက်လွှင့်သည့် နေရာသို့ ဝင်လိုက်၏။ စထွင်မာမှာ နှင်းပွင့်လေးဟု အမည်ရသည့် မိန်းမလှလေးဖြစ်ပြီး သူမ၏ထူးခြားမှုမှာ ကြီးမားသည့်ရင်သားများဖြစ်သည်။ ထို့ပြင် သူမသည် သီချင်းဆိုရာတွင် အလွန်ထူးချွန်သူဖြစ်၏။

လိုက်ဖ်ထဲသို့ဝင်ပြီးနောက် ကောမန့်ဧရိယာတွင် အုပ်စိုးသူဟန်ဒုန် ဝင်ရောက်လာကြောင်း အသိပေးချက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

"ကြိုဆိုပါတယ် အစ်ကိုဟန်ဒုန်" နှင်းပွင့်လေးက စခရင်ရှေ့တွင် အပြုံးလေးဖြင့် နှုတ်ဆက်သည်။

စွန်းဒုန်ဟန်သည် သူ၏အွန်လိုင်းနာမည်အား အလွယ်တကူသာပေးထားခဲ့သည်။ သူ့နာမည်၏နောက်ဆုံးစကားလုံးနှစ်ခုကို ပြောင်းပြန်လုပ်ပြီး ဟန်ဒုန်ဟု ပေးလိုက်သည်။

စွန်းဒုန်ဟာမ်သည် ကြည့်ရှုသူ ၁.၂ သန်းကျော်ရှိသည့် လိုက်ဖ်၏ ရေပန်းစားမှုကို တစ်ချက်ကြည့်လိုက်၏။ သူ့တွင် ယွမ် ၁၂၀၀၀၀ ကျော် ကျန်နေသေးကြောင့် တွေ့လိုက်ရပြီးနောက် တုံ့ဆိုင်းမနေဘဲ အင်ပါယာအဆင့်အတွင် ဝန်ဆောင်မှုများကို ဖွင့်လှစ်လိုက်သည်။

အိုး....

ဟန်ဒုန်သည် နှင်းပွင့်လေး၏လိုက်ဖ်တွင် အင်ပါယာအဆင့်ဖွင့်လိုက်သည်ဆိုသော အသိပေးချက်တစ်ခု လင်းလက်သွားလေသည်။

ခဏချင်းမှာပင် ဝင်ရောက်ကြည့်ရှုသူအများအပြားစုဝေးလာပြီး ဤလိုက်ဖ်၏ရေပန်းစားမှုက သိသိသာသာ မြင့်တက်သွားစေ၏။

“ဝိုး ဘုရားရေ”

နှင်းပွင့်လေးမှာ ထိတ်လန့်သွားသည်။ သူမသည် ပါးစပ်ကျယ်ကျယ်ဟသွားပြီး သူမ၏ရင်သားများက တုန်ခါသွား၏။ ဤအချိန်တွင် စခရင်ပေါ်၌ ကောမန့်များစွာဖြင့် ပြည့်နေ၏။

"ကြီးလိုက်တာ"

"အရမ်းကြီးတာပဲ"

....

နောက်ဆုံးတွင် စွန်းဒုန်ဟမ်သည် ယွမ် ၁၀၀၀၀၀ တန် လက်ဆောင်များပေးပို့လိုက်၏။ လက်ဆောင်များပေးပို့သူမှာ သူတစ်ယောက်တည်းဖြစ်ကြောင်း နှင်းပွင့်လေးသိရှိပြီး အံ့အားသင့်သွားသည်။ သူမသည် စွန်းဒုန်ဟမ်အား သီချင်းနှစ်ပုဒ်တောင်းဆိုရန် ပြောခဲ့၏။

ထိုအချိန်တွင် လိုဖ်၏ရေပန်းစားမှုမှာ ၂ သန်းကျော်သွားသည်။

သီချင်းနှစ်ပုဒ်သီဆိုပြီးနောက် စွန်းဒုန်ဟမ်သည် လိုက်ဖ်ထဲမှ ထွက်လာခဲ့သည်။ သူသည် ယွမ် ၅၀၀၀၀၀၀ အား ပြန်ဖြည့်ကာ ဂိမ်းစထွင်မာကောင်လေးတစ်ယောက်၏လိုက်ဖ်ထဲသို့ ဝင်သွားပြန်၏။

ဝှစ် ဝှစ် ဝှစ်

ဒုံးပျံလက်ဆောင်ကြီး ၁၀ ခုတက်လာသည်နှင့် ကြည့်ရှုသူများကို ချက်ချင်းစွဲဆောင်သွားခဲ့သည်။

"ဘုရားရေ" သူလုပ်လိုက်သည်က စထွင်မာကောင်လေးကို အံ့အားသင့်သွားစေသည်။

စွန်းဒုန်ဟမ်သည် ဤတစ်ကြိမ် ကော်မန့်များကို ထပ်မံဦးဆောင်ခဲ့ပြီး ယွမ် ၁၀၀၀၀၀ တန်လက်ဆောင်များ ပေးပို့ပြီးနောက် ပြန်ထွက်လာခဲ့သည်။

စွန်းဒုန်ဟမ်သည် နောက်ထပ်လိုက်ဖ်လွှင့်သူတစ်ဦး၏လိုက်ဖ်ထဲသို့ဝင်ကာ ဒိုးပျံလက်ဆောင်များ ထပ်မံပေးပို့နေကြောင်း ကြည့်ရှုသူများ ကြားသည့်အခါ ထိုလိုက်ဖ်မှာ ကြည့်ရှုသူများတိုးလာပြန်လေ၏။

သူသည် နောက်ထပ် ယွမ် ၁၀၀၀၀၀ သုံးစွဲခဲ့သည်။ ညီအစ်ကိုဒုန်သည် ငွေကို ရေလိုသုံးသူတစ်ယောက်ဟု လူများက မှန်းဆကြ၏။ ထိုအချိန်တွင် စွန်းဒုန်ဟမ်သည် ဖော်လိုဝါအရေအတွက် သိသိသာသာ တိုးပွားလာသည်။

လူကြည့်နည်းသော လိုက်ဖ်ထဲသို့ သူရောက်သွားသည့်အခါ ကြည့်ရှုသူများက ကောမန့်များရေးကြသည်။

"အင်ပါယာဒုန်ရောက်လာပြီ"

တစ်နာရီကျော်အတွင်း စွန်းဒုန်ဟမ်သည် ယွမ် ၄ သိန်းကျော်သုံးစွဲခဲ့၏။ ထို့ကြောင့် သူ့အား အသုံးဖြုန်းကြီးသူဒုန်ဟု နာမည်ပြောင်ပေးလိုက်ကြသည်။

ယခု သူ၏ပန်းတိုင် ပြီးမြောက်သွားသောအခါ စွန်းဒုန်ဟမ်သည် ထွက်လာခဲ့သည်။ ထိုနောက် လိုက်စထွင်း လွှင့်ခြင်းအတွက် ပစ္စည်းအစုံဝယ်ပြီး ပြင်ဆင်မှုများ စတင်ပြုလုပ်ခဲ့၏။

အချိန်က ၅ နာရီ ၃၀ မိနစ်ဖြစ်သည်။

ကျန်းဟန်သည် မီးဖိုချောင်ထဲတွင် ညစာပြင်ဆင်နေချိန်တွင် စားသုံးသူများ ဆက်တိုက်ရောက်လာကြ၏။

ဇီယန်နှင့် ကျိုးဖေး ပြန်လာသဖြင့် ကျန်းဟန် အံ့သြသွားသည်။

"မေမေပြန်လာပြီ" မုန့်မုန့်သည် အရုပ်များကို ချက်ချင်း ချထားလိုက်ပြီး သူမ၏လက်ကလေးများကို ဇီယန်ဆီ ဆန့်ကာ ပြောလိုက်သည်။ "မေမေ သမီးကိုချီ"

ဇီယန် လျှောက်သွားလိုက်ပြီး မုန့်မုန့်အား ပွေ့ချီလိုက်၏။ သူမအပေါ်ထပ်သို့ တက်သွားသည့်အခါ ကျန်းဟန်အား စိုက်ကြည့်လိုက်ပြီး ပြုံး၍ ပြောလိုက်သည်။ "ရှင် အရင်တစ်ခါလုပ်ပေးတဲ့ ဘဲကင် ကျွန်မစားချင်တယ်"

"ကောင်းပြီ"

ဇီယန်၏တောင်းဆိုမှုကို ကြားသည့်အခါ ကျန်းဟန် ချက်ချင်း ခေါင်းညိတ်လိုက်သည်။

ဇီယန်သည် သူ၏သဘောထားအား ကျေနပ်သွား၏။

*ဟမ့် အဲလိုလေးပြုမူသင့်တာပေါ့*

*ကျွန်မက မုန့်မုန့်ရဲ့အမေပဲ။ ကျွန်မက အိမ်ရှင်မလေး။ ရှင် ကျွန်မတောင်းဆိုမှုကို လိုက်လျောသင့်တာပေါ့*

...

-အပိုင်း(၂၅၈) ပြီး

wunzinnosp

## အပိုင်း(၂၅၉) အနက်ရောင်ခြေအိတ်ကို သူသဘောကျတာလား

ကျန်းဟန်သည် ကျောက်ဖုန်းကို ဖုန်းခေါ်ပြီး နာရီဝက်အကြာတွင် ဘဲငါးကောင် လာပို့ခိုင်းလိုက်၏။

ကျန်းဟန်သည် ဘဲကင်ပြုလုပ်တော့မည်ကို သိလိုက်ရသည့်အခါ အဖွဲ့ဝင်များမှာ အလျှင်မလိုကြဘဲ အေးအေးဆေးဆေး စောင့်ဆိုင်းနေခဲ့ကြသည်။ တစ်ချို့က သူတို့ချင်း စကားပြောနေကြပြီး တစ်ချို့က ဖုန်းများဖြင့် အလုပ်များနေကြ၏။

သို့သော် သာမန်စားသုံးသူအများစုမှာတော့ စိတ်ချမ်းသာမှုကို ခံစားနေကြရသည်။

ညနေစာမှာ ဘဲကင်ပြုလုပ်မည်စု ကြားသိရသည့်အခါ ဆိုင်ထောင့်တွင် ထိုင်နေသော ပီရာဆန်ကို ကြည့်၍ စိတ်ပူသွားကြသည်။

ဘဲကင်ရန့်က လေထဲတွင် ပျံ့လွင့်နေပြီး ပီရာဆန်က မှတ်ချက်စကားများကို တတွတ်တွတ်ပြောနေလေမည်။ ဤသို့ဆိုပါက သာမန်စားသုံးသူများအနေဖြင့် ညစာကို ကောင်းကောင်းစားဝင်မည်မဟုတ်တော့ချေ။ ကံကောင်းစွာဖြင့် ဘဲကင်မှာ နောက်ကျမှရမည်ဖြစ်၍ သာမန်စားသုံးသူများ ဒုက္ခမရောက်ရတော့။

ဘဲဘင်မှာ ည ၈ နာရီတွင် အဆင်သင့်ဖြစ်သည်။ ကျောက်ဖုန်း ပထမထပ်တွင် ရှိနေသည့်အတွက် ကျန်းဟန်သည် ပန်းကန်များကိုယူကာ ညစာစားရန် အပေါ်ထပ်သို့ တက်သွားခဲ့သည်။

“မင်း ဒီနေ့ပြန်လာတာ စောသားပဲ” ကျန်းဟန်က ဧယန်အား စိုက်ကြည့်လိုက်၏။

ဇီယန်သည် ပေါ့ပေါ့ပါးပါးအဝတ်အစားများကို လဲထားသည်။ အဖြူရောင်တီရှပ်မှာ သူမ၏စွဲဆောင်မှုများအား ဖုံးကွယ်ထားပြီး ငယ်ရွယ်နိုပျိုသော အသွင်ကို ရရှိစေသည်။ ဇီယန်သည် အပြာနုရောင် ဂျင်းဘောင်းဘီတိုကို ဝတ်ဆင်ထားပြီး သူမ၏သွယ်လျဖြူဖွေးသည့် ခြေတံများမှာ အလွန်စွဲဆောင်မှုရှိနေလေ၏။ ကျန်းဟန်သည်ပင် ၎င်းတို့အား အချိန်အတန်ကြာ စိုက်ကြည့်နေမိသည်။

ကျန်းဟန်၏မျက်လုံးများက တလက်လက်ဖြစ်နေသည်ကိုမြင်သည့်အခါ ဇီယန်သည် သူမ၏ဘယ်ခြေထောက်အား ညာဘက်ခြေထောက်ပေါ်သို့ ချိတ်တင်လိုက်၏။

သို့သော် မသိလိုက်စွာဖြင့်ပင် ဤကိုယ်နေဟန်ထားက သူမအား ပို၍ စွဲဆောင်မှုရှိသွားစေသည်။

ဘယ်လောက်တောင် လှလိုက်တဲ့ ခြေတံလေးတွေလဲ။

"အခု ကျွန်မ အားနေလို့ ။ ပြီးတော့ နောက်ကျရင်လည်း စောစောပြန်လာမှာ။ မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ နားလို့ရတယ်" ကျန်းဟန်အား ကြည့်ရင်း ဇီယန်က ပြန်ဖြေသည်။

"အရမ်းကောင်းတယ်" ကျန်းဟန် ဇီယန်အား ကြည့်ကာ ပြုံးလိုက်၏။

"မဟုတ်သေးဘူး ခဲအို ငါတို့..." ကျိုးဖေးက နှုတ်ခမ်းကို စူကာ ဒေါသတကြီးဖြင့် ပြောရန်ပြင်လိုက်သည်။

သို့သော် သူမ၏စကားမဆုံးခင်မှာပင် ဇီယန်က ပြောလိုက်သည်။ "ဖေးဖေး ငါတို့ အိမ်မှာ အလုပ်အကြောင်း မပြောရဘူးလို့ ငါပြောထားတယ်မဟုတ်လား"

"အာ...ကောင်းပြီ" ကျိုးဖေး ကူရာမဲ့စွာ ခေါင်းယမ်းလိုက်သည်။ ထိုနောက်တွင် သူမ ဘာမှမပြောတော့ဘဲ ဘဲကိုကိုသာ အာရုံထားလိုက်တော့သည်။

သူတို့၏စကားများကို နားထောင်၍ ကျန်းဟန်သည် ပေကျင်းမှ အဖြစ်အပျက်က ဇီယန်၏အလုပ်အပေါ် သက်ရောက်မှုရှိခဲ့မည်ဟု ခန့်မှန်းမိ၏။

သို့သော် ဇီယန် အားလပ်ချိန်ပိုရခဲ့သည်က ကောင်းလေသည်။

"အမ်ဟမ် ဖေဖေ အသားလိုက်စားချင်တယ်" ကျန်းဟန်နှင့် ဇီယန်၏ကြားတွင် ထိုင်နေသော မုန့်မုန့်သည် သူမ၏လက်ကလေးများအား ဝှေ့ယမ်း၍ ပြောသည်။

"အင်း..."

သူတို့၏ညစာစားပွဲက စတင်ခဲ့လေသည်။

....

ထိုအချိန်အတောအတွင်း၌ ကြယ်ကောင်းကင်ဘားတွင်။

ည ၇ နာရီတွင် စတင်ဖွင့်သော်လည်း ၇ နာရီမှ ၈ နာရီထိ လူသိပ်မများသေးချေ။ ယေဘုယျအားဖြင့် ၉ နာရီမှ ၁၀

နာရီတွင်သာ ညှော်သည်အများအပြား လာရောက်ကြသည်။ လူအစည်ဆုံးအချိန်မှာ ၉ နာရီမှ ၁၂ နာရီကြားဖြစ်သည်။

ကျန်းလီသည် ဤအချိန်အတွင်း၌ တာဝန်ကျသည့် ဒီဂျေနှစ်ယောက်ထဲမှ တစ်ယောက်ပင်။ သူမအပြင် နောက်ထပ် အမျိုးသား ဒီဂျေတစ်ယောက်လည်း ရှိသေး၏။ ဤလူကျကာလ သုံးနာရီအတွင်း ၎င်းတို့သည် တစ်ယောက်လျှင် တစ်နာရီခန့် အလုပ်လုပ်ရပြီး ဖျော်ဖြေမှုအချို့လည်း ရှိမည်ဖြစ်သည်။

ကျန်းလီသည် ဝန်ထမ်းလမ်းကြောင်းအတိုင်း ဘား၏ဘေးမှ လျှောက်လာ၏။

သူမသည် ခပ်ကြပ်ကြပ် အားကစားဝတ်စုံကို လယ်သာဘောင်းဘီနှင့် အနက်ရောင်စနိကာကို ဝတ်ဆင်ထားသည်။ သူမ၏ရွှေရောင်ဆံနွယ်များကို ပိုနီတေးပုံစံစည်းနှောင်ထားသည်။ သူမသည် အိုင်းလိုင်နာမှလွဲ၍ မိတ်ကပ်များများလိမ်းထားခြင်းမရှိချေ။

"ငါ့ရဲ့နတ်သမီးလီ ဘယ်တော့မှ ငါနဲ့အတူရှိဖို့ ကတိပေးမှာလဲ။ ငါက အိပ်ရာထက်မှာ အရမ်းကောင်းတယ်နော်"

ကျန်းလီ နိုက်စင်းပေါ်သို့ ဝင်ရောက်လာပြီးနောက် ဆံပင်တိုတို မျက်လုံးပြူးပြူးနှင့်လူက သူ၏လူများကြားတွင် ရပ်နေရင်း သူမအား အပြုံးဖြင့် စနောက်သည်။

"တာယဟဲ ရှင်သေချင်နေတာလား။ ဖယ်စမ်း" ကျန်းလီသူ့အား မျက်စောင်းထိုးလိုက်၏။

သူမရှေ့တွင် ရပ်နေသည့်လူမှာ ညပိုင်း ပွဲတာဝန်ခံဖြစ်ပြီး လူများက သူ့အား တာယဟဲဟု ခေါ်ကြသည်။ သူသည် အလွန်ဖော်ရွေသူဖြစ်ပြီး လူများက သူ့အား စနောက်သည့်အခါလည်း စိတ်မဆိုးတတ်ချေ။

"ဟားဟား…နတ်သမီးလီ၊ ငါက တကယ့်စိတ်ရင်းမှန်နဲ့ပါ။ ငါပြောတာတွေကို စဉ်းစားပါဦး"

"ငါတကယ်ပင်ပန်းနေပြီ" ကျန်းလီက သူ့အား အသာတွန်းဖယ်လိုက်ပြီး ပြုံးကာ အော်ဟစ်လိုက်သည်။ "ထွက်သွားစမ်းပါ။ ငါ့ကို မနှောင့်ယှက်နဲ့ ငါလေ့ချင်းနဲ့အတူ သောက်လိုက်ဦးမယ်"

"နတ်သမီးလီ နင် အရက်မူးရင် ကိုယ့်ကိုကိုယ် မထိန်းနိုင်ဘဲနဲ့ လျှော့သောက်တာကောင်းမယ်နော်။ ပြီးရင် အလုပ်ပြန်လုပ်ရဦးမယ်" တာဟဲက သတိပေးသည်။

"နင်ကသာ အရက်မူးရင် ကိုယ့်ကိုကိုယ်မထိန်းနိုင်တာ" ကျန်းလီ သူ့အား စိုက်ကြည့်လိုက်ပြီး ဒရင့်ကောင်တာသို့ လျှောက်သွားသည်။

သို့သော် သူမခြေလှမ်းအနည်းငယ်လှမ်းပြီးနောက်တွင် လေ့ချင်း၏အော်သံအား ကြားလိုက်ရ၏။

"ဘာလုပ်တာလဲ။ ကျွန်မကို မဆွဲနဲ့။ လွှတ်နော် မဟုတ်ရင် ကျွန်မ အော်လိုက်မှာ"

သူမရှေ့သို့ လှမ်းကြည့်လိုက်ရာ အဖြူရောင်ဆံပင်ထောင်ထောင်နှင့်လူတစ်ယောက်အား တွေ့လိုက်သည်။ သူသည် ဂျာကင် တန်ဖိုးကြီးနာရီ ဂျင်းဘောင်းဘီကို ဝတ်ဆင်ထား၏။

အရက်မူးနေသောလူသည် လော့ချင်း၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထား သည်။ သူ၏နောက် ငါးမီတာအကွာရှိ စားပွဲတွင် လူငယ်လေးဦးနှင့် အမျိုးသမီးငယ်နှစ်ဦးက ပြုံး၍ ကြည့်နေကြသည်။

သူတို့၏တန်ဖိုးကြီး ဘရန်းဒတ်အဝတ်အစားများနှင့် မောက်မာသည့်အမူအရာများကို ကြည့်ရသည်မှာ သူတို့သည် ပျက်စီးနေသည့် ကလေးများပင်။

ဆံပင်အဖြူရောင်လူမျာ ပို၍ မောက်မာလာသည်။ သူသည် အာလေးလျှာလေးဖြင့် ပြော၏။

“ဘယ်လီ ငါမင်းကို အာရုံစိုက်ပေးတယ်ဆိုင် မင်းအတွက် ကောင်းချီးပေးတာပဲ။ မင်းဘာလို့ ခုခံနေရတာလဲ။

မင်းအတွက်အသုံးမဝင်ဘူး။ မန်နေဂျာရောက်လာရင်တော် အစ်ကိုကြီးလဲ့နဲ့ တလေးတစားနဲ့ဆက်ဆံရမှာ။ ငါနဲ့အတူသောက်မယ်ဆိုရင် မင်းကို ဘောက်ဆူးကောင်းကောင်းပေးမှာပါ”

သူသည် စကားပြောနေရင်းဖြင့် အိတ်ကပ်ထဲမှ ငွေစက္ကူအထပ်လိုက်ကို ထုတ်ကာ လေ့ချင်း၏ဘရာစီယာထဲသို့ ထည့်ရန် ကြိုးစားသည်။

“အား ရှင်ဘာလုပ်တာလဲ။ ကျွန်မကို အခုလွှတ်” လေ့ချင်းသည် လွတ်မြောက်ရန် ရုန်းကန်သော်လည်း သူမ၏ရှေ့မှလူနှင့် အားမမျှသည့်အတွက် လက်ကောက်ဝတ်နာကျင်သွားသည်။

ထိုအချိန်တွင် ကျန်းလီသည် မျက်ခုံးပင့်သွားပြီး ပြင်းထန်သည့်ခြေလှမ်းများဖြင့် လျှောက်သွား၏။ သူမသည် ညှော်သည့်စားပွဲဝိုင်းတစ်ခုမှ ဝိုင်ခွက်ကို ကောက်ယူကာ ထိုလူ၏မျက်နှာကို ပက်လိုက်သည်။

ဖြန်း

အေးစက်နေသည့်ဝိုင်များက ဆံဖြူလူ၏မျက်နှာကို ရွှဲသွားသည်။

ဝိုင်ခွက်လုယူသွားခံရသော အမျိုးသားမှာလည်း ထိတ်လန့်သွားပြီး စကားမပြောရဲဘဲဖြစ်နေ၏။

"သူမကို လွှတ်လိုက်" ကျန်းလီသည် ထိုလူအား စိုက်ကြည့်ကာ အေးစက်စက်ပြောသည်။ "ပြီးရင် ထွက်သွားတော့"

"ဘာ" ဆံဖြူလူက ခေါင်းယမ်းကာ လော့ချင်းအား လွှတ်ပေးလိုက်၏။ ထို့နောက် သူ၏မျက်နှာကို လက်ဖြင့်သုတ်လိုက်ပြီး ကျန်းလီအား အထက်အောက်စုန်ဆန်ကြည့်ရင်း ပြောသည်။ "မင်းက အရမ်းချစ်ဖို့ကောင်းတာပဲ မိန်းကလေး"

“ငါပြောနေတာ မကြားဘူးလား။ အခုထွက်သွား” ကျန်းလီ မျက်မှောင်ကြုတ်လိုက်၏။

သူမ၏ဒေါသမှာ ကျိုးဖေးထက် ပို၍ ဆိုးလေသည်။ ကျိုးဖေးလောက် မကြမ်းကြုတ်သော်လည်း သူမသည်လည်း အကြောက်တရားကင်းမဲ့သည့် ကလေးဆိုးတစ်ယောက်ပင်။

“အိုး”

ထိုအချိန်တွင် ဆံဖြူလူ၏အဖော်များက စုဝေးလာကြသည်။ သူတို့ထဲမှ တစ်ယောက်က ဝင်ပြောသည်။ “မင်းကဘယ်ကလာတာလဲ။ မင်းက အရမ်းကိုမိုက်တာပဲ။ အစ်ကိုကြီးလဲ့ကို ဘယ်လိုလုပ် ရှိင်းရိုင်းဆိုင်းဆိုင်းပြောရဲတာလဲ”

“ဟားဟား…သူက ငါ့ကို ဝိုင်နဲ့ပက်တယ်။ အာ..ငါဘာလုပ်ရမလဲ” ဆံဖြူတ်လူက သူ၏အပေါင်းအဖော်များကို ကြည့်ရင်း မျက်နှာကို သုတ်လိုက်ပြန်သည်။

"အစ်ကိုလဲ့နဲ့ အတူသောက်ပြီး အတူအိပ်ရမှာပေါ့" ထိုလူက သံယောင်လိုက်သည်။

ဤမှတ်ချက်ကိုပြောပြီးသည်နှင့် အားလုံး ရယ်မောလိုက်ကြသည်။ သူတို့၏လေသံနှင့် သဘောထားများကို ကြည့်ပြီး ကျန်းလီကို အတင်းအကြပ်ခေါ်မည်ဖြစ်သည်။

ကျန်းလီမှာ သူတို့၏အပြုအမူများကို မြင်သည့်အခါ ဒေါသထွက်သွားပြီး လေ့ချင်းမှာ ကြောက်လန့်သွား၏။ သို့သော် သူမသည် ကျန်းလီ၏ဘေးတွင် ခိုင်မြဲစွာ ရပ်နေခဲ့သည်။

"ဟားဟား မှန်တယ်" ဆံဖြူလူက ပြုံးကာ သူ၏လက်ကို ဆန့်ထုတ်လိုက်ပြီး "ခွေးမ နင်က ငါ့ကို ပက်ဖို့ သတ္တိရှိတယ်ပေါ့။ ဒီည ငါ့ရဲ့ အိပ်ရာထက်က အစွမ်းကို မင်းကို ပြမယ်"

ဘန်း

ပုလင်းကွဲသံကြားလိုက်ရသည်။

အားလုံးဂ၏ရှေ့တွင် ဝိုင်းပုလင်းက အစ်ကိုကြီးလွဲ၏ခေါင်းကို ထိရိုက်သွား၏။

သွေးနှင့်ဝိုင်များရောနှောကာ သူ၏ခေါင်းပေါ်သို့ စီးကျလာသည်။

"နင်ဘယ်လောက်တောင် စွမ်းလို့လဲ" ကျန်းလီက ပုလင်းလည်ပင်းကိုကိုင်ကာ သူ့အား ချိန်လိုက်သည်။

"အား" ဆံဖြူလူမှာ အလွန်နာကျင်သဖြင့် ခေါင်းကိုကိုင်ထားရသည်။ ထိုနောက် သူ ဒေါသတကြီးဖြင့် အော်ဟစ်လိုက်သည်။ "သူမကို ရိုက်စမ်း"

သူပြောလိုက်သည်နှင့် ချက်ချင်းပင် ကျန်လေးယောက်၏မျက်လုံးများပြူကျယ်လာပြီး အစ်ကိုကြီးလွဲအား ဖားယားရန်အတွက် ကျန်းလီကို ရိုက်နှက်ရန်ပြင်ကြသည်။

"ဟေး မင်းဘာလုပ်နေတာလဲ"

ထိုအခိုက်တွင် တာဟဲက အမြန်ပြေးလာပြီး သူ၏နောက်တွင် လူအချို့ပါလာသည်။ ကျန်းလီသည် ဆံဖြူလူအား ပုလင်းနှင့်ရိုက်လိုက်သည်ကို မြင်သည့်အခါ သူ၏မျက်နှာမှာ ဖြူဖျော့သွား၏။

"ရန်မဖြစ်ကြပါနဲ့တော့. စိတ်အေးအေးထားပါ" တာဟဲက အလျှင်စလိုပြောပြီး သူ၏လူများကို သူတို့အား တားခိုင်းသည်။ ထိုနောက် ဆံဖြူလူထံသို့ ကပ်သွားကာ ပြောသည်။ "သခင်လေးလဲ့ မင်းဘယ်လိုနေလဲ။ သွေးတွေထွက်နေတာပဲ။ ပတ်တီးစီးဖို့ ကျွန်တော် တစ်ယောက်ယောက်ကို လွှတ်လိုက်မယ်"

"ထွက်သွားစမ်း" ဆံဖြူလူက တာဟဲအား ကန်ထုတ်လိုက်သည်။

တာဟဲအေးခဲသွားပြီး ဘာမှမပြောဝံ့ချေ။ ထိုအစား သူက ပြုံးက တိုးတိုးလေးပြောသည်။ "သခင်လေးလဲ့ သူမက

ဒီဂျေအသစ်ဆိုတော သိပ်ပြီး နားမလည်သေးလို့ပါ။ သူက ကျွန်တော့်သူငယ်ချင်းပါ။ ကျေးဇူးပြုပြီး စိတ်မဆိုးပါနဲ့။ မင်းရဲ့ဒဏ်ရာကို အရင် ပတ်တီးစည်းလိုက်ပါလား။ မဟုတ်ရင် ရောဂါပိုးဝင်လိမ့်မယ်”

“ဒီဂျေအသစ်လား” ဆံဖြူလူက သူ့အား ကြမ်းကြုတ်စွာပြုံးပြသည်။ သူသည် ကျန်းလီအား ညွှန်ပြကာ သွားများကိုကြိတ်၍ပြောသည်။ “မင်းသတိထားနေ”

ထိုနောက် တာဟဲအား ဒေါသတကြီးစိုက်ကြည့်ကာ သူ၏လူများနှင့် အမြန်ထွက်သွားသည်။

တာဟဲသည် အစေခံတစ်ယောက်လို ဘေးမှတတွတ်တွတ်ပြောရန် တံခါးဆီလိုက်ပို့ပေးသည်။

ဖြစ်ပျက်ခဲ့သည်များကိုမြင်သည့်အခါ လေ့ချင်းက သူမ၏မျက်နှာကို ဖုံးကွယ်ရန်ကြိုးစားပြီး တိုးတိုးလေးပြောသည်။ “ကျေးဇူးပါ လီလီ။ ဒါပေမယ့် ငါတို့ ဒုက္ခရောက်တော့မယ်ထင်တယ်”

"ဘာကိုကြောက်နေတာလဲ။ အစ်ကိုလုံက ငါတို့ကို ထောက်ပံ့ပေးလိမ့်မယ်" ကျန်းလီက နှာခေါင်းရှုံ့လိုက်ပြီး "နောက်ဆို နင် ဒီလိုလူတွေနဲ့တွေ့ရင် ပုလင်းနဲ့ရိုက်ပေးလိုက်သင့်တယ်။ သူက ဘယ်သူမလို့လဲ။ တကယ်တမ်း သူက ဝိုင်လေးနည်းနည်းသောက်ပြီး ညစ်ညစ်ပတ်ပတ်ပြောရဲတဲ့သူပါပဲ"

"ငါသိပါပြီ" လော့ချင်းက ခေါင်းညိတ်သည်။

သူမတို့စကားပြောနေစဉ် တာဟဲပြန်ရောက်လာသည်။ သူသည် ကျန်းလီအား ခါးသီးစွာပြုံး၍ ကြည့်လိုက်ပြီး သက်ပြင်းချကာပြောသည်။ "အာ နတ်သမီးလီ မင်းက အရမ်းစိတ်မြန်လွန်းတာပဲ။ အစ်ကိုလဲ့ကို သွားရိုက်လို့မရဘူး"

"ဘာဖြစ်လို့လဲ" ကျန်းလီက နှုတ်ခမ်းကို တွန့်ကွေးလိုက်ပြီး ပြောသည်။ "အဲလိုလူမျိုးတွေကို အပြစ်ပေးမှရမယ်။ သူတို့အားလုံးက ပေါ့ပြက်ပြက်လူတွေပဲ"

"သူက အဲ့လိုမဟုတ်ဘူး" တာဟဲက ခေါင်းကိုအကြိမ်ကြိမ်ယမ်းလိုက်ပြီး "သူ့နာမည်က ကျားလဲ့။ ကျန်းရှုခရိုင်က သူဌေးတစ်ယောက်ရဲ့သားပဲ။ သူ့မှာ နောက်ခံကောင်းကောင်းရှိတယ်။ နတ်သမီးလီ ရှောင်ချင်း မင်းတို့ ရက်နည်းနည်းလောက် ပုန်းနေလိုက်တာပိုကောင်းမယ်။ ပြီးရင် သူပြန်လာလိမ့်မယ်"

"ဘာလို့ပုန်းရမှာလဲ။ အစ်ကိုလုန်က ငါတို့ကို ထောက်ပံ့ပေးမှာလေ" ကျန်းလီက မျက်မှောင်ကြုတ်ကာ ပြန်ဖြေသည်။

ထိုနောက် သူမသည် လှေချင်းအား ဘားကောင်တာဆီသို့ ခေါ်သွား၏။

"အစ်ကိုလုန်က ဒီကိစ္စကို ပြေလည်အောင်ဖြေရှင်းပေးနိုင်မှာမဟုတ်ဘူး" တာဟဲ ခါးသီးစွာ ပြုံးလိုက်သည်။

ကျားလှဲ၏နောက်ခံကို သူ မသိသော်လည်း ကျားလှဲနှင့်သူ၏အဖေအား အစ်ကိုလုံ၏သူဌေးဖြစ်သည့် ရှားရှန်ဟောင်ကိုယ်တိုင် ညွှန်ခံပေးသည်ကို သူမြင်ဖူးသည်။ ထို့ကြောင့် ပြဿနာကို ဖြေရှင်းရန် လွယ်ကူမည်ဟု သူမထင်ချေ။

သို့သော် အစ်ကိုလုန်ပြန်လာမည်ကို စောင့်ကာ သူ့အား နောက်မှ ဤကိစ္စပြောပြရန်မှလွဲ၍ ရွေးချယ်စရာမရှိချေ။

...

ည ၁၁ နာရီတွင် မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်၌။

မုန့်မုန့်မှာ အိပ်ပျော်သွားသော်လည်း ဇီယန်သည်တော့ အိပ်မပျော်သေးချေ။ သူမသည် ဒုတိယထပ်ရှိ ညွှန့်ခန်းပြတင်းပေါက်နားတွင် ထိုင်ကာ ကျန်းဟန်နှင့် ဝိုင်သောက်နေသည်။

"အချိန်တွေက တကယ်ကို ရွေ့လျားနေတာ။ မနေ့တနေ့ကထိ ကျွန်မက သရုပ်ဆောင်မင်းသမီးတစ်ယောက်ပဲရှိသေးတယ်။ အခုတော့ ကျွန်မမှာ လေးနှစ်အရွယ်ကလေးတစ်ယောက်ရှိနေပြီ။ ဘယ်အချိန်ကျွန်မ အိုလာမလဲ မသိဘူး" ဇီယန်သည် ဝိုင်ကိုတစ်ငုံသောက်ကာ ပြတင်းပေါက်မှ လှမ်းချက်ရင်း ခံစားချက်များဖြင့် ဆိုသည်။

တစ်ခါတစ်ရံ လူများသည် အချိန်ကုန်မြန်သည်ဟု ခံစားမိတတ်ကြသည်။

သို့သော် ကျန်းဟန်တွင် ပြောစရာရှိ၏။ သူသည် ဇီယန်၏နူးညံ့သည့် ပါးပြင်များကို စိုက်ကြည့်ရင်း ရယ်မောကာ တိုးတိုးလေးပြောသည်။

"သူများတွေကတော့ အိုမင်းလာလိမ့်မယ်။ ဒါပေမယ့် မင်းကတော့ မဖြစ်နိုင်ပါဘူး"

“ရှင် ပေါက်ကရတွေပြောနေပြီ” ဇီယန်သည် ကျန်းဟန်အား မျက်စောင်းထိုးလိုက်သည်။ ထို့နောက် သူမ၏နှုတ်ခမ်းကို တင်းတင်းဖိကာ ပြောသည်။ “ကျွန်မရဲ့အသားအရေက လွန်ခဲ့တဲ့နှစ်အနည်းငယ်ကလောက် မကောင်းတော့ဘူးလို့ ခံစားရတယ်”

“မဟုတ်တာ။ ကောင်းပါတယ်” ကျန်းဟန်က ခေါင်းကို အကြိမ်ကြိမ်ယမ်းလိုက်ပြီး ပြောသည်။ “မင်းက အရင်အတိုင်း လှနေဆဲပါပဲ။ ဒါပေမယ့် အခု မင်းက ပိုရင့်ကျက်လာပြီးတော့ ပိုပြီး ဆွဲဆောင်မှုရှိလာတယ်”

ပြောနေရင်းဖြင့် ကျန်းဟန်သည် ဇီယန်၏ရင်ဘတ်အား အမှတ်တမဲ့ကြည့်လိုက်သည်။

ဇီယန်သည် သူမ၏ပါးလျသော အနီရောင်နှုတ်ခမ်းလေးများကို အနည်းငယ်တွန့်ကွေးလိုက်ပြီး ပြောသည်။ “ကျွန်မရဲ့ဗိုက် ဘယ်ဘက်ခြမ်းမှာ အကြောပြတ်ရာတွေရှိနေတုန်းပဲ။ အဲ့ဒါတွေက ဖယ်လို့မရဘူး”

"ဘယ်မှာလဲ ကိုယ့်ကိုပြပါဦး" ကျန်းဟန်က ဆိုသည်။

"ဒီမှာ" ဇီယန်သည် သူမ၏အဖြူရောင်တီရှပ်ကို ဘယ်ဘက်လက်ဖြင့် အပေါ်သို့ အနည်းငယ် မ တင်လိုက်ပြီး သူမ၏ဝမ်းဗိုက်အား လှစ်ဟကာ ဘယ်ဘက်ခြမ်းကို ညာဘက်လက်ဖြင့် ညွှန်ပြသည်။

"အဲဒါတွေက နည်းနည်း ဝါးတားတားဖြစ်နေလို့။ သေချာမကြည့်ရင်တော့ ရှင်းရှင်းလင်းလင်းမမြင်ရဘူး" သူမ၏ခါးကို အကြိမ်အနည်းငယ်စိုက်ကြည့်ပြီးနောက် ကျန်းဟန် အာရုံမစူးစိုက်နိုင်တော့ချေ။

"မင်းက အရမ်းလှတယ်။ ခါးက သေးသွယ်ပြီး ဖြူဖွေးနေတာပဲ။ မင်းရဲ့ပုံစံက ကြည့်ကောင်းနေတုန်းပါ...."

"ရှင် မဟုတ်တာတွေပြောပြန်ပြီ" ဇီယန်၏မျက်နှာမှာ ရဲသွား၏။ တီရှပ်အား အမြန်ပြန်ချလိုက်ပြီး သူ့အား ဆူပူသည်။

"ကိုယ် အမှန်တိုင်းပြောတာပါ" ကျန်းဟန်က ပြုံးကာ ပြောသည်။ "မင်းရဲ့ခြေတံတွေက ကိုယ်မြင်ဖူးသမျှမှာ အလှဆုံးပဲ။ အနက်ရောင်ပိုးသားခြေအိတ်သာ ဝတ်လိုက်ရင် အရမ်းဆက်စီကျပြီး စွဲဆောင်မှုရှိနေမှာ"

ပြောနေရင်းဖြင့် ကျန်းဟန်သည် ပိုးသားခြေအိတ်ဝတ်ထားသော ဇီယန်အား စိတ်ကူးဖြင့် မြင်ယောင်ကြည့်သည်။ သူ၏ရင်ထဲတွင် ပူလောင်လာပြီး ထိတ်လန့်သွား၏။ သူ မော့ကြည့်လိုက်သည့်အခါ သူ၏မျက်လုံးများထဲတွင် တပ်မက်မှုများဖြင့် ပြည့်နေလေသည်။

"အနက်ရောင်ပိုးသားခြေအိတ်လား" ဇီယန် အနည်းငယ် အံ့အားသင့်သွား၏။

"အင်း ဘာလို့ မင်း ပိုးသားခြေအိတ်မဝတ်တာလဲ" ကျန်းဟန်က ပေါ့ပေါ့ပါးပါးပြောသည်။

"ကျွန်မ ပိုးသားခြေအိတ်ဝတ်ရတာ မကြိုက်ဘူး"

"ဘာလို့လဲ" ကျန်းဟန်က သံသယဖြင့် မေးသည်။

"ဘာလို့လဲဆိုတော့...ဘာလို့လဲဆိုတော့ အဲဒါတွေက သူများတွေကို စွဲဆောင်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မ အပြင်သွားရင် အဲဒါတွေကို ဝတ်ရတာ မကြိုက်ဘူး" ဇီယန်က နှုတ်ခမ်းကို ဖိကာ ပြန်ဖြေသည်။

"အပြင်မှာ ဝတ်ရတာ မကြိုက်ဘူးလား။ ဒါဆို..." ကျန်းဟန်က ဇီယန်အား စိုက်ကြည့်သည်။

သူမ ရှက်ရွံ့နေပြီး မသက်မသာခံစားနေရသည်။

"ကျွန်မသွားအိပ်တော့မယ်"

ဇီယန် အနည်းငယ် ရှက်သွားသည်။ သူမ၏မျက်နှာမှာ မပြောင်းလဲသော်လည်း သူ၏ခြေလှမ်းများက မြန်လာသည်။

ဇီယန်၏ကျောပြင်ကို ကြည့်ရင်း ကျန်းဟန် ရယ်မောကာ ခေါင်းယမ်းလိုက်သည်။

ဘဝက အရမ်းအံ့ဩဖို့ကောင်းတယ်။

အိပ်ခန်းထဲသို့ ပြန်ဝင်ပြီးနောက် ဇီယန်သည် ညအိပ်ဝတ်စုံကိုလဲကာ နှုတ်ခမ်းစူ၍ ကုတင်ပေါ်လှဲချလိုက်သည်။ ဤအခိုက်အတန့်တွင် သူမ အင်မတန်ချစ်ဖို့ကောင်းနေလေ၏။

မျက်လုံးလေးများမှာ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေပြီး တိုးတိုးလေးရေရွတ်လိုက်သည်။

“သူက အနက်ရောင်ပိုးသားခြေအိတ်ကို သဘောကျတာလား”

“အရူးကောင် ရှင်နောက်ဆုံးတော့ ရှင့်ရဲ့အရောင်အစစ်အမှန်ကို ပြပြီပေါ့”

“ငါ့ခြေထောက်တွေက တကယ်လှတာလား”

ဇီယန်သည် သူမ၏ခြေထောက်များကို ဆန့်ထုတ်ကာ ကြည့်လိုက်သည်။ အနက်ရောင်ပိုးသားခြေအိတ်ကို

ဝတ်ဆင်လိုက်ပါက အလွန်စွဲဆောင်မှုရှိမည်ကို သူမ သိလေသည်။

"သူ့အတွက် အဲဒါကို ဝတ်ပေးရမလား။ မဖြစ်ဘူး"

ဇီယန်သည် ခြေတံရှည်လေးများကို နောက်ပြန်ဆုတ်လိုက်ပြီး နှာခေါင်းရှုံ့လိုက်၏။

ကျန်းဟန်၏ရှေ့တွင် ပိုးသားခြေအိတ်ဝတ်ထားသည့် သူမကိုယ်သူမ စိတ်ကူးယဉ်ကြည့်၍မရပေ။

"ငါ စိတ်လှုပ်ရှားနေတာလား။ ရှက်နေတာလား။ ဒါမှမဟုတ် တခြားတစ်ခုခုလား"

သူမ နားမလည်နိုင်ချေ။ သို့သော ဤအချိန်တွင် သူမ အနည်းငယ် ထုံထိုင်းမှုန်မှိုင်းနေသလို ခံစားရ၏။

သူမ အနည်းငယ် ရင်ခုန်နေသလို ခံစားရလေသည်။

....

-အပိုင်း(၂၅၉) ပြီး

wunzinnosp

## အပိုင်း(၂၆၀) စိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခုလား

ဇီယန်သည် အိပ်ရာပေါ်လှဲချလိုက်ပြီး သူမ၏ခေါင်းထဲတွင် စိတ်ကူးယဉ်မှုများဖြင့် ပြည့်နေလေသည်။

တစ်စုံတစ်ယောက်အား ချစ်မိသွားသည့်သူ သို့မဟုတ် တစ်စုံတစ်ယေဦက်ကို ချိုမြိန်စေချင်သည့်သူများမှာ ဤကဲ့သို့ပင် ပြုမူကြမည်မှာ သေချာပါသည်။ တကယ်တမ်းတွင် သူမသည် ဤအချက်ကို သိရှိသော်လည်း သင့်လျော်သည့်အချိန်ကို စောင့်မျှော်နေခဲ့၏။

သစ်သားတုံးအရူးကောင်ကသာ သူမအား အချစ်ရေးနှင့်ပတ်သက်၍ စိတ်ရောကိုယ်ပါ ပြည့်ပြည့်ဝဝ

မဆက်ဆံပါက သူ၏အချစ်ကို သူမ လက်ခံမည်မဟုတ်သေးချေ။

ဤသည်မှာ ဇီယန်၏တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။ ဇီယန်သည် စိတ်ပိုင်းဆိုင်ရာရင့်ကျက်မှုရှိနေပြီဖြစ်သော်လည်း သူမသည် မည်သူ့ကိုမျှ မချစ်ခဲ့ဖူးသလို အချစ်ကိုလည်း တစ်ခါမျှ မခံစားခဲ့ဖူးချေ။ ထို့ကြောင့် အပျိုဖော်ဝင်စဆယ်ကျော်သက်မိန်းကလေးငယ်လေးတစ်ယောက်ကဲ့သို့ တူညီသော မျှော်လင့်ချက်မျိုးရှိပေသည်။

ဆယ်မိနစ်ကျော်ကြာ အိပ်ရာထက်တွင် လုံးလျောင်းနေပြီးနောက် ဇီယန်မှာ ပါးပြင်အား ဖွင်ဖွင်လေးပုတ်ရင်း ဖုန်းကိုထုတ်ကာ ကျန်းဟန်၏ဝီချက်သို့ စာရိုက်လိုက်သည်။

"အရှး အိပ်ပျော်နေပြီလား"

"အင်း"

"အရှုးကောင် ရှင်အိပ်ပျော်နေပြီဆိုရင် ဘယ်လိုလုပ်စကားပြန်ပြောနေမှာလဲ" ဇီယန်သည် ပြုံးနေသည့် အီမိုဂျီလေးထည့်လိုက်၏။

"ဟားဟားဟား..."

"ရှင်ဘာကို ဆိုလိုတာလဲ"

"သူအိပ်ပျော်နေပြီ"

ဝှစ်

ဇီယန်သည် အနည်းငယ်ကြောက်ရွံ့သွားသဖြင့် စောင်အောက်တွင် ပုန်းကွယ်ကာ မျက်လုံးဝိုင်းကြီးများကို ဖွင့်၍ တံခါးအား စိုက်ကြည့်လိုက်သည်။

မုန့်မုန့်၏အသက်ရှူသံမှလွဲ၍ တစ်ခန်းလုံးတိတ်ဆိတ်နေသည်။ ပြတင်းပေါက်တစ်လျှောက် ကန့်လန့်ကာများဆွဲထားသည့်အတွက် အလွန်မှောင်မိုက်နေ၏။

“ခွေးကောင်”

ဇီယန် ဒေါသတကြီး အော်ဟစ်လိုက်ပြီး ကုတင်ဘေးခုံမှ မီးကို ဖွင့်လိုက်သည်။

“ကျွန်မ စိတ်တိုနေပြီနော်” ဇီယန် ပြန်ရေးလိုက်သည်။

“အင်းပါ ကိုယ်က စတာပါ”

ဇီယန် စခရင်အား ကြည့်နေပြီး ပြန်မဖြေ။

စက္ကန့်သုံးဆယ်ကြာပြီးနောက် ကျန်းဟန်က နောက်ထပ် စာတစ်စောင် ထပ်ပို့လေသည်။

“မင်းတကယ်စိတ်ဆိုးသွားတာလား”

“မင်း အမှောင်ကြောက်တတ်တာလား။ ဒါဆိုကိုယ်မင်းနဲ့အတူလာနေပေးမယ်လေ”

“ကောင်းလိုက်တဲ့အကွက်” ဇီယန် နောက်ဆုံးတွင် ပြန်ဖြေလိုက်သည်။ “ကျွန်မ အိပ်လို့မပျော်ဘူး”

"ညှော့ခန်းထဲမှာ ခဏလောက် စကားပြောကြမယ်လေ"

"ဟင့်အင်း ကျွန်မ မထချင်တော့ဘူး"

"ဒါဆို ကိုယ်တို့ဘာလုပ်မှာလဲ"

"ကျွန်မ ရှင့်ရဲ့ပုံပြင်နားထောင်ချင်တယ်"

"ကိုယ်အခု မင်းအခန်းထဲလာခဲ့မယ်" ကျန်းဟန် စာရိုက်လိုက်သည်။

"မလာနဲ့။ ဝီချက်ကနေဘဲ အသံမက်ဆေ့ပို့ပေး။ ကျွန်မ နားကြပ်နဲ့ နားထောင်မယ်" စာပြန်ရိုက်လိုက်ပြီးနောက် ဇီယန် နားကြပ်ကိုယူကာ တပ်ဆင်လိုက်သည်။

"ဘယ်လိုပုံပြင်နားထောင်ချင်လဲ"

"ရှင် အရင်တစ်ခါ မုန့်မုန့်ကို ပြောတုန်းက အမှောင်တောအုပ်နေရာမှာ ရပ်သွားတာ"

"ကောင်းပြီ" ကျန်းဟန်သည် အိုကေဟူသည့် အီမိုဂျီဖြင့် ပြန်ပြောသည်။

"လူပုဘုရင်က သာန်တောအုပ်တစ်ခုလို့ ထင်ခဲ့တယ်။ ဒါပေမယ့် အဲဒါက ကြမ်းတမ်းတဲ့ သားရဲတွေ အန္တရာယ်တွေပြည့်နေတဲ့ အမှောင်ကျိန်စာတောအုပ်ဆိုတာကို သူမသိခဲ့ဘူး...."

ကျန်းဟန်၏နူးညံ့သိမ်မွေ့သောအသံသည် ဇီယန်အား သက်သောင့်သက်သာဖြစ်စေပြီး နားထောင်နေရင်း သူမ အနည်းငယ် အိပ်ငိုက်လာသည်။

ဇီယန်သည် အိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေပြီး နားကြပ်မှ ပုံပြင်က ၅ရုတ်တရက် ရပ်တန့်သွားသည်မှာ မည်မျှကြာနေပြီလဲပင် သူမ မသိလိုက်ချေ။ ထိုနောက်တွင် ကျန်းဟန်က အသံတိုးတိုးဖြင့် မေးသည်။

"မင်း ကိုယ်ပြောတာ နားထောင်နေသေးလား။ ကိုယ်ပြောဖို့မေ့သွားလို့ မင်းအိပ်ရင် နားကြပ်ဖြုတ်ပြီး

အိပ်တာကောင်းမယ်။ မဟုတ်ရင် အချိန်အကြာကြီးတပ်ထားတော့ သက်တောင့်သက်သာရှိမှာမဟုတ်ဘူး”

“မင်း အိပ်ပျော်နေပြီလား”

သူ၏စကားများကို ကြားသည့်အခါ ဇီယန် အနည်းငယ် စိတ်ရှုပ်ထွေးသွားသော်လည်း သူမ မလှုပ်ရှားဘဲ နားကြပ်ကို ဆက်၍ တပ်ထားလိုက်သည်။ ထို့ပြင် အိပ်ရာဘေးမှ မီးအိမ်ကိုပင် မပိတ်ခဲ့ချေ။

တစ်မိနစ်ခန့်ကြာသည့်အခါ တံခါးပွင့်လာပြီး ကျန်းဟန်ဝင်လာ၏။

*ကျန်းဟန်လား*

နိုးတစ်ဝက် အိပ်တစ်ဝက်ဖြစ်နေသော ဇီယန်သည် တဖြည်းဖြည်း သတိပိုလာသည်။

*သူ ဘာလာလုပ်တာလဲ*

ဧီယန် အနည်းငယ် စိတ်လှုပ်ရှားသွား၏။

ကျွန်းဟန်သည် အိပ်ရာထက်တွင် လဲလျောင်းနေသော ဧီယန်အား ကြည့်၍ ပြုံးလိုက်သည်။

ဧီယန်သည် နေ့ဘက်ထက် ညဘက်တွင် ခြားနားနေပုံရသည်။ သူမသည် ပို၍ ချစ်စရာကောင်းနေ၏။ အသက်ဝင်နေသည်။ စွဲဆောင်မှုပို၍ ရှိနေလေသည်။ ဆန့်ကျင့်ဘက်အားဖြင့် နေ့ဘက်တွင် ဧီယန်သည် အလွန်သတိထားပြီး အတန်ငယ်အေးစက်လေသည်။ သူမသည် အခြားသူများအား ပြုံးပြလေ့မရှိချေ။

ကျွန်းဟန်၏အမြင်တွင် သူမ၏အေးစက်မှုမှာ နေ့ခင်းဘက်၌ အခြားသူများနှင့် ထိတွေ့ဆက်ဆံရခြင်းကြောင့်ဟု ယူဆ၏။ ညဘက်ဆိုလျှင် သူတို့မိသားစု အတူတူရှိနေကြသည်ဖြစ်၍ အေးအေးဆေးဆေး သက်တောင့်သက်သာနေနိုင်လေသည်။

"မင်း နားကြပ်မဖြုတ်ထားဘူးပေါ့လေ"

ကျန်းဟန် တိုးတိုးလေးရေရွတ်လိုက်ရင်း ကုတင်းဘေးသို့ ခုန်တက်လိုက်သည်။ ထိုနောက် နားကြပ်အား ညင်သာစွာ ချွတ်လိုက်ပြီး ဖုန်းကို ကုတင်ဘေးစားပွဲပေါ် တင်ပေးလိုက်သည်။

ဇီယန်၏နူးညံ့သိမ်မွေ့သော မျက်နှာလေးကိုကြည့်ရင်း ကျန်းဟန်၏အမူအရာမှာ ပျော့ပြောင်းသွား၏။ သူ၏လက်ချောင်းများကို ဆန့်ထုတ်လိုက်ပြီး သူမ၏နုနယ်ချောမွေ့သည့်ပါးပြင်ကို ညင်သာစွာ ထိလိုက်သည်။

သူ၏လက်ချောင်းက ဇီယန်၏ပါးပြင်ကို ထိလိုက်သည်နှင့် ဇီယန်မှာ တုန်လှုပ်သွားသည်။

သူမ၏တုံ့ပြန်မှုက ကျန်းဟန်အား အံ့သြသွားစေပြီး အနည်းငယ်ရယ်ချင်စိတ်ဖြစ်လာသည်။

*သူမက အိပ်ချင်ယောင်ဆောင်နေတာလား*

ခဏလောက်ရပ်တန့်သွားပြီးနောက် ကျန်းဟန်သည် ငုံ့ကာ ဇီယန်ထံသို့ တိုးကပ်လိုက်သည်။

အိုး...

ဇီယန် ရုတ်တရက် အသက်ရှူမဝသလို ခံစားလိုက်ရပြီး သူမ၏ကြွက်သားများ တင်းကြပ်လာသည်။ ကျန်းဟန်နီးကပ်လာသည်ကို သူမ ခံစားနေရကာ သူ၏ယောက်ျားပီသမှုက သူမအား အသက်ရှူကြပ်သွားစေသည်။

*သူ ... သူ...သူ ငါ့ကို နမ်းချင်နေတယ်ပေါ့။ ငါဘာလုပ်ရမလဲ။ ငါ...*

ဇီယန် စိတ်ထဲတွင် ဗလာကျင်းသွားပြီး ဤအချိန်တွင် သူမ ဘာလုပ်လို့လုပ်ရမှန်း မသိတော့ချေ။ သူမ တောင့်တင်းနေပြီး မလှုပ်ရှားနိုင်ဖြစ်နေသည်။

နောက်ဆုံးတွင် ကျန်းဟန် သူမအား နမ်းလိုက်လေသည်။

သို့သော် သူမ၏နဖူးအား နမ်းလိုက်ခြင်းသာ။

သူသည် သူမအား မြန်မြန်ဆန်ဆန် ပေါ့ပေါ့ပါးပါး နမ်းလိုက်ပြီး မတ်တပ်ထရပ်၍ ဇီယန်၏စောင်ကို ဆန့်ပေးလိုက်သည်။ ထိုနောက် မုန့်မုန့်၏စောင့်ကိုလည်း သပ်ရပ်အောင်ပြင်ပေး၏။ အိပ်ရာဘေးမှ မီးအိမ်ကို ပိတ်ပြီးနောက် ကျန်းဟန်သည် အပြင်ထွက်သွားကာ တံခါးအား ညင်သာစွာ ပိတ်လိုက်သည်။

"ဟူး..."

ဇီယန် အသက်ပြင်းပြင်းရှူလိုက်ပြီး စိတ်ကျေနပ်မှု နွေးထွေးမှုများဖြင့် ပြည့်နေသော သူမ၏မျက်ဝန်းများကို ဖွင့်လိုက်သည်။

ဤအခိုက်အတန့်တွင် သူမအား ဂရုစိုက်ပေးသည့်အတွက် နွေးထွေးမှုကို ခံစားရသည်။ ထို့ပြင် သူမ၏နဖူးပေါ်သို့ အနမ်းပေးသွားသည့်အတွက် ချစ်ခြင်းမေတ္တာကိုလည်း ခံစားလိုက်ရသည်။

"ဟွန့် ဒါက ရှင့်ကို ငဲ့ညှာပေးဖို့ မလုံလောက်သေးဘူး အရှူး။ ရှင်ကျွန်မကို ရိုမန်တစ်ဆန်ဆန်နည်းလမ်းနဲ့ မလိုက်မချင်း ကျွန်မ လက်မခံဘူး"

"မဟုတ်သေးဘူး။ သူငါ့ကို ပထမဆုံးအကြိမ် ဖွင့်ပြောတာနဲ့ မြန်မြန်လက်ခံလို့ မဖြစ်ဘူး"

"ဘာပဲဖြစ်ဖြစ် ငါ သူ့အချစ်ကို လွယ်လွယ်နဲ့ လက်မခံပါဘူး"

"..."

ထို့သို့ကြောင့် ဇီယန်သည် နောက်တစ်ကြိမ် လှဲချလိုက်ပြန်ပြီး အချိန်အတန်ကြာ ဟိုလိမ့်သည်လိမ့်ဖြစ်နေခဲ့ပြန်သည်။ သို့သော် သူမသည် ကျန်းဟန်အား ဝီချက်မှ မဆက်သွယ်တော့ချေ။ ထိုအစား စိတ်ကူးယဉ်ဆန်သည့် မြင်ကွင်းများကို တွေးတောနေလေ၏။ တစ်ခါတစ်ရံ သူမ ပြုံးနေသည်။ တစ်ခါတစ်ရံတွင် ပျော်ရွှင်မှုများဖြင့် ပြည့်နေကာ တစ်ခါတစ်ရံတွင်

မျက်မှောင်ကြုတ်သွား၏။ တစ်ခါတစ်ရံတွင် မျက်နှာမှာ ရဲတွတ်သွားတတ်၏။ အချစ်တွင်ကျရှုံးသွားသည့် အမျိုးသမီးငယ်လေး၏အမူအရာပင်။

ဇီယန် အချိန်အတန်ကြာမှ အိပ်ပျော်သွားခဲ့သည်။

ထိုညတွင် သူမ ကောင်းကောင်းအိပ်ပျော်လေသည်။ သူမအိပ်နေစဉ်တွင် မုန့်မုန့်၏ကလေးဆန်သည့်အသံလေးကို ဝိုးတဝါးကြားလိုက်ရသည်။

“ဟေး မေမေ နေဖင်ထိုးနေပြီ။ ဘာလို့ မထသေးတာလဲ”

“ဖေဖေ ဖေဖေ မေမေက ခုထိ အိပ်နေတုန်းပြ”

“မုန့်မုန့် မဆူနဲ့တော့။ မေမေ အိပ်ပါရစေ” ဇီယန် တိုးတိုးလေးပြောသည်။

ထိုနောက်တွင် ကျန်းဟန်၏အသံအား ကြားလိုက်ရ၏။

“မုန့်မုန့် လာဖေဖေနဲ့လိုက်ခဲ့။ သမီးရဲ့မေမေ ခဏလောက် အိပ်ခိုင်းလိုက်ဦး”

ထိုနောက်တွင် ဇီယန်သည် မုန့်မုန့်၏ကလေးဆန်သည့်အသံလေး တဖြည်းဖြည်း တိုးလျှသွားသည်ကို ကြားလိုက်ရ၏။ သူတို့ထွက်သွားပြီးနောက် အခန်းတံခါးပိတ်သွားခဲ့ပြီး အခန်းမှာ တိတ်ဆိတ်သွားကာ ဇီယန် ပြန်၍ အိပ်ပျော်သွားခဲ့သည်။

ဇီယန်နိုးလာပြီးနောက် မျက်လုံးဖွင့်ကာ အခန်းထဲသို့ တစ်ချက်ဝေ့ဝိုက်ကြည့်လိုက်သည်။ ထိုနောက် ထထိုင်ကာ အချိန်ကြည့်ရန် ဖုန်းကို ကောက်ကိုင်လိုက်၏။

"အာ ဆယ်နာရီတောင်ထိုးတော့မယ်"

"အိပ်ရာထချိန်ရောက်ပြီ။ ငါကောင်းကောင်းအိပ်ခဲ့တာပဲ"

ဇီယန် အကြောဆန့်ကာ ဖိနပ်တစ်ရံကိုစီးကာ ရေချိုးသန့်စင်ရန် အိပ်ခန်းထဲမှထွက်သွား၏။

"အစ်မယန် အခုမှထတာတား။ နင် မနေ့ညက ဘယ်ချိန်မှ အိပ်တာလဲ။ ဟဲဟဲ"

"အမ်ဟမ့် မေမေက နောက်ကျမှအိပ်တာ"

"ယောင်းမ"

"မောနင်းပါ ယောင်းမ"

ဇီယန် လှည့်ကြည့်လိုက်ရာ ကျိုးဖေး၊ ကျန်းလီ၊ လော့ချင်း၊ ကျန်းဟန်နှင့် မုန့်မုန့်တို့ ဆိုဖာပေါ်တွင် ထိုင်ကာ သူမအား ကြည့်နေသည်ကို တွေ့လိုက်သည်။

"ဘုရားရေ"

ဇီယန် အံ့သြသွား၏။ သူမ စိတ်တည်ငြိမ်အောင် ကြိုးစားလိုက်ပြီး သူတို့အား ပြုံးပြကာ ရေချိုးခန်းထဲသို့ အမြန်ဝင်သွားသည်။

"ယောင်းမက မိတ်ကပ်မလိမ်းဘဲနဲ့တောင် အရမ်းလှတာပဲ" လော့ချင်းက သူမအား အကြိမ်ကြိမ် ချီးကျူးသည်။

မိတ်ကပ်မလိမ်းဘဲ လှပသည့်မိန်းကလေးများမှာ ရှားပါးသတ္တဝါများကဲ့သို့ပင်။ ယေဘူယျအားဖြင့် မိတ်ကပ်သာလိမ်းလိုက်ပါက ပို၍ လှလာကြလေသည်။

ထူထဲသော မိတ်ကပ်ပညာတွင် မှော်ပညာလေးပါးပါဝင်လေသည်။ ရုပ်ဆိုးသူဖြစ်ဖြစ် အသားမဲသူဖြစ်ဖြစ် မိတ်ကပ်ထူထူလေး ပြင်လိုက်ပါက အတန်သင့်လှပသွားပေသည်။

လော့ချင်းသည် ဧယန်ကဲ့သို့ မိတ်ကပ်မပါဘဲ အလွန်လှပသည့်လူများကို တစ်ခါမှမတွေ့ဖူးချေ။

"ဟမ့် ငါ့ယောင်းမပဲလေ။ သေချာပေါက် လှရမှာပေါ့" ကျန်းလီက နှုတ်ခမ်းကို တွန့်ကွေးလိုက်သည်။

သူတို့၏စကားများကို ကြားသည့်အခါ ကျန်းဟန် စိတ်ထဲတွင် ပြုံးလိုက်မိသည်။ "ဟမ့် သူမက ငါ့ရဲ့မိန်းမပဲ။ သေချာပေါက် လှတာပေါ့" ဟု ပြောနေသယောင်ပင်။

အချိန်အတန်ကြာ စဉ်းစားပြီးနောက် ကျန်းဟန်သည် သူမအား မိန်းမဟု ခေါ်ရန် စောလွန်းနေသည့်အတွက် ထိုစကားကို ထုတ်မပြောခဲ့ချေ။

သို့သော် သူ၏ရင်ခွင်ထဲရှိ မုန့်မန့်သည်တော့ သူမ၏လက်မောင်းလေးကို မြှောက်ကာ ပြောသည်။ "အမ်ဟမ် သမီးရဲ့မေမေပဲလေ။ အရမ်းအရမ်းလှတဲ့ သမီးရဲ့မေမေ"

မုန့်မုန့်၏စကားကို ကြားသည့်အခါ အားလုံး ရယ်မောလိုက်ကြသည်။

ဤအချိန်တွင် ဇီယန်၏ချိုမြိန်သောအသံက ရေချိုးခန်းထဲမှ ထွက်ပေါ်လာ၏။

"ကျန်းဟန် ဒီကိုလာပါဦး"

"လာပြီ"

ကျန်းဟန် ပြန်ဖြေသည်။ မင်းသမီးလေးအား ဆိုဖာပေါ်တင်ပေးပြီးနောက် လျှောက်သွားလိုက်၏။

သူ ရေချိုးခန်းထဲသို့ ဝင်လိုက်သည်နှင့် ဇီယန်က တံခါးကို ပိတ်လိုက်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ကာ ကြည့်နေသည်။ သူမသည် ကျန်းဟန်၏ခါးအား ဆွဲညှစ်လိုက်ပြီး ပြောသည်။ “ညော့်သည်တွေရောက်နေတာကို ဘာလို့ ကျွန်မကို မနိူးတာလဲ”

“အာ...မင်းက ကောင်းကောင်းအိပ်ပျော်နေတော့ ကိုယ်မနိူးတော့တာ။ ပြီးတော့ မင်း နောက်ကျတဲ့အထိအိပ်ရင်တောင် ဘာမှမဖြစ်ပါဘူး” ကျန်းဟန်က ပြုံးကာ ပြောသည်။

“အဲဒါ မကောင်းဘူး” ဇီယန် သူ့အား ဒေါသတကြီး စိုက်ကြည့်သည်။

“အဆင်ပြေပါတယ်” ဇီယန်အား စိုက်ကြည့်ရင်း ကျန်းဟန် နူးညံ့စွာပြုံးလိုက်ပြီး ပြောသည်။ “မင်းအိပ်ပျော်နေတဲ့အချိန်မှာ မင်းက စလိပင်းဗျူးတီးလေးလိုပဲ”

သူ၏စကားကိုကြားသည့်အခါ ဇီယန် မျက်လုံးပြူးသွားပြီး လက်ကို ချက်ချင်းပြန်ရုတ်လိုက်သည်။ သူမ

ရှက်ရွံ့နေသော်လည်း ကျန်းဟန်အား ကြည့်ကာ ပြောသည်။ “အယ်။ ကျွန်မ အိပ်ရာထတုန်းက ကျွန်မဖုန်းကို စားပွဲပေါ်မှာ တွေ့တယ်”

“ကိုယ်အဲ့ဒီမှာ ထားခဲ့လိုက်တာ”

“အိုး…မနေ့ညက ကျွန်မအိပ်ပျော်သွားတော့ ဝိုးတဝါးခံစားရတယ်…”

“အင်း ကိုယ်မင်းကို နမ်းခဲ့တယ်လေ” ကျန်းဟန်သည် ယခုအချိန်၌ ဇီယန်မှာ အလွန်ချစ်ဖို့ကောင်းနေသည်ကို တွေ့လိုက်ရသည့်အတွက် ပြုံးကာ ပြောလိုက်သည်။

“ရှင်။ ဟမ့် ရှင် ကျွန်မ အိပ်ပျော်နေတာကို အခွင့်အရေးယူသွားတယ်ပေါ့။ နောက်တစ်ခါ ကျွန်မခွင့်ပြုချက်မရှိဘဲ ကျွန်မအိပ်ခန်းထဲကို မဝင်ခဲ့နဲ့။ သွားတော့ ကျွန်မ ရေချိုးလိုက်ဦးမယ်” ဇီယန်၏မျက်နှာမှာ ရဲတွတ်လိုက်ပြီး ကျန်းဟန်အား တွန်းထုတ်သည်။

ကျန်းဟန် ထွက်သွားပြီးနောက် ဇီယန် ရင်ဘတ်ကို ဖိလိုက်ရာ သူမ၏နှလုံးက တဒိတ်ဒိတ်ဖြင့် အခုန်မြန်နေသည်ကို တွေ့လိုက်ရ၏။ ဘာကြောင့် ဤကဲ့သို့သော မေးခွန်းကို မေးလိုက်မိသည်မသိသည့်အတွက် အနည်းငယ် အံ့အားသင့်သွား၏။

ဇီယန် အသက်ပြင်းပြင်းရှူလိုက်ပြီး ရေလောင်းချိုးလိုက်သည်။ ထိုနောက် သူမ၏အိပ်ခန်းထဲသို့ ပြန်သွားကာ မနေ့ညက ဝတ်ဆင်သကဲ့သို့ ပေါ့ပေါ့ပါးပါးဝတ်စုံကို လဲလိုက်သည်။

အိပ်ခန်းထဲက ထွက်လာပြီးနောက် ဇီယန်က ကျန်းလီအား ပြုံး၍ ကြည့်လိုက်ပြီး ပြောသည်။ "လီလီ ငါ ဒီနေ့ပိတ်ရက်လေ။ ငါတို့ ရှော့ပင်သွားကြမလား"

ဇီယန်သည် ရေချိုးနေရင်းဖြင့် ကျန်းလီအား လက်ဆောင်အချို့ပေးရန် စဉ်းစားခဲ့သည်။ သူမ ပထမဆုံးအကြိမ်တွေ့ဆုံစဉ်က ကျန်းလီ၏အမြင်ကို

သိပ်ပြီးဂရုမစိုက်သော်လည်း ယေဘူယျအားဖြင့် သူမသည် ကျန်းလီ၏ယောင်းမအဖြစ် မှတ်ယူရမည်ဖြစ်သည်။

"ရှော့ပင်သွားကြမှာလား။ ကောင်းတယ်" ကျန်းလီက မဆိုင်းမတွပင် သဘောတူလိုက်သည်။

"သွားကြစို့" ဇီယန်က ဘေးမှ သူမ၏လက်ကိုင်အိတ်ကို ကောက်ကိုင်လိုက်သည်။

"မင်း အရင်မစားတော့ဘူးလား" ကျန်းဟန်က မေးသည်။

"မစားတော့ဘူး။ ကျွန်မတို့ နေ့လည်ကျမှ အတူတူစားလို့ရတယ်လေ"

ခဏလောက်ကြာပြီးနောက် ဇီယန်သည် ကျိုးဖေး၊ ကျန်းလီတို့နှင့်အတူ ဈေးဝယ်ထွက်ကြသည်။

မုန့်မုန့်သည် သူမတို့နှင့်အတူလိုက်ချင်သော်လည်း ကျန်းဟန်က ဆိုင်တွင်သာ နေခဲ့မည်ကို သိရှိပြီးနောက် နှုတ်ခမ်းလေးစူ၍ သူနှင့်အတူနေခဲ့ရန်သာ ရွေးချယ်ခဲ့သည်။

ဖေဖေ သူတို့နှင့်အတူမလိုက်ဘူးဆိုပါက သူတို့ ပစ္စည်းနည်းနည်းဝယ်မည်မဟုတ်သည်ကို သူမလေး သိလေသည်။

လော့ချင်းလည်း ခဏလောက်စဉ်းစားပြီးနောက် ဆိုင်တွင်သာ နေခဲ့ရန် ဆုံးဖြတ်လိုက်သည်။

ပထမထပ်သို့ လျှောက်သွားသည့်အခါ ကျောက်ဖုန်းသည် တစ်ဖက်တွင် ထိုင်နေပြီး ဖုန်းကြည့်နေရင်း တစ်ချိန်တည်းမှာပင် လျန်မုန့်ချီနှင့်စကားပြောနေသည်။

လျန်မုန့်ချီသည် ယခက်က သူနှင့်စကားပြောလေ့မရှိသော်လည်း ယခုတွင်တော့ အချင်းချင်း လွယ်လင့်တကူ စကားပြောလေ့ရှိလာသည်။

"ကျောက်ဖုန်း သူတို့နဲ့ ဈေးဝယ်လိုက်သွားပေးလိုက်ပါ" ခဏလောက်စဉ်းစားပြီးနောက် ကျန်းဟန်က ပြောသည်။ မိန်းကလေးများချည်း ဈေးဝယ်သွားသည့်အခါ အရှုံးအမူးဖြစ်မည်ကို သူသိ၏။ သူက ဆိုင်တွင် နေ့လည်စာ

ပြင်ဆင်ရဦးမည်ဖြစ်၍ ကျောက်ဖုန်းကို သူတို့အား အိတ်များကူသယ်ရန် လိုက်သွားစေချင်သည်။

“ဟုတ်ကဲ့” ကျောက်ဖုန်း မတ်တပ်ထရပ်လိုက်သည်။

“ရတယ်။ ကျွန်မတို့ ကိုယ့်ဟာကိုယ်ပဲ သွားမယ်” ဇီယန်က လက်ကို ဝှေ့ယမ်းပြကာ ထွက်သွားသည်။

ကျိုးဖေးသည် မာစီးဒီးကားကိုယူကာ ဇီယဏ်နှင့် ကျန်းလီအား ခေါ်သွားလေ၏။

သူတို့ထွက်သွားပြီးနောက် မုန့်မုန့်က အရုပ်များနှင့်ကစားရန် ဆိုဖာဆီသို့ ပြေးသွားသည်။

လော့ချင်းသည် အနားတွင် ရပ်နေ၏။ ခဏလောက်တန့်နေပြီးနောက် သူမက ကျန်းဟန်အား ကြည့်ကာ ပြောသည်။ “အစ်ကိုကျန်း ညီမ အစ်ကိုကို တစ်ခုခုပြောသင့်လား မသိဘူး”

"ဘာလဲ" ကျန်းဟန် သူမအား ထူးဆန်းစွာကြည့်လိုက်သည်။

"အဲ..."

ကျန်းလီက သူ့အား မပြောခိုင်းသည့်အတွက် လော့ချင်း တုံ့ဆိုင်းနေကာ ကျန်းဟန် ဤပြဿနာအား ဖြေရှင်းပေးနိုင်မလားလည်း သူမ မသိချေ။ မဟုတ်ပါက သူမကြောင့် သူဖိအားများပေလိမ့်မည်။

ထို့ကြောင့် သူမ ခေါင်းယမ်းကာ ပြောလိုက်သည်။ "ဘာမပြောတာဘဲ ကောင်းပါတယ်။ လီလီပြန်လာမှပဲ သူမကို မေးလိုက်ပါတော့"

"ကျန်းလီနဲ့ ပတ်သက်တဲ့ကိစ္စလား" ကျန်းဟန် မျက်ခုံးပင့်သွားသည်။

ဤအခိုက်တွင် ကျောက်ဖုန်း ရောက်လာ၏။ သူက လော့ချင်းအား ပြုံး၍ ကြည့်လိုက်ပြီး ပြောသည်။

"တစ်ခုခုဖြစ်ရင် ငါတို့ကို တိုက်ရိုက်ပြောလို့ရပါတယ်။ စိတ်မပူနဲ့"

"အာ..." လော့ချင်း စိတ်ထဲတွင် ဆုံးဖြတ်ချက်မချနိုင်ဖြစ်နေ၏။ သို့သော် ကျောက်ဖုန်း၏ယုံကြည်မှုရှိသော အပြုံးက ဖမ်းစားလိုက်သည့်အတွက် သူမ ပြောရန် ဆုံးဖြတ်လိုက်သည်။ "လီလီနဲ့ ကျွန်မ ပြဿနာဖြစ်နေတယ်"

"ဘယ်လိုပြဿနာလဲ" ကျန်းဟန်ကမေးသည်။

"မနေ့ညက ကျွန်မ အလုပ်လုပ်နေတဲ့အချိန် ဘားမှာ လူတစ်ယောက် ဘားမှာ အရက်သောက်တယ်။ လူတွေက သူ့ကို အစ်ကိုလဲ့ဆိုပြီး ခေါ်ကြတယ်။ သူက ကျွန်မကို အနိုင်ကျင့်ပြီး ကျွန်မလက်ကို အတင်းလာဆွဲတာ။ အဲဒါ သူလုပ်နေတာကို လီလီမြင်သွားပြီးတော့ သူ့မျက်နှာကို ဝိုင်နဲ့ပက်လိုက်တယ်။ သူက ဒေါသတထွက်သွားပြီး သူ့သူငယ်ချင်းတွေကလည်း ညီမတို့ကို

ရှိုင်းရှိုင်းဆိုင်းဆိုင်းပြောတာ။ လီလီက သူ့ခေါင်းကို ပုလင်းနဲ့ ရိုက်လိုက်လို့ သွေးထွက်သွားတယ်...” လော့ချင်းက အဖြစ်အပျက်အား ပြောပြသည်။

“ဒါပဲလား” ကျန်းဟန်က ခေါင်းယမ်းကာ ရယ်မောလိုက်သည်။

ကျောက်ဖုန်းပင် မရယ်ဘဲ မနေနိုင်ချေ။ “အဲဒါက အသေးအမွှားလေးပဲ မဟုတ်လား”

“မဟုတ်ဘူး” လော့ချင်း စိုးရိမ်လာပြီး အလောတကြီးပြောသည်။ “အစ်ကိုလဲ့လို့ခေါ်တဲ့သူက အဆင့်အတန်းမြင့်တဲ့ပုံပဲ။ ညီမတို့ရဲ့ ကြီးကြပ်ရေးမှူး တာဟဲတောင် သူ့ကို ဘာမှမပြောရဲဘူး။ အစ်ကိုလဲ့ကို သူက ဖျန်ဖြေတာတောင် ကန်ထုတ်ခံရတယ်။ အစ်ကိုလဲ့က ထွက်မသွားခင် ညီမတို့ကို ခွင့်မလွှတ်ဘူးလို့ ပြောသွားတယ်။ ပြီးတော့ တာဟဲကလည်း ညီမတို့ကို ရက်နည်းနည်းလောက်

ပုန်းနေခိုင်းပေမယ့် လီလီက သူ့ကို လျစ်လျူရှုပြီး ပုံမှန်အတိုင်း အလုပ်လုပ်ဖို့ ရည်ရွယ်ထားတာ"

"အစ်ကိုလဲ့က ဒီနေ့လာမှာလား" ကျောက်ဖုန်းက မေးသည်။

"လာလောက်တယ်။ ဒီရက်ပိုင်း သူက နေ့တိုင်းလာတာ" လော့ချင်းက ပြောသည်။ "အစ်ကိုကျန်း ကျေးဇူးပြုပြီးတော့ လီလီကို ရက်နည်းနည်းလောက် ရှောင်နေဖို့ ပြောပေးပါဦး"

"ဘာလို့ ရှောင်နေရမှာလဲ"

ကျန်းဟန်က ပြန်မဖြေချေ။ ထိုအစား ကျောက်ဖုန်းက ဂရုမစိုက်ဟန် ပြုံးလိုက်ပြီး ပြောသည်။ "စိတ်မပူပါနဲ့။ ငါ ဒီည လာခဲ့မယ်။ မင်းတို့ ဘယ်အချိန် အလုပ်သွားမှာလဲ"

"ဘားက ခုနစ်နာရီမှာ ဖွင့်တာ။ ဂျူတီချိန်က ညီမက ၈ နာရီခွဲ လီလီက ၉ နာရီမှာစတယ်" လော့ချင်းက ပြန်ပြောသည်။

"မင်းတို့ ဘယ်နယ်မြေမှာ အလုပ်လုပ်တာလဲ" ကျောက်ဖုန်းက ထပ်မေးသည်။

"ကြယ်ကောင်းကင်ဘား" ကျောက်ဖုန်း၏စကားကို ကြားသည့်အခါ လော့ချင်း အနည်းငယ် ထိတ်လန့်သွား၏။ ယေဘူယျအားဖြင့် မြေအောက်ဂိုဏ်းမှလူများသာ ဘားများ ကလပ်များကို နယ်မြေဟု ခေါ်ကြသည်။ ဤလူချောက မြေအောက်ဂိုဏ်းအဖွဲ့ဝင်လား။

"ကောင်းပြီ။ ငါ ည ၈ နာရီလာခဲ့မယ်" ကျောက်ဖုန်းက ပြန်ပြောပြီး ဘာမှ ထပ်မမေးတော့ချေ။

အစ်ကိုလဲ့ဆိုတာ ဘယ်သူလဲသိရှိရန်အတွက် သူ၏လူများကို ခေါ်သွားရန် စိတ်ကူးထားသည်။

...

-အပိုင်း(၂၆၀) ပြီး

wunzinnosp

## အပိုင်း(၂၆၁) အန္တရာယ်အငွေ့အသက်

ကာရောဘီယံကမ်းခြေဈေးဝယ်စင်တာတွင်။

“ဒီဝတ်စုံလေး လှတယ်။ လီလီ နင်စမ်းဝတ်ကြည့်ချင်လား” ဇီယန်က အဝါနုရောင်ဝတ်စုံလေးကို လက်ထဲကိုင်ထားရင်း ပြောသည်။

“ဟုတ်” ကျန်းလီက ပြုံးကာ အဝတ်အစားအား ယူလိုက်ပြီး အဝတ်လဲခန်းတွင် စမ်းဝတ်ကြည့်သည်။ သူမ ပြန်ထွက်လာပြီး မှန်ထဲသို့ လှမ်းကြည့်လိုက်၏။

“ဒါက နင်နဲ့လိုက်တယ်။ ဒါယူလိုက်မယ်” ဇီယန်က အရောင်းဝန်ထမ်းဘက်သို့ လက်ပြကာ ပြောလိုက်သည်။

“ဟုတ်ကဲ့ပါ”

ဇီယန်သည် အဝတ်အစားများအတွက် ငွေပေးချေပြီးနောက် ကျန်းလီက သူမ၏လက်မောင်းကို

ဆုပ်ကိုင်ကာ ပြောသည်။ "ယောင်းမ ဘာလို့ ငါ့အတွက် အဝတ်အစားတွေ အများကြီးဝယ်နေတာလဲ"

"လီလီ အရင်က ငါ နင်နဲ့သွားဖို့ အချိန်မရှိဘူး။ ဒီနေ့ အားလပ်ရက်ဆိုတော့ ငါတို့ အတူတူဈေးဝယ်ထွက်ရမှာပေါ့" ဇီယန်က ပြုံးကာ ပြောသည်။

"ဟေး ငါတို့က မိသားစုတွေပဲလေ။ ဒီလောက် ယဉ်ကျေးနေဖို့ မလိုပါဘူး" ကျန်းလီက ခေါင်းယမ်းကာ ပြုံးလိုက်သည်။

"ဒုတိယထပ်သွားကြရအောင်" ဇီယန်က စက်လှေကားဆီသို့ ဦးတည်လိုက်၏။

"ယောင်းမ တော်လောက်ပြီ။ နင် ငါ့ကို ရှစ်စုံတောင် ဝယ်ပေးပြီးပြီ။ ဒါက ငါ ဝတ်တာထက်တောင် ပိုနေတယ်" ကျန်းလီက လက်ကို ခါယမ်းပြကာ ပြောသည်။

အဝတ်အစား ၈ စုံသည် ယွမ် ၂ သိန်းခန့်ကျသင့်၏။ သို့သော ကျန်းလီသည် သူမ ငွေမည်မျှ အကုန်ကျခံသည်ကို ဂရုစိုက်ခြင်းမဟုတ်ဘဲ ဇီယန်၏သဘောထားကိုသာ ပို၍ စိုးရိမ်ခဲ့သည်။ ဇီယန်သည် သူမအား ယောင်းမတစ်ယောက်လို ပို၍ပို၍ဆက်ဆံလာသည်အား ကျန်းလီသိလိုက်သည့်အတွက် အမှန်တကယ်ဝမ်းသာမိသည်။

"လီလီ အစ်မယန်နောက်သာ လိုက်သွားလိုက်ပါ။ သူက သူများအတွက် ပစ္စည်းတွေဝယ်ပေးတာ တော်တော်ရှားတယ်။ ဒါကြောင့် ဒီတစ်ခါတော့ သူမနောက်သာ လိုက်သွားလိုက်ပေါ့" ကျိုးဖေးက ပြောသည်။

သူမသည် အဝတ်အစားအိတ်တစ်ဒါဇင်ခန့်ကို သယ်ဆောင်ထားပြီး အများစုမှာ ကျန်းလီအတွက်ဖြစ်ကာ အချို့မှာ သူမနှင့် ဇီယန်အတွက်ဖြစ်သည်။ ဇီယန်သည် ယနေ့ ကျန်းလီအတွက် လက်ဆောင်များဝယ်ပေးရန် ရည်ရွယ်၍ ဒီကိုလာခဲ့သည်မှာ ထင်ရှားလေသည်။

"ဟားဟား...ကောင်းပြီ ဆက်ဝယ်လိုက်ကြတာပေါ့" ကျန်းလီသည် ဇီယန်အား တားဆီးရန် မကြိုးစားတော့ချေ။

ကျန်းလီသာ သာမန်မိသားစုမှ မွေးဖွားလာခဲ့ပါက ဇီယန်အား သူမအတွက် ဒီဇိုင်နာချုပ်အဝတ်အစားများကို ဝယ်ယူခွင့်ပြုမည်မဟုတ်သည်မှာ အသေအချာပင်။ သို့သော် သူမသည် ထူးခြားသည့်မိသားစုကြီးတစ်ခုမှ သခင်မလေးတစ်ယောက်ဖြစ်ခဲ့လေသည်။ ထို့ကြောင့် ယခုအချိန်၌ သူမတွင် ငွေအများအပြားမရှိသော်လည်း သူမ၏မျက်လုံးထဲတွင် ယွမ်ငွေသန်းပေါင်းများစွာက ဘာမှအရေးမပါလှချေ။

ခဏလောက် လှည့်ပတ်ကြည့်ရှုပြီးနောက် ကျန်းလီ၏လက်ထဲတွင် အိတ်အများအပြား ရှိနေလေပြီ။

ဤအချိန်တွင် ကျန်းလီသည် ဇီယန်၏လက်ဆောင်များကို ပွင့်ပွင့်လင်းလင်းပင် လက်ခံခဲ့လေ၏။ ဇီယန်သည်

သူမ၏ယောင်းမဖြစ်တော့မည်ဖြစ်ရာ ဇီယန် ဝယ်ပေးသမျှကို သူမ လက်ခံခဲ့သည်။

"လီလီ တတိယထပ်ကို သွားရအောင်။ နင့်အတွက် အလှပြင်ပစ္စည်းနှစ်စုံဝယ်ပေးမယ်" ဇီယန်က တတိယထပ်သို့ လျှောက်လာရင်း ပြောသည်။

"အလှပြင်ပစ္စည်းလား။ ကောင်းပြီ။ ငါ La Prairie တစ်စုံနဲ့ Chanel တစ်စုံလိုချင်တယ်။ အဲဒီဘရန်းနှစ်ခုကို ငါသုံးတာ" ကျန်းလီက ပြုံး၍ ပြောသည်။

သူမသည် မတုံ့မဆိုင်းပင် လက်ခံလိုက်ပြီး ဇီယန်သည်လည်း သူမ၏ပိုက်ဆံများကို ရက်ရက်ရောရောပင် သုံးစွဲခဲ့သည်။ သူမသည် ကျန်းလီ၏လွတ်လပ်သည့်စရိုက်ကို သဘောကျလေသည်။

တတိယထပ်ရှိ စတိုးဆိုင်များတွင် လမ်းလျှောက်ပြီးနောက် သုံးယောက်သား လက်ထဲတွင် အိတ်များစွာ ထပ်တိုးလာ၏။

သူမတို့ဝယ်သည့်ပစ္စည်းများမှာ ယွမ် ၅ သောင်းမှ ၆ သောင်းအထိ ကျသင့်လေရာ ငွေကို ရေလို သုံးနေကြခြင်းဖြစ်လေသည်။

ချောမောလှပသည့် မိန်းမလှလေးသုံးဦးက ဈေးဝယ်အိတ်များစွာကို ကိုင်၍ ကုန်တိုင်ထဲမှ လမ်းလျှောက်ထွက်လာရာ လမ်းသွားလမ်းလာများ၏အာရုံကို ချက်ချင်း ဆွဲဆောင်သွား၏။

လက်ထဲရှိ အိတ်များအားလုံးမှာ နာမည်ကြီးအမှတ်တံဆိပ်များဖြစ်သည်ကို တွေ့လိုက်ရသဖြင့် လူများက ခေါင်းယမ်းကာ သက်ပြင်းချကြလေ၏။

“တော်တော်ချမ်းသာတဲ့ အမျိုးသမီးတွေပဲ”

နောက်ဆုံးတွင် နေ့လယ်တစ်နာရီကျော်၌ သူတို့ စားသောက်ဆိုင်သို့ ပြန်ရောက်ကြသည်။

ကျန်းဟန်သည် ကြက်သားအားလူး၊ ပဲနှင့်ခရမ်းသီးကင်၊ သခွားသီးကြက်သွန်ဖြူဆော့စ်၊ ကြက်ဥမွှေကြော် အစရှိသဖြင့် ဟင်းများစွာကို ပြင်ဆင်ထားသည်။

သုံးယောက်သား စားသောက်ဆိုင်ထဲသို့ ဝင်လိုက်သည့်အခါ ညှော်သည်များအားလုံး အေးခဲသွားကြ၏။

သူမတို့ဝယ်လာသည့်ပစ္စည်းများမှာ အလွန်များပြားလေသည်။

ဇီယန်သည် အပေါ်ထပ်သို့ လျှောက်သွား၏ သူမသည် သူမအတွက်အတွက် ပစ္စည်းများကို ကျန်းဟန်၏အိပ်ခန်းထဲသို့ ထည့်ကာ ကျိုးဖေးနှင့် ကျန်းလီတို့၏ပစ္စည်းများကို ဆိုဖာညာဘက်တွင် ထားလိုက်သည်။

“နင်အများကြီးဝယ်လာတာပဲ” လော့ချင်းသည် ပစ္စည်းများ၏တန်ဖိုးကို သိရှိနေသည့်အတွက် ဇီယန်က ကျန်းလီအား လက်ဆောင်များစွာဝယ်ပေးသောကြောင့် အနည်းငယ် အားကျမိသည်။

"ငါ့ယောင်းမက ဒီကုတ်နဲ့ဘောင်းဘီရှည်နင့်အတွက်ဝယ်လာတာ" ကျန်းလီက အဝတ်အစားအိတ်ထဲမှ နှစ်စုံကိုရွေးထုတ်ကာ လော့ချင်းအား ပေးလိုက်သည်။

"အာ အားနာစရာကြီး" လော့ချင်းမှာ ရှက်ရွံ့စွာပြောရင်း မျက်နှာရဲသွား၏။

"ယူလိုက်ပါ။ ဇီယန်က အပြင်လူမဟုတ်ပါဘူး" ကျန်းလီက သူမအား မျက်စောင်းထိုးလိုက်သည်။

ယခု သူမသည် ဇီယန်အား သူစိမ်းတစ်ယောက်လို မဆက်ဆံတော့ပေ။ ကျန်းဟန်သည် သူမ၏အပြုအမူအားမြင်ပြီးနောက် ရယ်မောလိုက်သည်။

"ဟုတ်တယ်။ မင်းတို့ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေဘူးဆိုရင် လီလီက မင်းကို ဒီခေါ်လာမှာ မဟုတ်ဘူး။ ငါ မင်းအတွက် အများကြီးဝယ်ခဲ့တာ မဟုတ်ပါဘူး။ နှစ်စုံတည်းပါပဲ။ ဒါက ငါ့ရဲခင်မင်မှုသင်္ကေတလေးတစ်ခုပေါ့" ဇီယန်က ပြုံး၍ ပြောသည်။

"ကောင်းပြီ" လော့ချင်းက အဝတ်အစားအိတ်အား ယူလိုက်ပြီး ဇီယန်ကို ခေါင်းညိတ်ပြကာ အကြိမ်ကြိမ်ကျေးဇူးတင်စကားပြောသည်။ "ကျေးဇူးတင်ပါတယ် ယောင်းမ"

"ရပါတယ်" ဇီယန်က သဘောကျစွာ ပြုံးလိုက်ပြီး "ထမင်းစားရအောင်အောင်။ ကိုယ့်အိမ်ကိုယ့်ရာလို့ သဘောထား" ဟု ပြောလိုက်သည်။

ဇီယန်သည် ယခုအချိန်တွင် အိမ်ရှင်မတစ်ယောက်ကဲ့သို ပို၍ပို၍ ပြုမူလာ၏။

သူမနှင့်ကျန်းဟန်မှာ အနေးနှင့်အမြန် အတူတူရှိကြလိမ့်မည်ဟု ယူဆရသည်။

နေ့လယ်စာစားပြီးနောက် ကျောက်ဖုန်းက ကမ်းခြေသို့ ပြန်သွားမည်ဖြစ်သဖြင့် ကျန်းဟန်နှင့် ကျန်းလီက သန့်ရှင်းရေးလုပ်လိုက်ကြသည်။

ထိုနောက် ဒုတိယထပ်တွင် ထိုင်ကာ စကားစမြည်ပြောကြ၏။ မိနစ်အနည်းငယ်ကြာပြီးနောက် ကျန်းလီသည် လီအန်နာထံမှ ဖုန်းခေါ်ဆိုမှုတစ်ခုရှိခဲ့ပြီး ကျန်းလီနှင့် လေ့ချင်းတို့ ပြန်သွားကြသည်။ ကျန်းလီသည် ဈေးဝယ်အိတ်များစွာကို ကားနောက်ဖုံးထဲသို့ ထည့်ကာ လေ့ချင်းက သူမ၏အိတ်နှစ်လုံးကို ကိုင်ဆောင်လာခဲ့သည်။

သူမတို့ ကားထဲဝင်ပြီးနောက် အဖြူရောင်မာစီရာတီကားလေးမှာ ဖြည်းညှင်းစွာ မောင်းထွက်သွား၏။

"ကျွန်မတို့ တောင်ပေါ်သွားကြမှာလား"

သူတို့ပြန်သွားပြီးနောက် ဇီယန်က ကျန်းဟန်၏ဘေးတွင် ဝင်ထိုင်ရင်း မေးသည်။

"သမီးတို့ သုခဘုံကို သွားကြမှာလား။ အရမ်းကောင်းတယ်။ တာဟေးဟေး ရှောင်ဟေးဟေးနဲ့

ကစားကြမယ်” မုန့်မုန့်သည် လဆန်းတောင်သို့ သွားမည်ဟု ကြားလိုက်တိုင်း အလွန်ပျော်ရွှင်လေသည်။

မုန့်မုန့်တောင်းဆိုသမျှ လိုက်လျောပေးတတ်သည့် ကျန်းဟန်က သဘောတူလိုက်သည့်အတွက် သူတို့ ကျိုးဖေးနှင့်အတူ လဆန်းတောင်သို့ သွားကြသည်။

လဆန်းတောင်ပေါ်တွင် ပူအိုက်ခြင်းကို ခံစားရမည်မဟုတ်ချေ။ တောင်ပေါ်ရှိ ရာသီဥတုမှာ သက်တောင့်သက်သာ ဖြစ်စေသည်။ ထိုအချိန်တွင် မုန့်မုန့်သည် အိမ်မွေးတိရစ္ဆာန်ဧရိယာတွင် ကစားနေပြီး ကျိုးဖေးသည် အနီးရှိ မြင်ခင်းပြင်ပေါ်တွင် ထိုင်နေကာ ကျန်းဟန်နှင့်ဇီယန်က လမ်းလျှောက်ရင်း စကားပြောနေခဲ့ကြသည်။

ဇီယန်သည် ဤသို့သော ဘဝမျိုးကို အလွန်နှစ်ခြိုက်မိပြီး အလုပ်၏ဖိစီးမှုများကိုပင် လုံးဝ မေ့လျော့သွားခဲ့၏။

လဆန်းတောင်နှင့် သိပ်မဝေးသည့် ကမ်းခြေတွင်...။

ကမ်းခြေ၌ စက်ပစ္စည်းအချို့သာရှိပြီး ဘေးပတ်ဝန်းကျင်တွင် လူတစ်ယောက်မျှမရှိချေ။

"သူတို့ ဘယ်ရောက်ကုန်တာလဲ"

လဆန်းတောင်ဘေးရှိ တောင်တန်းကြီးတစ်ခု၏ သစ်တောထဲတွင် လူများမှာ အဆက်အပြတ် အပြန်အလှန် လှုပ်ရှားသွားလာနေကြ၏။ တစ်ခါတစ်ရံ သူတို့ ဆုံတွေ့ကြသည့်အခါ တိုက်ခိုက်ကြသည်။

သူတို့ သစ်တောထဲတွင် လေ့ကျင့်နေသည်မှာ နှစ်ရက်ရှိပြီဖြစ်သည်။

အစပိုင်းတွင် လူ ၂၅ ယောက်စီ နှစ်ဖွဲ့ခွဲ၏။ သူတို့၏ခေါင်းဆောင်များမှာ ရှုရုန်နှင့် အားဟူတို့ ဖြစ်ကြပြီး သူတို့၏အင်အားမှာ တန်းတူနီးပါးဖြစ်သည်။ ထိုနောက်တွင် အုပ်စုငါးစုခွဲကာ တိုက်ခိုက်ကြသည်။ နောက်ဆုံးတွင် လူတိုင်းသည် မိမိကိုယ်တိုင် တိုက်ပွဲဝင်ရပြီး တိုက်ပွဲအသိ၊

အတွေ့အကြုံ၊ တုံ့ပြန်နိုင်စွမ်းနှင့် တောတွင်းတိုက်ပွဲများဖြင့် လိုက်လျောညီထွေရန် ကြိုးစားကြသည်။

တိုက်ပွဲများအတွက် တိကျသော စည်းမျဉ်းများမရှိချေ။ ရှုရှန်၊ အားဟူနှင့် အခြားသူများမှာ ချက်ချင်း တုံ့ပြန်ခြင်းမရှိကြဘဲ ဂရုတစိုက်ဖြင့် လုပ်ဆောင်ကြ၏။

တဖြည်းဖြည်း မှောင်မိုက်လာပြီး တောထဲမှ အော်သံများကို ရံဖန်ရံခါ ကြားနေရသည်။ ဤအချိန်အတွင်းမှာပင် ရှုံးနိမ့်သွားသူများမှာ တောစပ်သို့ လျှောက်နေကြလေသည်။

တိုက်ပွဲမှာ ခုနှစ်နာရီကျော်လာပြီဖြစ်သည်။ ထိုနောက်တွင် သူတို့ ကမ်းခြေသို့ ပြန်လာပြီး အချင်းချင်း စကားစမြည်ပြောကြသည်။

“နောက်ဆုံးမှာ လန်ယွဲ့က အနိုင်ရသွားမယ်လို့ မထင်ထားဘူး” ရှုရှန်က ခေါင်းကို အကြိမ်ကြိမ်ယမ်းကာ ပြောသည်။

"လူရှစ်ယောက်ပဲ ကျန်တော့မှ လန်ယွဲ့က ငါ့ကို ခြံခိုတိုက်ခိုက်တယ်ကွာ" အားဟူက ခါးသီးစွာပြုံးသည်။

လန်ယွဲ့သည် မိန်းကလေးခြောက်ယောက်ထဲတွင် အကြမ်းဆုံးဖြစ်သည်။ သူမသည် ဆံပင်တိုတိုရှိပြီး မျက်လုံးများမှာ လင်းယုန်မျက်လုံးကဲ့သို့ စူးရှထက်မြက်၍ အလွန်ထူးချွန်သူဖြစ်သည်။ သူမသည် အတွင်းရေမှူးဖြစ်ခဲ့ဖူးပြီး တိုက်ကွမ်ဒိုတွင်လည်း ထူးချွန်သူဖြစ်၏။

"ငါ့ကိုလည်း သူမပဲ ခြံခိုတိုက်ခိုက်တာ" မုံ့ကြီးက လန်ယွဲ့အား အံ့သြစွာကြည့်ရင်း ပြောသည်။ "မင်းလို သေးသေးသွယ်သွယ် သစ်ပင်တစ်ပင်ကို ငါဖြတ်သွားတာ။ အရမ်းထူးဆန်းတယ်။ တကယ်ဆို မင်းရဲ့မသေးလှတဲ့ရင်ဘတ်နဲ့တင်ကို ငါမြင်ခဲ့သင့်တာ"

ဤသို့ မှတ်ချက်ပြုလိုက်သည်နှင့် လူတိုင်း ရယ်မောလိုက်ကြသည်။

“ဟမ့်” လန်ယွဲ့က နှာခေါင်းရှုံ့လိုက်ပြီး “နင့်ရဲ့ပေါ့ဆမှုကြောင့် ရှုံးတာပဲ။ ဘာမှ အပြစ်တင်မနေနဲ့။ နင်သာ တကယ့်စစ်မြေပြင်မှာဆိုရင် အသက်ဆုံးရှုံးသွားလိမ့်မယ်”

“အမှန်ပဲ” သူတို့ရှေ့တွင် ရပ်နေသည့် ကျောက်ဖုန်းက လက်ခုပ်တီးက ထောက်ခံလိုက်သည်။

“မင်းတို့ လူငါးဆယ်ထဲမှာ လန်ယွဲ့တစ်ယောက်ပဲ ဒီလိုမျိုး ထူးချွန်တဲ့သိစိတ်ရှိတယ်။ မင်းတို့ရဲ့ခွန်အားတွေတိုးလာတာနဲ့ပဲ မပေါ့ဆကြနဲ့။ ခြသေ့်တောင်မှ ယုန်ကိုတိုက်ခိုက်ရင် သူ့ရဲ့ခြသေ့်ခွန်အား အကုန်ထုတ်ရတယ်ဆိုတာ မင်းတို့ သတိရပါ။ ရန်သူနဲ့ရင်ဆိုင်တဲ့အခါ သတိလက်လွှတ်မနေရဘူး။ ရန်သူကို အထင်မသေးရဘူး။ မထိမဲ့မြင်ပြုနိုင်ပေမယ့် မင်းတို့စိတ်ထဲမှာတော့ သူ့ကို လေးစားရမယ်”

“ဟုတ်ကဲ့” ရှုရုံနှင့်အခြားသူများက လေးနက်သည့်အသံဖြင့် ပြန်ဖြေကြသည်။

"အစ်ကိုဖုန်း ငါတို့အားလုံး အရမ်းအလေးအနက်ထားခဲ့ပေမယ့် လန်ယွဲ့က ဘယ်သူမှသတိမထားမိအောင် ပုန်းကွယ်တဲ့နေရာမှာ အရမ်းတော်တယ်" အားဟူက ခါးသီးစွာ ပြုံးသည်။

"လန်ယွဲ့ တော်တယ်" ကျောက်ဖုန်းက လန်ယွဲ့အား လေးစားသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

လန်ယွဲ့သည် ကျောက်ဖုန်း၏ချီးမွမ်းမှုခံလိုက်ရသည့်အတွက် အလွန်ပျော်ရွှင်သွား၏။

"နောက်တစ်ခု ပြောစရာရှိတယ်" ကျောက်ဖုန်းက လေးနက်သည့်မျက်နှာဖြင့် ပြောသည်။

"မင်းတို့ အဖွဲ့သုံးဖွဲ့ခွဲမယ်။ ပထမအဖွဲ့ကို အားဟူ ခေါင်းဆောင်မယ်။ လူ ၂၁ ယောက် ရွေးလို့ရတယ်။ ဒုတိယအဖွဲ့ကို မုံ့ကြီး ခေါင်းဆောင်မယ်။ လူ ၂၂ ယောက်ရွေးနိုင်တယ်။ နောက်ဆုံးအဖွဲ့ကိုတော့

လန်ယွဲ့ခေါင်းဆောင်ရမယ်။ မင်းက ကျန်တဲ့မိန်းကလေးငါးယောက်ကို တာဝန်ယူရမယ်။ မင်းရဲ့အဖွဲ့မှာ လူနည်းနည်းပဲရှိပေမယ့် အခက်ခဲဆုံးတာဝန်ကို ယူရမှာဖြစ်လို့ ငါ့ကို စိတ်မချရအောင် မလုပ်နဲ့”

“ဟုတ်ကဲ့” လန်ယွဲ့က ကျယ်လောင်စွာ ပြန်ဖြေသည်။

“မဟုတ်သေးဘူး။ ငါ့အဖွဲ့မှာ လူ ၂၁ ယောက်ရွေးရမယ်။ မုံ့ကြီးက လူ ၂၂ ယောက် စုစုပေါင်း ၄၃ ယောက်ပဲ။ ဒါပေမယ့် ဒီမှာက ၄၄ ယောက်ရှိတာလေ” အားဟူက သံသယဖြင့် ပြောသည်။

“ငါက လူမဟုတ်ဘူးလို့ ပြောချင်တာလား” ကျောက်ဖုန်းက မျက်လုံးပြူးကာ ပြောသည်။

“အာ အဲ့လိုမဟုတ်ဘူးလေ။ အစ်ကိုဖုန်းကို ထည့်မတွက်သင့်ဘူးမလား”

"ငါက လူမဟုတ်ဘူးပေါ့" ကျောက်ဖုန်း၏သွေးကြောများ ဖောင်းလာပြီး သူ့အား ရိုက်နှက်တော့မည့်ပုံပေါ်လာသည်။

"အာ ငါမှားပါတယ်။ ငါက လူမဟုတ်တာပါ။ ဟုတ်ပြီလား" အားဟူက ပြောသည်။

သူ၏စကားကြောင့် လူတိုင်း ရယ်မောလိုက်ကြသည်။

"ကျန်တဲ့တစ်ယောက်က ရှုရုံ။ သူက ထည့်မတွက်နဲ့" ကျောက်ဖုန်းက အားဟူအား ရိုက်နှက်ရန် မရည်ရွယ်ချေ။ သူက ပြုံး၍ ပြောသည်။ "ရှုရုံက မင်းတို့ထဲမှာ အစွမ်းထက်ဆုံးလူပဲ။ သူက အလုပ်လုပ်တဲ့နေရာမှာ အေးဆေးတည်ငြိမ်တယ်။ ဒါကြောင့် သူက ခေါင်းဆောင်ဖြစ်လိမ့်မယ်။ နောက်မှာ မင်းတို့ ငါမရှိတဲ့အချိန် သူ့ရဲ့ညွှန်ကြားချက်တွေကို လိုက်နာရမယ်"

"စိတ်မပူပါနဲ့ အစ်ကိုဖုန်း" ရှုရုံက အများကြီးမပြောဘဲ ခေါင်းညိတ်ပြသည်။

"ငါတို့အားလုံးက တစ်ဖွဲ့တည်းပဲ။ အဖွဲ့ခွဲ့တွေ ခွဲရတဲ့ အကြောင်းအရင်းက အခြေအနေအမျိုးမျိုးမှာ ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ပဲ" ကျောက်ဖုန်းက လူတိုင်းအား ပြုံး၍ ကြည့်လိုက်ပြီး "ဒီနေ့ပြီးရင် လေ့ကျင့်ရေး ပထအအဆင့်ပြီးသွားပြီဆိုတော့ အားလုံး ရက်အနည်းငယ် အနားယူရမယ်။ ကုမ္ပဏီတည်နေရာကို အတည်ပြုပြီးမှ ဒုတိယအဆင့်ကို စကြမယ်"

ထိုနောက် ကျောက်ဖုန်းက အချိန်ကို ကြည့်လိုက်ပြီး "သွားဖို့အချိန်ကျပြီ။ အားဟူ မင်းအဖွဲ့ကို ခေါ်ပြီး ငါ့နောက်လိုက်ခဲ့။ ကျန်တဲ့သူတွေက ဖုန်းမင်ကလပ်ကို အရင်ပြန်လိုက်ကြ။ ရှုရုံ ဒီနေ့ည လူတိုင်းအတွက် ပါတီတစ်ခု စီစဥ်လိုက်ပါ။ လိုအပ်တဲ့အစားအသောက်ပစ္စည်းတွေကို တောင်ပေါ်က ယူလို့ရတယ်။ မင်းက အစားအသောက်နဲ့ပတ်သက်ရင် ကျွမ်းကျင်တယ်လို့ ငါထယ်တယ်"

"ဟားဟား အမှန်ပဲ" ရှုရုံက ရယ်မောသည်။

တောင်ပေါ်မှ အစားသောက်များကို စားနေကျဖြစ်သွားပြီးနောက် အခြားအစားသောက်များကို စားသည့်အခါ ခေါက်ဆွဲခြောက်ထုပ်စားနေရသလို ခံစားကြရသည်။

"ဒါနဲ့ သိုးဝက်ကိုတော့ မယူနဲ့နော်။ အဲ့ကောင်က ဝယ်ရခက်တယ်" ကျောက်ဖုန်းက သူ့အား သတိပေးသည်။

နွားနက်၊ နွား၊ သိုး၊ ကြက်၊ ဝက်၊ ဘဲ နှင့် ငန်းတို့ကို အလွယ်တကူ ရနိုင်ပြီး ဒေသတွင်းမှာပင် ဝယ်ယူနိုင်၏။ သို့သော် ဟန်ဂေရီသိုးဝက်များကို ရရှိရန်မှာတော့ အလွန်ခက်ခဲလေသည်။

"ဟုတ်ကဲ့ သိပါပြီ" ရှုရုံက ပြန်ဖြေသည်။

ကျောက်ဖုန်းသည် အားဟူနှင့်အဖွဲ့သားများအား ခေါ်သွားပြီးနောက် အခြားသူများက ကမ်းခြေတွင် ပစ္စည်းများထုပ်ပိုးကာ အိမ်ပြန်ခဲ့ကြသည်။

“ကားတွေအဆင့်သင့်ဖြစ်ပြီလား။ အစ်ကိုဖုန်း ငါတို့ ဘာလုပ်ရမှာလဲ။ ငါတို့ တိုက်ကခိုက်ရမှာလား” အားဟူက စိတ်ဝတစားမေးသည်။

“အသေးအမွှားပြဿနာလေးတစ်ခုဖြေရှင်းဖို့ပါ။ တိုက်ခိုက်ဖို့ မလိုသဘောက်ပါပဲ” ကျောက်ဖုန်းက ခေါင်းယမ်းကာ ပြုံးလိုက်သည်။

ကြယ်ကောင်းကင်ဘားသည် ရှားရှန်ဟောင်၏ထိန်းချုပ်မှုအောက်တွင်ရှိသော မြောက်ပိုင်းခရိုင်၏ ကော့စ်ဝေးပင်လယ်ကွေ့တွင် တည်ရှိသည်။ သူ၏ကိစ္စများကို ဖြေရှင်းသည့်အခါတွင် ရှားရှန်ဟောင်အနေဖြင့် သူ့အား စိတ်ခေါ်ဝံ့ပါမည်လော။

ကားပေါ်သို့တက်ပြီးနောက် ကျောက်ဖုန်းသည် ဖုန်းမင်ကလပ်သို့ အရင်သွားလိုက်လိုက်သည်။ သူတို့တွင် အချိန်အများကြီး ရှိနေသေးသည်မဟုတ်ပါလား။ ရေမိုးချိုးပြီးနောက် သန့်ရှင်းသပ်ရပ်သော အဝတ်အစားများကို လဲလှယ်ကာ ယနေ့အတွက် ဦးတည်ရာဖြစ်သော ကြယ်ကောင်းကင်ဘားသို့ သွားကြသည်။

...

ကြယ်ကောင်းကင်ဘားရှေ့တွင် ကားငါးစီးရပ်သွားလေ၏။

ရှားရှန်ဟောင်သည် ပထမဆုံး ဘန်တလေကားထဲမှ ထွက်လာပြီး လူလတ်ပိုင်းလူတစ်ယောက်နှင့်၊ ခေါင်းတွင် ပတ်တီးစီးထားသော ဆံဖြူလူငယ်မှာ နောက်မှ လိုက်ပါလာသည်။ ကျန်သည့် Audi ကားများထဲမှ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ဒါဇင်က တစ်ယောက်ပြီးတစ်ယောက်ထွက်လာကြသည်။

"သူဌေးဝူ၊ ဒီနေ့ မင်းလုပ်ချင်တာဘာပဲဖြစ်ဖြစ် လုပ်လို့ရတယ်။ မင်းကို ဘယ်သူမှ တားနိုင်မှာ မဟုတ်ဘူး" ရှားရှန်ဟောင်က ပြောသည်။

"ငါ့သား ဒဏ်ရာရသွားတဲ့ကိစ္စအတွက် သူမကို ခွင့်လွှတ်မပေးနိုင်ဘူး။ အဲဒီ သတ္တိရှိတဲ့ မိန်းကလေးဒီဂျေ။ သူမက ဘယ်လောက်တောင် သတ္တိကောင်းနိုင်မှာလဲ ဟမ့်" သူဌေးဝူက နှာခေါင်းရှုံ့ကာ ပြောသည်။

"အဲဒီကောင်မလေးက အရမ်းမိုက်တယ်။ သူသာ ဒီည ကျွန်တော်နဲ့ အတူအိပ်ဖို့ သဘောတူရင် လွှတ်ပေးလိုက်မယ်" ဝူရှောင်လဲ့က ပြောသည်။

သူသည် အဖေဖြစ်သူရှေ့တွင် သားလိမ္မာလေးတစ်ယောက်လို ပြုမူနေမည်မဟုတ်ချေ။ သူ၏အဖေရော သူပါ နှစ်ယောက်စလုံးက မိန်းကလေးမုဆိုးများဖြစ်ကြပြီး သူ၏အဖေတွင် အပြင်၌

မိန်းမအများအပြားရှိသည်ကို သူသိလေသည်။ သူ၏အမြင်တွင် မိန်းကလေးဆိုသည်မှာ အရုပ်များကဲ့သို့ပင်။

“ပြဿနာမရှိပါဘူး” ရှားရှန်ဟောင်က ပြုံးကာ ပြန်ပြောလိုက်ပြီး ရှေ့မှဝင်လာခဲ့သည်။

သိသာစွာပင် ဆားဗစ်ကောင်တာမှ မန်နေဂျာသည် ရှားရှန်ဟောင်အားသိရှိလေသည်။ သူ့အား မြင်လိုက်သည်နှင့် သူတို့ကို အကြီးဆုံးစားပွဲဆီသို့ လမ်းပြခေါ်ဆောင်သွားပြီး ဝိုင်ကောင်းကောင်းများကို ချက်ချင်း ချပေးသည်။

“ရှောင်လုံကို အခု ဖုန်းခေါ်လိုက်ပါ”

ထိုင်ပြီးနောက် ရှားရှန်ဟောင်က ပေါ့ပေါ့ပါးပါး လက်ပြလိုက်သည်။

“ဟုတ်ကဲ့ပါ” မန်နေဂျာက ခေါင်းညိတ်ကာ ထွက်သွားသည်။

ထိုအချိန်တွင် ဘားထဲ၌ ဧည့်သည်အများအပြား မရှိသေးဘဲ သီချင်းနှင့် မီးရောင်မှာ အတော်လေး ညင်သာနေသည်။ နောက်ဆုံးတွင်တော့ ဘားမှာ ယခုလေးတင် ဖွင့်ခြင်းဖြစ်ပေသည်။

ရှားရှန်ဟောင်သည် စိတ်မပူချေ။ သူသည် ဝိုင်သောက်ရင်း သူဌေးဝူနှင့် စကားစမြည်ပြောသည်။

ဝူရှောင်လဲ့သည်တော့ သူ၏သူငယ်ချင်းအချို့ကို လက်ဝေံယမ်းပြကာနှုတ်ဆက်သည်။ သူတို့ လျှောက်လာရင်းနှင့် အနည်းငယ် တုန်လှုပ်သွားကြ၏။ အကြောင်းမှာ သူတို့ရှေ့မှ ပုဂ္ဂိုလ်သည် ဒဏ္ဍာရီလာ ကျားကြီး ရှားဖြစ်သည့်အတွက်ပင်။

မန်နေဂျာသည် ဒန့်စင်းဖလောမှ တိတ်ဆိတ်သည့်နေရာတစ်ခုသို့ လျှောက်သွားကာ သူ၏ဘောဓိ နံပါတ်အား ခေါ်လိုက်သည်။

“အစ်ကိုကြီးလုန်။ သူဌေးရှားရောက်နေတယ်။ သူက အစ်ကိုကြီးကို တွေ့ချင်လို့တဲ့”

“သူ ဘယ်သူ့ကို ခေါ်လာတာလဲ”

“သူ ညှော့သည်တွေကို ညှော့ခံနေတဲ့ပုံပဲ။ ပြီးတော့ ခေါင်းမှာ ပတ်တီးနဲ့လူငယ်တစ်ယောက်လည်း ပါတယ်”

“ငါသိပြီ။ ခဏနေရင် ရောက်မယ်”

ပြောပြီးသည်နှင့် ဖုန်းချလိုက်သည်။

ဤအချိန်တွင် သူသည် အပေါ်ထပ်ရုံးခန်းတွင်ရှိနေပြီး သူ၏ရှေ့တွင် တာဟဲအပါအဝင် လူအချို့ရပ်နေသည်။

ဖုန်းပြောပြီးနောက် အစ်ကိုလုန်၏အမူအရာမှာ မျက်မှောင်ကြုတ်သွားသည်။ “သခင်လေးလဲ့က သူဌေးရှားရဲ့ ညှော့သည့်ပဲ။ သူတို့ ဒီကို ရောက်နေပြီ”

"ငါတို့ ဘာလုပ်မလဲ။ လီလီနဲ့ ရှောင်ချင်းကို ရက်နည်းနည်းလောင် ရှောင်နေဖို့ ပြောလိုက်ရမလား" တာဟဲ၏အမူအရာမှာ ရုတ်တရက် ပြောင်းလဲသွားသည်။

"သူဌေးရှားက ကိုယ်တိုင်တောင် ရောက်လာပြီဆိုတော့ ဒီကိစ္စက ရှောင်နေလို့လည်း အသုံးမဝင်တော့ဘူး" ခဏလောက်ရပ်တန့်သွားပြီးနောက် အစ်ကိုလုန်က မျက်ခုံးပင့်၍ ပြောသည်။ "ဆင်းပြီး တစ်ချက်ကြည့်လိုက်ရအောင်။ သူဌေးရှား ဘာပြောမလဲ အရင်နားထောင်တာ ပိုကောင်းမယ်။ ဘာပဲဖြစ်ဖြစ် ငါ လုန်ဟောင်က ဒီလောက် လွယ်လွယ်အနိုင်ကျင့်လို့ရတဲ့သူမဟုတ်ဘူး"

"ဟုတ်ကဲ့။ မတော်တဆမှုမဖြစ်ရအောင် ညီအစ်ကိုတွေ ထပ်ခေါ်လိုက်ရမလား" တာဟဲက မေးသည်။

"မလိုဘူး" အစ်ကိုလုန်က ခေါင်းယမ်းကာ အပြင်သို့ ဦးဆောင်၍ ထွက်လာသည်။ သူသည် လျှောက်လာရင်းဖြင့်

သက်ပြင်းချကာ ပြောသည်။ "ဒါက တကယ့်ကို အန္တရာယ်များတဲ့အခြေအနေပဲ"

သူသည် ရှားရှန်ဟောင်၏နောက်သို့ လိုက်ခဲ့ဖူးသော်လည်း ငွေအများအပြားရရှိခဲ့ပြီးနောက် ကိုယ်ပိုင်လုပ်ငန်းစတင်ခဲ့သည်။ သူသည် စာရွက်ပေါ်တွင်တော့ ရှားရှန်ဟာင်၏ထိန်းချုပ်မှုအောက်တွင်ရှိသောလည်း သူနှင့် မပတ်သက်တော့ချေ။

သို့သော် မြောက်ပိုင်းခရိုင်တွင် လူအများမှာ ရှားရှန်ဟောင်အား မစော်ကားမိစေရန် သတိပြုရသည်။

အစ်ကိုလုန်သည် သူ၏လူများအား ကာကွယ်လိုစိတ်ပြင်းသော်လည်း သိပြီး ယုံကြည်မှုမရှိချေ။ သူသည် ရှားရှန်ဟောင်အား ကြောက်ရွံ့နေသော်လည်း မျက်နှာလွှဲခဲပစ်လုပ်မည်မဟုတ်ချေ။ ပြဿနာကြီးကြီးမားမားမဟုတ်ပါက သူနှင့်စကားပြော၍ ပြေလည်သွားနိုင်သည်။

သို့သော် ရှားရှန်ဟောင်သည် သူ့အား စေ့စပ်ဆွေးနွေးရန် အခွင့်အရေးပင် ပေးမည်ဟု မမျှော်လင့်ချေ။

စားပွဲဝိုင်းသို့ လျှောက်လာပြီး နှုတ်ဆက်သည့်အချိန်တွင် ရှားရှန်ဟောင်က လက်ကို ဝှေ့ယမ်းပြကာ အမိန့်ပေးသည့်လေသံဖြင့် ပြောသည်။

"မနေ့ညက သခင်လေးလဲ့ကို စော်ကားတဲ့ မိန်းကလေးနှစ်ယောက်ကို ခေါ်လာပြီး သူ့အတွက် အခန်းစီစဉ်ပေးလိုက်။ သူတို့က သခင်လေးလဲ့ကို ကောင်းကောင်းညှော်ခံပေးမယ်ဆိုရင် ဒီကိစ္စ ပြေလည်သွားလိမ့်မယ်"

...

-အပိုင်း(၂၆၁) ပြီး

wunzinnosp

## အပိုင်း(၂၆၂) တခြားသူရှိသေးလား

အစ်ကိုလုန်မှာ အလွန်အံ့အားသင့်သွားသည်။ ခဏလောက်စဉ်းစားပြီးနောက် သူသည် ရှားရှန်ဟောင်၏မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။

ရှားရှန်ဟောင်သည် လူတစ်ဒါဇင် ခေါ်ဆောင်လာသော်လည်း အများစုမှာ သူ၏လက်အောက်ငယ်သားများဖြစ်သည်။ ဤအချိန်တွင် ရှားရှန်ဟောင်၊ သူ၏ငယ်သားတစ်ယောက်၊ သူဌေးဝူ၊ ဝူရှောင်လဲ့နှင့် သူ၏သူငယ်ချင်းအချို့သာ ထိုင်နေကြသည်။ ဆိုလိုသည်မှာ လက်ရှိလူများတွင် လူအနည်းငယ်သာ ထိုင်ခွင့်ရလေသည်။

တာဟဲနှင့် သူ၏လူငါးယောက် ခြောက်ယောက်ခန့်မှာ မထိုင်ကြဘဲ အစ်ကိုလုန်၏နောက်၌ ရပ်နေကြသည်။

"အစ်ကိုဟောင် ဒီကိုလာတယ်ဆိုတော့ ကြိုဆိုရမှာပေါ့။ ငါ အရင်သောက်လိုက်မယ်"

အစ်ကိုလုန်သည် ဖန်ခွက်အလွတ်တစ်လုံးကိုယူကာ ဝိုင်တစ်ခွက်လောင်းထည့်လိုက်ပြီး ရှားရှန်ဟောင်နှင့် ခွက်ချင်းတိုက်ရန် အဆိုပြုသည်။ ထိုနောက် သူက လေးနက်သည့်အသံဖြင့် ပြောသည်။

“အစ်ကိုဟောင် မနေ့က အဖြစ်အပျက်က နည်းနည်းလေး အငြင်းပွားမှုကြောင့်ဖြစ်တာဆိုတော့ ထွေထွေထူးထူး ပြောဖို့မလိုပါဘူး။ ဝန်ထမ်းနှစ်ယောက်မှာ တစ်ယောက်က ထိပ်တန်းဒီဂျေဖြစ်ပြီးတော့ ကျန်တဲ့တစ်ယောက်က ထိပ်တန်းဘားတန်ဒါလေ။ သူတို့နှစ်ယောက်က ငါ့တို့ရဲ့ အဖိုးတန်တဲလန့်တွေပဲ။ အစ်ကို သူတို့ကို ဒုတိယအခွင့်အရေး ပေးပါဦး။”

သူပြောပြီးသည်နှင့် လေထုမှာ ချက်ချင်း အေးစက်လာသည်။

သူ့ဌေးဝူမှာ စိတ်ဝင်စားစရာကောင်းသည်ဟု ခံစားမိသော်လည်း ဘာမှဝင်မပြောဘဲ နေရာတွင်သာ ထိုင်နေသည်။

ဝူရှောင်လဲ့က နှာခေါင်းရှုံ့ကာ မထိမဲ့မြင်ကြည့်နေသည်။

သူတို့နဲ့ ကြေအေးရမှာလား။ သူဘယ်တုန်းကမှာ ထိုသို့ မတွေးခဲ့ဖူးချေ။

သူ ဝူရှောင်လဲ့အား ယခင်က မည်သူမျှ အရက်ပုလင်းဖြင့် မရိုက်ဖူးချေ။

ရှားရှန်ဟောင်၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။ ထိုနောက်တွင် ရယ်မောကာ လက်နှစ်ဖက်ကို ဖြန့်၍ ပြောလေသည်။

“အခု ငါ ဒီကိစ္စကို မျက်နှာသာပေးလိုက်ရင် နောက်ကျ ဘယ်သူကငါ့ကို ပြန်ပြီး မျက်နှာသာပေးမှာလဲ”

“အစ်ကိုဟောင် ဘာမဆိုလုပ်နိုင်တယ်မဟုတ်လား။ အစ်ကိုသာ ဝင်ပါပေးသရွေ့ သခင်လေးလဲ့က မင်းရဲ့ဆုံးဖြတ်ချက်ကို လေးစားမှာပါ။ ဒီဝန်ထမ်းနှစ်ယောက်ကို ဆန်နေခိုင်းဖို့ ငါ အကောင်းဆုံးကြိုးစားမယ်။ အစ်ကိုဟောင်က သူတို့ရဲ့ရိုင်းပြမှုအတွက် ခွင့်လွှတ်ပေးမယ်လို့ မျှော်လင့်ပါတယ်။ သူတို့အမှားတွေကို သိပြီးပြီဖြစ်လို့ နောက်ဆို ပြင်ခိုင်းထားပါတယ်” အစ်ကိုလုန်က ငြိမ်းချမ်းရေးသမားတစ်ယောက်ကဲ့သို့ ပြုံးရွှင်ကာ ပြောသည်။

“ပြင်မှာလား။ သွားစမ်းပါ။ မင်းက ဘယ်လိုလုပ် ဆုံးဖြတ်ချက်ချရဲတာလဲ။ မင်းက ဘယ်သူမလို့လဲ” ဝူရှောင်လဲ့မှာ ဒေါသမထိန်းနိုင်တော့။ သူသည် အစ်ကိုလုန်အား လက်ညှိုးထိုးကာ ကြိမ်းမောင်းသည်။

သူ၏စကားကို ကြားသည့်အခါ အစ်ကိုလုန်မှာ ဒေါသထွက်သွား၏။

တာဟဲနှင့် သူ၏နောက်မှလူများမှာလည်း ဒေါသထွက်နေသည့်မျက်နှာများဖြင့် ကြည့်နေကြသော်လည်း ဘာမှ မပြောကြချေ။ ရှားရှန်ဟောင်သည် ကြီးမားသောတောင်ကြီးတစ်ခုကဲ့သို့ဖြစ်နေကာ သူတို့အား မလှုပ်ရှားရဲစေခဲ့ချေ။

"အာ။ ရှောင်လဲ့။ မင်း ဘယ်လိုပြောလိုက်တာလဲ" သူဌေးဝူက သူတော်ကောင်းယောင်ဆောင်ကာ ပြောသည်။ "သူဌေးရှားက ဒီပြဿနာကို ဖြေရှင်းပေးမှာဆိုတော့ မင်း ဘာမှထပ်မပြောတာပဲ ကောင်းမယ်"

"ဟားဟား" ရှားရှန်ဟောင်က ခေါင်းယမ်းကာ ပြုံးလိုက်ပြီး "ရှောင်လုံ မင်းကြားတယ်မလား။ သလင်လေးလဲ့က သူတို့ရဲ့တောင်းပန်မှုကို လက်မခံချင်ဘူး"

ဤအချိန်တွင် မောက်မာလွန်းသည့်သခင်လေးလဲ့အား ကြည့်ကာ အစ်ကိုလုန်က အံ့ကြိတ်၍ ရှားရှန်ဟောင်အား

ပြောသည်။ "အစ်ကိုဟောင်း ဖြစ်ပျက်ခဲ့တာတွေတော့ မင်းသိမှာပါ။ မင်းက ကျိုးကြောင်းသင့်တဲ့သူ...."

သူ၏စကားမဆုံးခင်မှာပင် ရှားရှန်ဟောင်က မျက်မှောင်ကြုတ်၍ ပြောသည်။

"မင်း ဒါကိုပဲ ထပ်ခါထပ်ခါ ပြောနေတာပဲ။ ငါက ကြင်နာတတ်သူလို့ မင်းထင်နေတာလား"

သူသည် အစ်ကိုလုန်အား အချိန်အတန်ကြာ အေးစက်စက် စိုက်ကြည့်လိုက်ပြီး နှေးကွေးစွာပြောသည်။

"ငါမင်းကို လုပ်စေချင်တာ ပြောပြီးပြီ။ မင်း ငါပြောတာကို နားမလည်တာလား။ ဒါမှမဟုတ် ဒီနယ်မြေက ဘယ်သူ့နယ်မြေလဲဆိုတာ မင်းမေ့သွားတာလား"

ထိုစကားကို ပြောလိုက်သည်နှင့် လေထုမှာ လုံးဝ အေးစက်သွား၏။

ရှားရှန်ဟောင်၏ဘေးတွင် ထိုင်နေသော လက်အောက်ငယ်သားက အေးစက်စက်အကြည့်ဖြင့် ဖြည်းဖြည်းချင်း ထရပ်သည်။ သူ၏လုပ်ရပ်က အစ်ကိုလုန်သာ မိန်းကလေးနှစ်ယောက်အား ကာကွယ်ပေးဝံ့ပါက သင်ခန်းစာပေးမည်ဟု ညွှန်ပြနေသည်။

အစ်ကိုလုန်သည် ရှားရှန်ဟောင်အား ကြည့်လိုက်ပြီး မျက်နှာဖြူဖျော့သွား၏။

သို့သော် သုံးစက္ကန့်မပြည့်မီတွင် သူ အရှုံးပေးလိုက်သည်။ ဤအချိန်တွင် သူသည် အကူအညီမဲ့ကာ သနားစရာကောင်းနေ၏။

ရှားရှန်ဟောင်၏ရှေ့တွင် သူလုံးဝ မျက်နှာပျက်သွားသည်။

*သူ့ကို အကြမ်းနည်းနဲ့ ဆန့်ကျင့်ရမှာလား*

ဤသို့ လုပ်လိုက်ပါက နောက်ကျော်အား နံရံဖြင့်ကပ်ကာ သံရိုက်ခံရပေလိမ့်မည်။

ရှားရှန်ဟောင်သည် ရက်စက်တတ်သူဖြစ်ကြောင်း သူသိ၏။ ရှားရှန်ဟောင်၏အကြည့်မှတဆင့် သူ မကျေမနပ်ဖြစ်နေသည်ကို သိလိုက်သည်။ သူသည် ဆက်ပြီးဆန့်ကျင်နေပါက သူ ဒုက္ခရောက်မှာ သေချာပေသည်။

ဆွေးနွေးမှုမအောင်မြင်သော်လည်း သူ့တွင် နောက်ဆုံး နည်းလမ်းတစ်ခုရှိ၏။ သူ ခါးသီးစွာပြုံးကာ ခေါင်းယမ်းရင်း သက်ပြင်းအကြိမ်ကြိမ်ချလိုက်သည်။

"အင်း...သူတို့က ငါ့အတွက် ပိုက်ဆံကောင်းကောင်းရှာပေးနိုင်တဲ့သူတွေပါ။ ကံမကောင်းတာက အစ်ကိုဟောင်ရဲ့ ရပ်တည်မှုကို အခိုင်အမာပြောပြီးသွားပြီ။ ငါဘာမှ မပြောနိုင်တော့ပါဘူး။ တာဟဲ ဒီနေ့ သူတို့နှစ်ယောက် ဂျူတီရှိလား။ ရှိတယ်ဆိုရင် သူတို့ကို ဒီခေါ်လာပေးလိုက်ပါ"

သူပြောပြီးနောက်တွင် အစ်ကိုလုန်သည် ရှားရှန်ဟောင်နှင့် သူ၏ဘေးနားမှလူများကို ကြည့်ကာ ပြောလိုက်သည်။ "ဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ ပုံမှန်ဆိုင် သူတို့ ပိတ်ရက်ပဲ"

တာဟဲနှင့် သူ့လူများမှာ ခေါင်းညိတ်ပြပြီး စားပွဲမှ ထွက်သွားကြသည်။ တာဟဲသည် အလွန်ပါးနပ်ပြီး အစ်ကိုလုန်က ကျန်းလီနှင့် လော့ချင်းကို လွတ်မြောက်အောင် ကူညီပေးရန် အရိပ်အကဲပြနေကြောင်း နားလည်လေသည်။ ဤသို့ မဟုတ်ပါက မိန်းကလေးနှစ်ယောက် ဘားမှာရှိနေမည်ကို သူသိထားပြီးဖြစ်သည့်အတွက် ယခုလို ပြောမည်မဟုတ်ချေ။

သို့သော် သူတို့ ထွက်သွားရန် ပြင်လိုက်သည်နှင့် ဝူရှောင်လဲ့က လက်ဝှေ့ယမ်းကာ ပြောသည်။

"နေဦး"

"အမ်"

တာဟဲနှင့်သူလူများမှာ လှည့်ကြည့်သည်။

ဝူရှောင်လဲ့က မတ်တပ်ထရပ်ကာ တာဟဲအား ကြည့်၍ ပြောသည်။ “မင်းတို့လှည့်ကွက်တွေလုပ်မလားဆိုတာ ဘယ်သူက သိမှာလဲ။ လာ ငါ့နောက်ကလိုက်ခဲ့ကြ။ သူတို့ကို အတူတူ လိုက်ရှာကြမယ်”

ပြောနေရင်းဖြင့် ဝူရှောင်လဲ့သည် ရှားရှန်ဟောင်၏လူတစ်ဒါဇင်ကို လက်ပြလိုက်၏။

ထိုစကားကို ကြားသည့်အခါ အားလုံးက ရှားရှန်ဟောင်၏လက်အောက်ငယ်သားအား ကြည့်ကာ အနည်းငယ် ထိတ်လန့်သွားကြ၏။

*ဒီကောင်က သူ့ကိုယ်သူ ဘော့စ်များမှတ်နေတာလား။ ဘာလို့ သူတို့ကို ဒီလောက် ပေါ့ပေါ့တန်တန်နဲ့ အမိန့်ပေးနေတာလဲ*

လက်အောက်ငယ်သားက ခေါင်းညိတ်သဘောတူပြီးနောက် သူတို့သည် သက်တော်စောင့်များနှင့်အတူ ဝူရှောင်လဲ့ တာဟဲတို့နှင့် လိုက်ပါသွားကြသည်။

ဝူရှောင်လဲ့၏သူငယ်ချင်းများမှာလည်း ထ၍ သူတို့နောက်မှ လိုက်သွားကြ၏။ ဤနေရာတွင်နေရသည်မှာ သူတို့အတွက် အလွန်ဖိအားများလေသည်။

“သွားလေ။ ဘာစောင့်နေတာလဲ။ မြန်မြန်” ဝူရှောင်လဲ့က တာဟဲအား စိုက်ကြည့်ကာ တွန်းတိုက်သည်။

တာဟဲက အံကိုကြိတ်ကာ တိတ်ဆိတ်စွာဖြင့် ရှေ့မှ လျှောက်သွားသည်။

ဤအချိန်တွင် ရှားရှန်ဟောင်နှင့် သူဌေးဝူက ပြုံးလိုက်၏။

သူတို့၏အမြင်တွင် ဝူရှောင်လဲ့မှာ ခပ်ဆိုးဆိုးဖြစ်သော်လည်း ဉာဏ်ကောင်းလေသည်။

အစ်ကိုလုန်မှာ အကူအညီမဲ့စွာဖြင့် သူတို့လွှတ်မြောက်ရန်သာ ဆုတောင်းနေရသည်။

သူတတ်နိုင်သမျှ အားလုံး လုပ်ပေးခဲ့ပေသည်။

ဤအချိန်တွင် ည ၈ နာရီခန့် ရှိပြီဖြစ်သည်။

လူ ၁၀ ယောက်ကျော်အုပ်စုက ဝန်ထမ်းဝင်ပေါက်ဆီသို့ ဦးတည်သွားသည်ကို မြင်သည့်အခါ အခြားသူများ၏အာရုံကို အလိုလို စွဲဆောင်သွား၏။

တာဟေးမှာ အဖြေရှာရန်ကြိုးစားနေသည်။

*ငါဘာလုပ်ရမလဲ*

ဤအချိန်တွင် တာဟဲမှ နဖူးမှ ချွေးများ စီးကျနေသည်ကို ခံစားနေရ၏။ တစ်စုံတစ်ရာ လုပ်ဆောင်ခြင်းမရှိပါက ကျန်းလီနှင့် လော့ချင်းတို့ ယနေ့ည ဒုက္ခရောက်တော့မည်ကို သူသိလေသည်။

ခဏလောက်တန့်သွားပြီးနောက် တာဟဲသည် အံကိုကြိတ်လိုက်၏။

သူသည် ညာဘက်လက်ကို အိတ်ကပ်ထဲသို့ ထည့်လိုက်ပြီး ဖုန်းကို ထုတ်ကာ ဖွင့်လိုက်သည်။

ပဌမမြောက်နံပါတ်မှာ ကျန်းလီ၏နံပါတ်ဖြစ်သည်။

တာဟဲသည် အောက်သို့ လေးကြိမ်ရွှေ့ကာ ဖုန်းခေါ်ဆိုသော ခလုပ်ကို နှိပ်လိုက်၏။

"တောင်းပန်ပါတယ်။ ငါ ဒီဖုန်းကို အရင်ပြောမှဖြစ်မယ်"

တာဟဲက ရပ်တန့်လိုက်ပြီး ဝူရှောင်လဲ့အား ပြောကာ ဖုန်းပြောရန် ထုတ်လိုက်သည်။

"ဟဲလို တာဟဲ ငါတို့ ခဏနေရင်ရောက်တော့မယ်။ ဘာလို့ ဖုန်းခေါ်တာလဲ"

ကျန်းလီ၏အသံကို ကြားသည့်အခါ တာဟဲ သက်ပြင်းတစ်ချက်ချလိုက်၏။ ထိုနောက် အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

"သခင်လေးချင် ငါ တာဟေးပါ။ တောင်းပန်ပါတယ်ဗျာ။ သခင်လေးခုနက ဘိုကင်တင်ထားတဲ့စားပွဲက လူရှိနေတယ်။ သူဌေးရှားရောက်နေတာဆိုတော့ မင်းရဲ့တောင်းဆိုမှုကို မဖြည့်ဆည်းပေးနိုင်တော့ဘူး။ ငါ သခင်လေးလဲ့ကို ညှော်ခံ…"

သူ၏စကားမဆုံးခင်မှာပင် ဘေးနားမှာ ကြိမ်းမောင်းသံထွက်ပေါ်လာလေသည်။

"ငါယီးတဲ့မှ"

သခင်လေးလဲ့သည် သူ၏လက်သီးကို ဆန့်ထုတ်ကာ တာဟေး၏မျက်နှာအား ထိုးချလိုက်သည်။ ပထမတွင် သူထိတ်လန့်သွားသော်လည်း နောက်ပိုင်း၌ ဘာဖြစ်သွားသည်ကို သိရှိလိုက်သည်။

တာဟေးကို ထိုးပြီးနောက် သခင်လေးလဲ့သည် ဝန်ထမ်းဝင်ပေါက်ကို ညွှန်ပြကာ ပြောသည်။ "အဲ့ခွေးမနှစ်ကောင်ရှိတယ်။ သူတို့ကို ဖမ်းစမ်း"

တာဟဲမှာ လှမ်းကြည့်လိုက်ပြီး ချက်ချင်း အေးခဲသွား၏။

တစ်ဖက်တွင် ကျန်းလီသည် ဖုန်းကို ကိုင်ထားလေသည်။ ထင်ရှားစွာပင် ဤတစ်ချိန် သူတို့ မိသွားပေပြီ။

တာဟဲသည် ယနေ့ ဤအရှုပ်ထုပ်ထဲတွင် ပါဝင်ရနိုင်ချေရှိသည့်အတွက် ခါးသီးစွာ ပြုံးလိုက်သည်။

"ပြေး"

ကျန်းလီသည် တာဟဲ၏ဖုန်းခေါ်ဆိုမှုကို ရရှိသည့်အခါ လျှောက်ဝင်လာနေပြီဖြစ်သည်။ ဤအခိုက်တွင် သခင်လေးလဲ့နှင့် သူ၏လူများကို သူမ မြင်သွားပြီး တစ်ခုခုမှားယွင်းနေသည်ကို သဘောပေါက်သွားသည်။

ထို့ကြောင့် သူမသည် လော့ချင်းနှင့်အတူ တံခါးဆီသို့ အမြန်ပြေးသွားလေ၏။

ဤအချိန်တွင် ဘားထဲ၌ ညော့သည်များစွာရှိနေသော်လည်း ကျန်းလီနှင့် လော့ချင်းမှာ လူအုပ်ကြားထဲသို့ လျင်မြန်စွာ ပြေးဝင်သွားသည်။ လူများ တိုးကြပ်နေသည့်အတွက် သူမတို့ လွတ်မြောက်ရန် ခက်ခဲနေ၏။

"ရှေ့ကနေဖယ်"

"ဘေးကိုဖယ်"

သို့သော် သူတို့၏ကျယ်လောင်သော အော်သံများကြောင့် လမ်းတစ်လျှောက်လူများက ဘေးဆုတ်ပေးလိုက်ရာ သူမတို့ အရှိန်မြန်မြန်ဖြင့် ပြေးနိုင်သွား၏။

ဝူရှောင်လဲ့သည် တာယဲအား လျစ်လျူရှုကာ သူမတို့နောက်သို့ ပြေးလိုက်သည်။

တာဟဲနှင့် သူ့လူများမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး နောက်မှ လိုက်သွားကြ၏။

ကျန်းလီနှင့် လော့ချင်းသည် ခန်းမကိုဖြတ်ကာ တံခါးအားတွန်း၍ ထွက်သွားကြသည်။

သို့သော် သူမတို့နောက်မှ အုပ်စုက နီးနီးကပ်ကပ်လိုက်ပါလာပြီး သူမတို့နှင့် ပို၍ပို၍ နီးလာလေသည်။

မိန်းကလေးနှစ် ထွက်ပြေးနေပြီး နောက်မှ လူအုပ်စုက လိုက်နေကြသည်။ ဤမြင်ကွင်းက လူအများကို ထိတ်လန့်သွားစေ၏။ ကောင်တာမှဝန်ထမ်းများပင် ဤကဲ့သို့မြင်ကွင်းမျိုးကို တစ်ခါမှမမြင်ဖူးသည့်အတွက် ကြောက်လန့်နေကြသည်။

ကြယ်ကောင်းကင်ဘား၏ရှေ့တွင် ကားပါကင်များစွာဖြင့် ဝန်းရံထားသည့် ကွင်းပြင်လေးရှိသည်။

ကျန်းလီနှင့် လော့ချင်းသည် လမ်းမဆီသို့ အမြန်ပြေးသွားကြ၏။

“ရပ်စမ်း”

ဟိန်းဟောက်သံတစ်ခုက သူမတို့နောက် မီတာအနည်းငယ်အကွာမှ ရုတ်တရက် ထွက်ပေါ်လာသည်။

လော့ချင်းမှာ ထိတ်လန့်လွန်း၍ အားလျော့သွားကာ သူမနှင့်ကျန်းလီ နှစ်ယောက်စလုံး လဲကျသွားသည်။

သူမတို့ လဲကျသွားသည်နှင့် လူတစ်ဒါဇင်က သူမတို့အား ဝိုင်းထားကြသည်။ သူမတို့၏သန်မာမှုသည် ဤယောက်ကျားသားများနှင့် လုံးဝ မယှဉ်သာပေ။

“ခွေးမ ပြေးလေ။ ပြေးစမ်း။ အခု ထွက်ပြေးချင်သေးလား”

ဝူရှောင်လဲ့နှင့်သူ၏သူငယ်ချင်းများက အမောတကောဖြင့် လိုက်လာကြသည်။ သူသည် ကျန်းလီနှင့် လော့ချင်းအား ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ဒီနေ့ မင်းတို့နှစ်ယောက်လုံး လွတ်သွားနိုင်တယ်ဆိုဥင ငါ့မျိုးရိုးနာမည်ကို ပြောင်းပစ်လိုက်မယ်"

လော့ချင်းသည် အလွန်ကြောက်လန့်နေသဖြင့် မျက်နှာမှာ ဖြူဖျော့ကာ တုန်ယီနေသည်။

ကျန်းလီသည်တော့ ကြောက်လန့်မနေဘဲ ဒေါသထွက်သွားသည်။ သူမသည် ယခုအချိန်တွင် ဘာမှပြန်မပြောချေ။ သူမသာ ပြန်ပြောပါက ဝူရှောင်လဲ့နှင့် ရန်ပြိုးဖွဲ့မိမည်ကို သိရှိသောကြောင့်ဖြစ်သည်။

ဤအချိန်တွင် တာဟဲနှင့် သူ၏လူများ ရောက်လာကြသည်။ သူတို့၏အကြံအစည် ဖော်ထုတ်ခံလိုက်ရပြီးကတည်းက ထွက်ပြေးနေ၍လည်း အကူအညီဖြစ်မည်ဟုတ်သည်ကို သူသိလေသည် ထို့ကြောင့် သူ ဝူရှောင်လဲ့နှင့် ရင်ဆိုင်ရပေမည်။

တာဟဲအား မြင်လိုက်သည်နှင့် ဝူရှောင်လဲ့မှာ ဒေါသတကြီးဖြင့် ကြည့်လိုက်သည်။

"ပြီးတော့ မင်း။ မင်းက လှည့်ကွက်တွေ လုပ်ရဲတယ်ပေါ့လေ"

ဝူရှောင်လဲ့သည် အော်ဟစ်ကြိမ်းမောင်းကာ မဆိုင်းမတွဖြင့် တာဟဲအား ကန်ကျောက်သည်။

တာဟဲမှာ မိနစ်အနည်းငယ် အရိုက်ခံရပြီးသည်ပင် ဘာစကားတစ်ခွန်းမှ မပြောခဲ့ချေ။

"တော်လောက်ပြီ"

ရုတ်တရက် ကျန်းလီက အေးစက်စွာ အော်လိုက်သည်။

လူများက လှမ်းကြည့်လိုက်ရာ ကျန်းလီသည် ဖုန်းကို ကိုင်၍ ဝူရှောင်လဲ့အား ဒေါသတကြီးကြည့်နေသည်အား တွေ့လိုက်ရ၏။

"ဟဲလို ရဲစခန်းကလား။ ကြယ်ကောင်းကင်ဘား၊ အန်လုလမ်းမှာ။ ဝူရှောင်လဲ့လို့ခေါ်တဲ့လူက ကျွန်မကို ပြန်ပေးဆွဲဖို့ ကြိုးစားနေတယ်။ သူတို့..."

"ရဲကိုဖုန်းခေါ်တာလား"

ဝူရှောင်လဲ့မှာ နှာခေါင်းရှုံ့လိုက်ပြီး မျက်နှာမည်းမှောင်သွားသည်။ သူသည် ရှေ့သို့ နှစ်လှမ်းတိုးက ကျန်းလီ၏လက်ထဲမှ ဖုန်းကိုဆွဲယူ၍ မြေပြင်ပေါ် ကိုင်ပေါက်လိုက်သည်။

"ခွေးမ"

ကျိန်ဆဲလိုက်ပြီးနောက် ဝူရှောင်လဲ့သည် ညာလက်ကိုမြှောက်ကာ ကျန်းလီ၏ပါးကို ရိုက်ရန်ပြင်သည်။

ထိုအခိုက်တွင်...။

ဘွန်း...

ရုတ်တရက် အင်ဂျင်သံများ ကြားလိုက်ရပြီး အနက်ရောင်မာစီးဒီးကားတစ်စီးက သူတို့အနီးသို့ ချည်းကပ်လာရင်း မီးရောင်များ ပိုမိုတောက်ပလာသည်။

"ဟမ်"

ဝူရှောင်လဲ့ လှည့်ကြည့်လိုက်သည်။ ဖြစ်ပျက်နေသည်များကို သိလိုက်ပြီးနောက် သူ၏မျက်နှာမှာ ဖြူဖျော့သွားပြီး သူငယ်အိမ်များ သိသိသာသာ ကျုံ့သွားသည်။

လူတိုင်း၏အကြည့်အောက်တွင် အသစ်စက်စက် မာစီးဒီးကားသည် အရှိန်အဟုန်ပြင်းစွာဖြင့် မောင်းဝင်လာ၏။

သူ၏လူအချို့မှာ ချက်ချင်းတုံ့ပြန်ပြီး လမ်းပေါ်မှ အမြန်ဖယ်လိုက်ကြသည်။ သို့သော် ဝူရှောင်လဲ့မှာ အံ့သြမှင်တက်နေသဖြင့် ကြောင်ငေးကာ ရပ်နေလေသည်။ သူ ရှောင်လိုက်ချင်သော်လည်း သူ၏အသိစိတ်က မနာခံခဲ့ချေ။

ကျွီ…

ကားဘရိတ်သံမြည်လာသည်။

ဘန်း…

ခပ်အုပ်အုပ်အသံတစ်ခု ထွက်ပေါ်လာ၏။

ဝူရှောင်လဲ့မှာ မြေပြင်ပေါ် ဒလိမ့်ကောက်ကွေးကျသွားပြီး ခေါင်းမှ သွေးများ လျှံထွက်လာလေသည်။

"ဘာဖြစ်နေတာလဲ"

လူတိုင်း အံ့အားသင့်သွားကြသည်။

သူတို့အားလုံးသည် ရှေ့တွင်ရပ်ထားသော အသစ်စက်စက် မာစီးဒီးကားကို ကြည့်နေကြ၏။

နောက်အခိုက်အတန့်တွင် အခြားမာစီးဒီးကား ခုနှစ်စီးမှာ နီးကပ်လာပြီး လူအားလုံးကို ဝိုင်းရံထားလေသည်။

ဘန်း ဘန်း ဘန်း

ကားတံခါးအဖွင့်အပိတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထိုနောက်တွင် အနက်ရောင်အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသော လူ ၂၀ ကျော်မှာ ကားထဲမှဆင်းလာပြီး အခင်းဖြစ်ရာနေရာကို အေးစက်စွာ ကြည့်နေကြသည်။

လူတိုင်း ထိတ်လန့်သွားကြ၏။

သူတို့သည် မြေအောက်ဂိုဏ်းမှလူဆိုးလူမိုက်များဖြစ်ကြသော်လည်း သူတို့ရှေ့မှလူများက ပို၍ ကြောက်ဖို့ကောင်းနေသည့်ပုံရလေသည်။

တာဟဲနှင့်သူ၏လူများပင် ဤလူများအား မည်သူမှန်း မခွဲခြားနိုင်သည့်အတွက် စိတ်ရှုပ်ထွေးသွားကြ၏။

"သူတို့က ရန်သူလား မိတ်ဆွေလား"

ကျန်းလီမှာ ရုတ်တရက် တစ်စုံတစ်ရာအား သိရသွားသည့်အတွက် ဝူရှောင်လဲ့အား တိုက်လိုက်သော ကားကို စိုက်ကြည့်လိုက်သည်။

သူမ၏အကြည့်အောက်တွင် ခရီးသည်ထိုင်ခုံမှ တံခါးပွင့်လာသည်။ ကျောက်ဖုန်းသည် ချောမောခန့်ညားသော

ရုပ်ရည်ရှိသော်လည်း မျက်နှာအမူအရာမှာ အေးစက်စွာဖြင့် ကားထဲမှ ထွက်လာခဲ့လေသည်။

သူသည် အခြားသူများအား မကြည့်ဘဲ ကျန်းလီဆီသို့ ဖြည်းညှင်းစွာ လျှောက်လာလေသည်။

"မင်းအဆင်ပြေရဲ့လား"

ကျောက်ဖုန်း ပြုံးလိုက်သည်။ ကျန်းလီ၏ စိတ်ရှုပ်ထွေးနေပုံကို မြင်သည့်အခါ သူ နူးညံ့ညင်သာသော အမူအရာပြင်လိုက်ပြီး တိုးတိုးလေးပြောလိုက်သည်။

"နောက်ကျသွားလို့ တောင်းပန်ပါတယ်"

ဤအခိုက်အတန့်တွင် ကျန်းလီမှာ သူ၏နှလုံးသား ပြင်းထန်စွာ ခုန်နေသည်ကို ခံစားလိုက်ရ၏။ သူမ မသိစိတ်က ခေါင်းယမ်းကာ ပြန်ဖြေလိုက်မိသည်။

"နင် နောက်မကျပါဘူး။ အချိန်ကိုက်ပဲ"

"အင်း" ကျောက်ဖုန်းက ခေါင်းညိတ်သည်။ သူသည် ညာလက်အား ဆန့်ထုတ်၍ မတ်တပ်ရပ်နေသော ဝူရှောင်လဲ့ကို ညွှန်ပြသည်။ ထိုနောက် သူ မေးလိုက်၏။ "မင်းကို နှောင့်ယှက်တဲ့သူက သူလား"

"အင်း" ကျန်းလီ ခေါင်းညိတ်သည်။

"သိပြီ"

ကျောက်ဖုန်း လှည့်လိုက်ပြီး ဝူရှောင်လဲ့အား ကြည့်သည်။ ဤအချိန်တွင် သူ၏မျက်နှာပေါ်မှ အပြုံးမှ ပျောက်ကွယ်သွားပြီး အေးစက်သောအကြည့်က ပြန်လည်ဝင်ရောက်လာသည်။

သူ၏အသက်ရှူသံက ရှားရှန်ဟောင်၏သက်တော်စောင့်များကို ရေခဲပြင်ထဲ ပြုတ်ကျသွားသကဲ့သို့ ခံစားရစေသည်။

နောက်အခိုက်အတန့်တွင် ကျောက်ဖုန်းက ဝူရှောင်လဲ့ဆီသို့ လျှောက်လာသည်။

ဝူရှောင်လဲ့မှာ ကားဖြင့်အတိုက်ခံလိုက်ရသော်လည်း ဒဏ်ရာအပြင်းအထန် မရချေ။

ဤအချိန်တွင် ဝူရှောင်လဲ့မှာ တုံ့ပြန်လာသည်။ သူသည် ကျောက်ဖုန်းအား စိုက်ကြည့်ရင်း ရှုံးသွပ်စွာ အော်ဟစ်လိုက်သည်။

“ငါယိုးတဲ့…”

ဖြောင်း

သူ၏စကားမဆုံးခင်မှာပင် လျှပ်စီးလက်သကဲ့သို့ ကျောက်ဖုန်းက သူ၏ခြေထောက်အား ကန်လိုက်သည်။ ထိုနောက်တွင် လူများမှာ အရိုးကျိုးသံကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရ၏။

“အား….”

ဝူရှောင်လဲ့မှာ နာကျင်စွာ အော်ဟစ်လေသည်။ သူလဲကျမသွားခင်တွင် ကျောက်ဖုန်းက နောက်ထပ် ကန်လိုက်လေသည်။

ဂျွတ်…

ဝူရှောင်လဲ့၏ နောက်ထပ်ခြေထောက်မှာလည်း ကျိုးသွား၏။

ဝူရှောင်လဲ့သည် ယခုအချိန်၌ မတ်တပ်ရပ်နိုင်ခြင်းမရှိတော့သော်လည်း မြေပြင်ပေါ် လဲသွားသွားခြင်းမရှိချေ။

ကျောက်ဖုန်းက သူ၏ကော်လံအား ဆုပ်ကိုင်ထားလေသည်။

“တခြားသူရှိသေးလား” ကျောက်ဖုန်းက ကျန်းလီအား လှည့်ကြည့်ကာ ပြုံး၍ မေးလိုက်သည်။

သို့သော် ထိုအပြုံးက ဝူရှောင်လဲ့နှင့် သူ၏အပေါင်းအပါများကို ထိတ်လန့်သွားစေသည်။

*သူက ဘယ်လိုတောင် ကြောက်ဖို့ကောင်းတာလဲ*

...

-အပိုင်း(၂၆၂) ပြီး

wunzinnosp

## အပိုင်း(၂၆၃) ငါ့သူဌေးရဲ့ညီမ

သူ၏အပြုအမူကို မြင်သည့်အခါ ကျန်းလီက ခေါင်းညိတ်ပြသည်။

သူမ၏မျက်လုံးများက ကျောက်ဖုန်းအား စူးစိုက်ကြည့်နေသည်။ စားသောက်ဆိုင်တွင် ရှိစဉ်၌

ပေါ့ပေါ့ပါးပါးနေတတ်သော ကျောက်ဖုန်းက ဤမျှ ကြမ်းတမ်းလိမ့်မည်ဟု သူမ မမျှော်လင့်ခဲ့ချေ။

သူ၏ပေါ့ပေါ့ပါးပါးအပြုအမူ၊ ကြမ်းတမ်းသော လှုပ်ရှားမှု၊ ဟန်ပန်အမူအရာ၊ ချောမောသည့်ရုပ်ရုပ်နှင့် ရက်စက်ကြမ်းကြုတ်မှုက သူမ၏စိတ်ထဲမှ စွဲဆောင်မှုရှိသောမင်းသားလေး၏လိုအပ်ချက်များအားလုံးနှင့် ကိုက်ညီလေသည်။

အမှန်တကယ်ပင် ခြားနားမှာမှာ အံ့အားသင့်စရာပင်။

အချိန်တစ်ခုထိ သူတို့သိခဲ့သောလူက ရုတ်တရက် မာစီးဒီးကားကို အရှိန်ပြင်းပြင်းဖြင့်မောင်းနှင်လာကာ နောက်လိုက်အများအပြားလည်း ပါလာသည်ကို မြင်လိုက်ရပါက မတုန်လှုပ်သည့်သူ ရှိမည်မဟုတ်ချေ။

လော့ချင်းသည်ပင် ယခုအခိုက်အတန့်၌ မျက်တောင်မတတ်နိုင်ချေ။ သူမသည်

ပါးစပ်ကိုကျယ်ကယ်ဟက နေရာတွင်ပင်ရပ်နေပြီး သူမ၏အမူအရာက ကျန်းလီထက်ပင် ပို၍ ဆိုးလေသည်။

ကျောက်ဖုန်းက ခေါင်းကိုအသာညိတ်ကာ ပြောသည်။

"ဒီမှာရှိတဲ့လူတွေက အကုန်ပဲလား"

သူပြောပြီးသည့်နောက် အားဟူနှင့်သူ့လူများကို လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။ "သူတို့ကို ကိုင်တွယ်လိုက်"

"ဟုတ်ကဲ့"

အားဟူနှင့် သူ၏အဖွဲ့မှ လူ ၂၀ မှာ တခဏအတွင်းမှဦပင် လှုပ်ရှားရန် အသင့်ဖြစ်နေကြသည်။

"နေပါဦး နေပါဦး။ ကျွန်တော်တို့က ကျန်လီတို့ဘက်ကပါ" တာဟဲနှင့်သူ၏လူများမှာ ထိတ်လန့်သွားပြီး ကျန်းလီနှင့် လော့ချင်းအနားတို့ အမြန်တိုးကပ်သွားကြသည်။

ကျန်သည့်လူများမှာ ဖြူဖျော့သွားကြ၏။ အထူးသဖြင့် ဝူရှောင်လဲ့၏သူငယ်ချင်းများပင်။ သူတို့မှာ တုန်လှုပ်ကြောက်ရွံ့နေကြသည်။

"မင်းဘယ်သူလဲ။ စိတ်အေးအေးထားပါ"

ရှားရှန်ဟောင်၏လူများထဲမှ ဆံပင်ဘိုကေနဲ့လူတစ်ယောက်က ပြောသည်။ "ငါတို့က ရှားရှန်ဟောင်ရဲ့လူတွေပါ။ သူ့ဌေးရှားက အထဲမှာ သောက်နေပါတယ်။ သူက မိန်းကလေးနှစ်ယောက်ကို သူနဲ့တွေ့ဖို့ ခေါ်ခိုင်းလိုက်တာ။ ငါမင်းကို နှစ်ခါပြန်စဉ်းစားဖို့ အကြံပေးချင်တယ်"

"ရှားရှန်ဟောင်လား" ကျောက်ဖုန်း၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။ သူသည် ထိုလူအား အကဲခတ်လိုက်ပြီး ဘာမှပြန်မပြောပေ။ သူက ကျန်းလီအားကြည့်ကာ တိုးတိုးလေး မေးသည်။ "ဒါက တခြားသူတွေနဲ့

ပတ်သက်နေသေးတာလား။ အဲဒါတွေအားလုံးကို ပြီးရင် ငါ ဖြေရှင်းလိုက်မယ်”

“ငါမသိဘူး” ကျန်းလီက ခေါင်းယမ်းကာ တာဟဲအား ကြည့်လိုက်သည်။

“တကယ်တော့ သူဌေးရှားရယ် ဒီကောင့်ရဲ့အဖေဖြစ်တဲ့ သူဌေးဝူရယ်အပါအဝင် ကျန်တဲ့သူတွေလည်း ပါသေးတယ်” တာဟဲက ကျောက်ဖုန်း၏လက်ထဲမှ ဝူရှောင်လဲ့ကို ညွှန်ပြသည်။

“အိုး” ကျောက်ဖုန်းက ဝူရှောင်လဲ့အား ကော်လံမှဆွဲကာ ကြယ်ကောင်းကင်ဘားဝင်ပေါက်ဆီသို့ ဆွဲခေါ်သွား၏။

ထိုအချိန်တွင် ခန်းမထဲရှိလူများအားလုံးမှာ အပြင်သို့ ကြည့်နေကြသည်။

ကြောက်စရာကောင်းတာ တစ်ခုခုဖြစ်ခဲ့သည်မှာ သိသာပေသည်။

လူများ ရုတ်ရုတ်သဲသဲဖြစ်ကာ ထောင့်မှာရှိနေသူညံ့လူများအား ညွှန်ပြသည်။

"အဲဒါ ခုနက မိန်းကလေးနှစ်ယောက်ကို လိုက်နေတဲ့သူမဟုတ်လား"

"ဟုတ်တယ်။ ခွေးသေတစ်ကောင်လိုမျိုး သယ်လာခံရတာပဲ။ မိန်းကလေးနှစ်ယောက်ကို လိုက်ဖမ်းနေတာမဟုတ်လား။ ဘာလို့ ဒီလောက် ဆိုးဆိုးရွားရွား အရိုက်ခံရတာလဲ"

"အဲဒီလူတွေက ဘယ်သူတွေလဲ။ သူတို့ဝတ်စုံတွေက အရမ်းမိုက်တယ်ဟ"

"..."

လူအုပ်ထဲတွင် လုံခြုံရေးအစောင့်အချို့ရှိသောလည်း ၎င်းတို့၏ဒါရိုက်တာ တာဟဲမှာ အဖွဲ့ထဲတွင် ရှိနေသဖြင့် မလှုပ်ရှားကြချေ။ ထို့ကြောင့် သူတို့သည်

မည်သည့်အနှောင့်အယှက်မျှ မရှိချေ။ တကယ်တမ်းတွင် တာဘဟဲ ရှိမနေလျှင်ပင် သူတို့သည် ထိုကြမ်းကြုတ်သည့်အုပ်စုကို တားစီးရဲမည်မဟုတ်ချေ။

ယေဘူယျအားဖြင့် လူတိုင်းတွင် စိတ်ထားကိုယ်စီရှိကြသည်။ ဥပမာအားဖြင့် အတောင်တိုင်းဝတ်စုံဝတ်ဆင်ထားသော ကော်လံအဖြူနှင့်နှင့်အလုပ်သမားအချို့သည် သူ့ကိုယ်ကိုယ်သူတို့ အောင်မြင်သည်ဟု ခံစားရ၏။ အချို့သော ပါမောက္ခများမှာ စိတ်ခဝတ်ခိုင်မာမှုရှိကြသည်။ မှန်ပေသည်။ ဤသည်က လူများ၏အလေ့အထ အမူအကျင့်များနှင့် သက်ဆိုင်ပေသည်။

သို့သော် သူတို့ရှေ့မှ ဤလူများမှာ တခြားသူများအား အေးစက်သည့်ခံစားချက်ကို ပေးစွမ်းလေသည်။

သူတို့အားလုံးမှာ အမူအရာထုတ်ဖော်မပြသော်လည်း လူများက သူတို့၏မျက်လုံးထဲမှ အေးစက်မှုကို ခံစားနိုင်ကြ၏။

သူတို့သည် အကြပ်အတည်းကြားမှ ဝံပုလွေမျက်လုံးများကဲ့သို့ပင်။

ကံကောင်းစွာဖြင့်ပင် သူတို့က လျင်မြန်စွာပေါ် ဖြတ်ကျော်သွားကြသည်။

သူတို့သည် ညပိုင်းရှိုးဘက်သို့ ချောချောမွေ့မွေ့ ဝင်ရောက်သွားကြ၏။

"သူတို့ ရှေ့က အကြီးဆုံးစားပွဲမှာ ထိုင်နေကြတယ်" စားပွဲအနီးသို့ ရောက်သောအခါ တာဟဲက စားပွဲဝိုင်းဆီသို့ လက်ညှိုးထိုးပြပြီး တစ်ချိန်တည်းမှာပင် နောက်ပြန်ဆုတ်သွားသည်။

ဤအချိန်တွင် အစ်ကိုလုန်အား ပြဿနာဖြစ်စေမည်စိုးရိမ်သည့်အတွက် အခြားသူများ၏အမြင်တွင် သူ့အား ဦးဆောင်သူဟု မမြင်စေဝံ့ချေ။

ကျောက်ဖုန်းသည် ကြမ်းတမ်းသော ခြေလှမ်းများဖြင့် လျှောက်သွား၏။

ရှားရှန်ဟောင်းနှင့် သူဌေးဝူမှာ စာပွဲဝိုင်း၌ အရက်သောက်ရင်း စကားပြောနေကြသည်။

ရှားရှန်ဟောင်မှာ သူတို့ အနီးသို့ကပ်လာသည်ကို တွေ့လိုက်ရသည့်အခါ အေးခဲသွား၏။

"သူက ဘာလို့ ဒီမှာရှိနေတာလဲ"

သူသည် အနားယူသွားပြီဖြစ်သည့်အတွက် ဤနေရာတွင် ပြဿနာဖြစ်အောင်လုပ်ဆောင်မှုနှင့်ပတ်သက်၍ ရှားရှန်ဟောင်မှာ အနည်းငယ် စိတ်ရှုပ်ထွေးသွားသည်။

သူဌေးဝူသည်တော့ ကျောက်ဖုန်း သယ်ဆောင်လာသောလူကို စိုက်ကြည့်နေသည်။ "အဲဒါ ရှောင်လှဲမဟုတ်လား"

အစ်ကိုလုန်၏အမူအရာမှာ လုံးဝ ပြောင်းလဲခြင်းမရှိချေ။ သူသည် အနည်းငယ် စိတ်ရှုပ်ထွေး အံ့အားသင့်ကာ ရလဒ်အား စောင့်မျှော်နေသည်။

ဘန်း…

ကျောက်ဖုန်းသည် ဝူရှောင်လဲ့အား လက်ဖက်ရည်စားပွဲပေါ်သို့ အမှိုက်ပစ်သလို ပစ်ချလိုက်သည်။

"အား….အီး…."

ဝူရှောင်လဲ့မှာ နာကျဉ်စွာ အော်ညည်းသည်။

ဝူရှောင်လဲ့အား ရှင်းရှင်းလင်းလင်းမြင်လိုက်ရသည်နှင့် လူတိုင်း အမူအရာများ ပြောင်းလဲသွားကြသည်။

"ရှောင်လဲ့"

သူဌေးဝူမှာ ထိတ်လန့်သွားပြီး ရှောင်လဲ့၏အခြေအနေကို စစ်ဆေးရန် အမြန်ထွက်လာသည်။ ဝူရှောင်လဲ့ဒဏ်ရာအပြင်းအထန်ရရှိထားသည်ကို

တွေ့ရှိပြီးနောက် သူသည် ဝိုင်ပုလင်းကို ကောက်ကိုင်ကာ မြေပြင်ပေါ် ရိုက်ခွဲလိုက်ပြီး ကျောက်ဖုန်းအား စိန်ခေါ်သည်။

"မင်းက သေချင်နေတာပဲ"

"တကယ်သေချင်နေတာ ရှင်ပဲ" ကျန်းလီ၏မျက်လုံးများမှာ ပြူးကျယ်ကာ ပြောသည်။ "ရှင့်သားက ဘယ်လိုလူလဲဆိုတာ မသိဘူးလား။ သူက အဲဒါနဲ့ ထိုက်တန်တယ်။ သူက သူများကို အနိုင်ကျင့်ပြန်ပေးဆွဲချင်နေတယ်။ သူက ဘယ်သူမလို့လဲ။ ကိုယ်သားသမီးကိုယ် ကောင်းကောင်း မဆုံးမတဲ့ ရှင့်လို အဖေရဲ့အပြစ်ပဲ။ ရှင်လည်း ကောင်းကောင်းအရိုက်ခံသင့်တယ်"

"မင်းဘာပြောလိုက်တာလဲ" သူဌေးဝူမှာ အံကိုကြိတ်ကာ ဝိုင်ပုလင်းအားကောက်ယူ၍ ပစ်ရန် ပြင်သည်။

သို့သော် သူ လှုပ်ရှားရန် ပြင်နေစဉ်မှာပင် ကျောက်ဖုန်းက ရှေ့နှစ်လှမ်းတိုးက သူဌေးဝူ၏ဗိုက်ကို ကန်ထုတ်လိုက်၏။

ဘန်း

သူဌေးဝူ၏ခန္ဓာကိုယ်မှ ပုစွန်တစ်ကောင်ကဲ့သို့ ကွေးညွတ်ကာ နောက်သို့ လွင့်ပျံသွား၏။ သူသည် ဆိုဖာပေါ်သို့ ဒလိမ့်ကောက်ကွေးဖြင့် မြေပြင်ပေါ် ပြုတ်ကျသွားပြီး ဗိုက်အား တင်းတင်းဖိကာ ချွေးအေးများ တစ်ကိုယ်လုံးစီးကျလာသည်။ သူလှုပ်ရှားနိုင်သော်လည်း ဤအချိန်တွင် မလှုပ်ရှားရဲတော့ချေ။

ဤမြင်ကွင်းက အစ်ကိုလုန်အား လုံးဝ ကြောင်အသွားစေသည်။

*သေစမ်း။ ဘာဖြစ်နေတာလဲ*

*ဒီလူက ဘယ်သူလဲ။ ရှားရှန်ဟောင်ရဲ့ရှေ့မှာ လူတစ်ယောက်ကို ရိုက်နှက်ရဲတယ်လား။ ကျန်းလီက သူ့ဘေးမှာ ရပ်နေတယ်။ သူက ကျန်းလီဆီ လာတာလား*

*အဲဒီကြောက်ဖို့ကောင်းတဲ့လူက ဘယ်ကနေရောက်လာတာလဲ*

အစ်ကိုလုန်၏အမူအရာမှာ အပိုဖြစ်လွန်းသည်မဟုတ်ချေ။ သို့သော် ကျောက်ဖုန်းနှင့် မိတ္တာအနည်းငယ်အကွာတွင် ရှိနေသော တာဟဲနှင့်လူများစွာမှာ မျက်လုံးများရော ပါးစပ်များပါ ပြူးကျယ်ဟနေကြသည်။ သူတို့ နှာရည်များပင် ယိုစီးကျတော့ဟန်ပင်။

"ကျောက်ဖုန်း"

ထိုအချိန်၌ ရှားရှန်ဟောင်မှာ ထိုင်မနေနိုင်တော့ချေ။ သူက ရုတ်တရက် ထရပ်ကာ ကျောက်ဖုန်းအား စိုက်ကြည့်ရင်း ပြောသည်။ "မင်း အနားယူသွားပြီမဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ဘာလို့ ငါ့နယ်မြေမှာ တခြားသူတွေကို ရိုက်နှက်နေတာလဲ" ရှားရှန်ဟောင် မျက်နှာပျက်သွားသည်။

"အဲတော့ ဘာဖြစ်လဲ" ကျောက်ဖုန်းက သူ့အား စူးစူးရဲရဲ စိုက်ကြည့်သည်။

သူ၏အမူအရာက ရှားရှန်ဟောင်အား ဒေါသထွက်စေသော်လည်း သူက ခံနိုင်ရည်ရှိလေသည်။ ထိုနောက်တွင် သူ ခေါင်းညိတ်၍ ကျောက်ဖုန်းအား လက်ညှိုးထိုးကာ ပြောသည်။ "မင်းမှာ ဩဇာကြီးမားတဲ့နောက်ခံရှိတာနဲ့ပင်း မင်းလုပ်ချင်တိုင်းလုပ်လို့မရဘူးလေ။ ပြီးတော့ ငါ စိတ်အခြေအနေ ကောင်းမနေဘူးနော်"

သူပြောလိုက်သည်နှင့် အစ်ကိုလုန်နှင့် သူ့လူများမှာ အသက်ရှူချောင်သွား၏။

ရှားရှန်ဟောင်သည် ယေဘူယျအားဖြင့် မျက်နှာသာ ပေးလေ့မရှိချေ။

ထို့ပြင် ရှားရှန်ဟောင်၏စကားအရ သူသည် ကျောက်ဖုန်းအား ကြောက်ရွံ့နေကြောင်း သေချာလေသည်။

*အဲဒါ ဘာကိုဆိုလိုတာလဲ*

ၚင်းက ကျောက်ဖုန်း၏နောက်ခံမှာ အလွန်ကြောက်မက်ဖွယ်ကောင်းသည်ဟု ဆိုလိုပေသည်။

သို့သော် ကျောက်ဖုန်းသည် ရှားရှန်ဟောင်အား လျစ်လျူရှုထားသော်လည်း ၚင်းက ရှားရှန်ဟောင်အား ထိတ်လန့်ကာ အနည်းငယ်အကူအညီမဲ့သွားစေသည်။

ကျောက်ဖုန်းသည် ယခင်က အစွမ်းထက်သူတစ်ယောက်ဖြစ်ခဲ့သော်လည်း ရှားရှန်ဟောင်သည် သူ့အား အထင်သေးခဲ့၏။ ယခုတွင်တော့ ကျောက်ဖုန်းသည် သူနှင့် အဆင့်အတန်းတူညီနေသည်ဟု သူထင်လေသည်။

ခဏလောက်တန့်သွားပြီးနောက် ရှားရှန်ဟောင်က မေးသည်။ “မင်းဘာဖြစ်ချင်တာလဲ။ လိုရင်းကိုပဲ ပြောပါ”

“ဘာမှမဖြစ်ချင်ပါဘူး”

လူတိုင်း၏အကြည့်အောက်တွင် ကျောက်ဖုန်းက တည်ငြိမ်စွာဖြင့် ကျန်းလီးအား ညွှန်ပြလိုက်ပြီး ဖြည်းညှင်းစွာ ပြောသည်။ “သူမကို အနိုင်ကျင့်တဲ့လူတွေကို ငါရိုက်မှာ”

ကျန်းလီမှာ သူ၏စကားကို ကြားသည့်အခါ အနည်းငယ် ရှက်သွား၏။

ထိုအခိုန်တွင် ရှားရှန်ဟောင်၏ငယ်သားသည် ရှေ့သို့ ထွက်လာကာ ခေါင်းညိတ်ပြသည်။

ကျောက်ဖုန်း၏စကားကို ကြားသည့်အခါ ရှားရှန်ဟောင်မှာ ဖျော့တော့စွာ ပြုံးလိုက်ပြီး တည်ငြိမ်သောလေသံဖြင့် မေးသည်။ “မင်းတကယ်ပြောနေတာလား”

“ဘယ်လိုထင်လို့လဲ”

“မင်းအခု ရိုက်လိုက်တဲ့လူက ဘယ်သူလဲဆိုတာ မင်းသိလား။ သူဌေးဝူရဲ့ အထောက်အထားက

ဘာလဲဆိုတာရော သိလား။ ပြီးတော့ ငါအမိန့်ပေးလိုက်တာနဲ့ မင်းထွက်သွားလို့ မရဘူးဆိုတာရော သိလား” ရှားရှန်ဟောင်က ဆိုဖာပေါ် ပြန်ထိုင်ကာ ဖြည်းညှင်းစွာ ပြောသည်။

“အားဟူ ဒီလူတွေကို ရှင်းလိုက်” ကျောက်ဖုန်းက သူနှင့်စကားပြောရန် စိတ်မဝင်စားတော့ဘဲ တိုက်ရိုက်အမိန့်ပေးလိုက်သည်။

အားဟူနှင့် လူ ၂၀ ကျော်သည် ညီညာသပ်ရပ်စွာဖြင့် တက်လာကြပြီး လေထုမှာ ချက်ချင်း အေးစက်သွားသည်။

ကျောက်ဖုန်းသည် ရှားရှန်ဟောင်အား အံ့အားသင့်သွားစေ၏။

*မင်း ငါနဲ့ သီးသန့်စကားပြောဖို့ မလိုတော့ဘူးလား။ မင်းက တိုက်ရိုက်လှုပ်ရှားတာလား။ ချီးပဲ။ မင်း ဘာလို့ စည်းမျဉ်းတွေကို မလိုက်နာတာလဲ*

ရှားရှန်ဟောင် အလွန်ဒေါသထွက်သွားပြီး ကျောက်ဖုန်းအား စိတ်ထဲမှ ကျိန်ဆဲလိုက်သည်။ စည်းကမ်းမလိုက်နာသည့် ကျောက်ဖုန်းမှာ အနည်းငယ် ခေါင်းမာသည်ဟု သူယူဆလေသည်။ သို့သော် သူ အမှန်တကယ် အကူအညီမဲ့သလို ခံစားရ၏။ အမြန်ထရပ်ကာ အေးစက်စက် အော်လိုက်သည်။

"ရပ်စမ်း"

"ကျောက်ဖုန်း မင်းကို ဒီလိုပြောလို့ ငါ့ကို အပြစ်မတင်နဲ့။ သူဌေးဝူက ဝူဟိုင်မင်လို့ခေါ်ပြီး ရှန်ကျန်းက လင်းကောင်းအုပ်စု ဥက္ကဌရဲ့သားပဲ။ သူ့ဦးလေးက ကျန်းရှားခရိုင်က ဝူရှန်ရှင်း။ မင်းက ဝူရှန်ရှင်းနဲ့ ယှဉ်နိုင်မယ်ထင်နေတာလား။ ပြီးတော့ ဘားအပြင်ဘက်မှာ စောင့်နေတဲ့ သူဌေးဝူရဲ့ သက်တော်စောင့်အဖွဲ့အပါအဝင် လူ ၁၀၀ ကျော်ရှိတယ်။ မင်း ငါ့တို့ကို ကျေနပ်လောက်တဲ့ အဖြေမပေးဘူးဆိုရင် ဒီကနေ ထွက်သွားဖို့ မစဉ်းစားနဲ့"

ရှားရှန်ဟောင်က သူဌေးဝူ၏နောက်ခံအသေးစိတ်ကို အမြန်ပြောလိုက်သည်။

ထိုအချိန်တွင် သူဌေးဝူမှာ အနည်းငယ် သက်သာသွားပြီး ဆိုဖာပေါ် လှဲချကာ ကျောက်ဖုန်းအား ဒေါသမျက်လုံးများဖြင့် ကြည့်နေသည်။

သို့သော် ရှားရှန်ဟောင်က သတိပေးသောပြောင်း အားဟူနှင့် သူ့လူများမှာ မရပ်တန့်ချေ။

ရှားရှန်ဟောင်၏နဖူးရှိ သွေးကြောများမှာတဖြည်းဖြည်း တင်းကားလာသည်။ရဲရင့်သူများက ခေါင်းမာသူများကို ကြောက်ရွံ့ကြပြီး ခေါင်းမာသောသူများမှာ သေမှာမကြောက်သည့်သူများကို ကြောက်ရွံ့ကြသည်ဟု ဂိုဏ်းများတွင် အသိအမှတ်ပြုထားသည်။ သူ၏အမြင်အတွင် သူ့ရှေ့မှာ အုပ်စုသည် သေမှာမကြောက်ကြချေ။

ကံကောင်းထောက်မစွာဖြင့် အားဟူနှင့် သူ၏လူများ လှုပ်ရှားတော့မည့်အချိန်တွင် ကျောက်ဖုန်းက ပြောလိုက်သည်။

"နေဦး"

အမိန့်ပေးလိုက်သည်နှင့် သူတို့ ရပ်တန့်သွားပြီး နောက်ပြန်ဆုတ်သွားကြ၏။

ကျောက်ဖုန်းသည် သူဌေးဝူအကြောင်း တစ်ခါမှ မကြားဖူးသော်လည်း တစ်ချိန်က ကျန်းရှခရိုင်၏ မြေအောက်ဘုရင်ဖြစ်ခဲ့ဖူးသော ဝူရှန်ရှင်းအကြောင်းကို များစွာ ကြားဖူးသည်။ နောက်ပိုင်းတွင် သူသည် လုပ်ငန်းအမျိုးမျိုးတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး ဖျော်ဖြေရေးနယ်ပယ်ကို အာရုံစိုက်ခဲ့သည်။ ဟောင်ကောင်တွင် နာမည်ကြီး ဖျော်ဖြေရေးလောကမှ သူဌေးကြီးတစ်ဦးဖြစ်လာခဲ့သည်။ ထို့ပြင် သူ၏အင်အားသည် ထန်ကျန့်ထက် အဆများစွာ ကြီးမားသည်။

"ဘာဖြစ်တာလဲ။ နောက်ဆုံးတော့ ကြောက်သွားပြီလား" ရှားရှန်ဟောင်က သက်ပြင်းတစ်ချက်ချကာ ရယ်မောလိုက်သည်။ "သူဌေးဝူကို ကျေနပ်လောက်တဲ့

အဖြေပေးဖို့ သိပ်နောက်မကျသေးဘူး။ မဟုတ်ရင် အစ်ကိုဝူရှန်ရှင်းက ဝင်ပါရလိမ့်မယ်”

ရှားရှန်ဟောင်ပြောလိုက်သည့်အခါ အစ်ကိုလုန်နှင့် သူ၏လူများအားလုံး အမူအရာပြောင်းလဲသွားကြသည်။

*နောက်ဆုံးတော့ ရှားရှန်ဟောင်နဲ့ သူ့ငွေးဝူက အနိုင်ရသွားမှာလား*

အစ်ကိုလုန်မှာ ခါးသီးစွာ ပြုံးလိုက်သည်။ ကိစ္စများမှာ ပို၍ဆိုးရွားလာ၏။ အကယ်၍ သူတို့ ရှုံးခဲ့လျှင် ကျန်းလီနှင့် လောချင်းတို့၏ဘဝ ဒုက္ခရောက်ပေမည်။

သို့သော် သူတို့ အံ့အားသင့်သွားသည်မှဥ္ဌ ကျောက်ဖုန်းက စကားလုံးတစ်လုံးတည်းသာ ပြန်ပြောခဲ့ပြီး ရှားရှန်ဟောင်၏မျက်နှာ သိသိသာသာ ပြောင်းလဲသွားခြင်းပင်။

ကျောက်ဖုန်းသည် သူ၏ညာလက်ချောင်းတစ်ချောင်းကို ဆန့်ထုတ်ကာ ရှားရှန်ဟောင်အား ပြောလိုက်သည်။

"ကြောက်ရမှာလား။ ဟားဟား...သူမက ဘယ်သူလဲဆိုတာ သိလား"

ပြောနေရင်းဖြင့် ကျောက်ဖုန်းသည် ကျန်းလီအား ထမ်မံ ညွှန်ပြသည်။

"သူမက ဘယ်သူလဲ" ရှားရှန်ဟောင်မှာ လေးနက်လာပြီဂ ကျန်းလီအား ဂရုတစိုက် အကဲခတ်လိုက်သည်။

"သူမက ငါ့သူဌေးရဲ့ညီမပဲ" ကျောက်ဖုန်းက ပြတ်သားစွာ ပြောသည်။

"ဘာ"

ရှားရှန်ဟောင်မှာ ရုတ်တရက် ထရပ်လိုက်ပြီး မျက်လုံးများပြူးကျယ်ကာ အလွန်ထိတ်လန့်တုန်လှုပ်သဖြင့် အသံပင် စူးရှတိမ်ဝင်သွား၏။

ကျန်းလီအား ကြည့်ရင်း သူ၏နှလုံးသားမှာ တဖြည်းဖြည်း နစ်မြုပ်လာလေသည်။

...

-အပိုင်း(၂၆၃) ပြီး

wunzinnosp

## အပိုင်း(၂၅၄) အတားအဆီး

ရှားရှန်ဟောင်၏အမူအရာကို မြင်လိုက်သည့်အခါ ကျောက်ဖုန်းနှင့်သူ့လူများမှလွဲ၍ အားလုံး နှလုံးသားများ ပြင်းထန်စွာ ခုန်ပေါက်သွားကာ ကျန်းလီအား အံ့သြတကြီးကြည့်လိုက်ကြသည်။

*ဘာဖြစ်တာလဲ*

*ရှားရှန်ဟောင်ရဲ့အမူအရာက တော်တော် ကြောက်လန့်နေတဲ့ပုံပဲ*

*သူမက အရေးကြီးပုဂ္ဂိုလ်လား*

“အဲဒါ တကယ်ပဲလား” ရှားရှန်ဟောင်က ကျောက်ဖုန်းအား ကြည့်ကာ တုန်ယီနေသည့်အသံဖြင့် မေးသည်။

“သူဌေးကို ဖုန်းခေါ်ကြည့်လိုက်လေ” ကျောက်ဖုန်းက အေးစက်စွာပြောသည်။

“မဟုတ်ဘူး။ မခေါ်ပါဘူး” ရှားရှန်ဟောင်မှဦ ခါးသီးစွာ ပြုံး၍ ပြောသည်။

ဤအချိန်အတွင်း၌ သူသည် ကျန်းလီ၊ ဝူရှောင်လဲ့နှင့် သူဌေးဝူအား အကြိမ်ပေါင်းများစွာ အပြန်လှန်ကြည့်လိုက်ပြီး နောက်ဆုံးတွင် သူ၏မျက်လုံးများက ဝူရှောင်လဲ့တွင် စူးစိုက်သွားသည်။ သူ၏စိတ်ထဲမှ ထိုအကောင်အား ပြင်းပြင်းထန်ထန်ကျိန်ဆဲလိုက်သည်။

*သေလိုက်ပါလား။ မင်းက စောက်သုံးမကျတဲ့ ငပွေးကောင်ပဲ*

*ဘာလို့ အဲဒီနတ်ဆိုးရဲ့ညီမကိုမှ သွားနှောင့်ယှက်ရတာလဲ။ ယီးတဲ့မှပဲ*

*သူ့မိသားစုဝင်ကို ဒုက္ခပေးမိရင် ဘယ်လိုတောင် ဆိုးရွားလိုက်မလဲ။ သူသမီးကို ငိုအောင်လုပ်မိလို့ ကင်းမြီးကောက်ကို ဖျက်စီးပစ်ပြီး ထန်ကျန့်ကို သတ်ပစ်လိုက်တာ*

*မင်းက သူ့ညီမကို သွားနှောင့်ယှက်တော့ ငါဘယ်လိုလုပ်ရမှာလဲ*

ရှားရှန်ဟောင်မှာ အတော်လေး စိတ်ဆင်းရဲသွားသည်။ သူသည် လွန်ခဲ့သည့်အချိန်က အကြောက်တရားကို ကျော်လွှားခဲ့ရပြီး ဤခံစားချက်ကို ဒုတိယအကြိမ် မခံစားလိုတော့ချေ။ ထို့ကြောင့် သူသည် အတန်ကြာစဉ်းစားပြီးနောက် သူ့ဌေးပူအား ထောက်ပံပေးမှုကို စွန့်လွှတ်လိုက်သည်။ ထိုနောက် ကျောက်ဖုန်းအား ပြုံး၍ ကြည့်ကာ ပြောသည်။

"ဟားဟား ငါသိပါပြီ။ အဟမ်း ရှောင်ဖုန်း ငါမင်းကို အမြဲတမ်းလေးစားနေတာ။ အစောကတည်းက မင်းငါ့ကို သေချာပြောခဲ့သင့်တာ။ ငါ ဒီနေ့ သူဌေးဝူနဲ့ အလုပ်ကိစ္စပြောဖို့ လာတာ။ ငါလည်း ဒီကိစ္စမှာ ဝင်ပါဖို့ မမျှော်လင့်ထားပါဘူး။ သူ့သားနဲ့ပတ်သက်ပြီး ငါ့နယ်မြေထဲမှာ ဖြစ်တာဆိုတော့ ငါအရေးယူပေးရမှာပေါ့"

သူ၏စကားကြောင့် လူအများမှာ ထိတ်လန့်သွား၏။

*ဘာလို့ သူ ကျောက်ဖုန်းကို ဖားယားနေသလို ဖြစ်နေရတာလဲ*

အစ်ကိုလုန်မှာ အံ့အားသင့်သွားသည်။

*ရှားရှန်ဟောင်က ကြောက်နေတာလား။ ဘုရားရေ ဒီလူတွေက ဘယ်သူတွေများလဲ။ ကျန်းလီကရော ဘယ်သူလဲ။ ဖြစ်နိုင်တာက....ငါ ထိပ်တန်းပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရတာလား*

*နတ်သမီးလီမှာ ဒီလောက်အစွမ်းထက်တဲ့နောက်ခံ ဘယ်လိုလုပ် ရှိနေတာလဲ။ ဟိုလီရှစ်တ်၊ သူမက အရမ်းအံ့ဩဖို့ကောင်းသွားပြီ။ တခြားတစ်ယောက်ကို ဖားယားနေတဲ့ ရှားရှန်ဟောင်ကို ပထမဆုံးတွေ့ဖူးတာပဲ*

ရှားရှန်ဟောင်၏အမူအရာက တာဟေးအား တုန်လှုပ်သွားစေပြီး နောက်တွင် ပျော်ရွှင်သွားစေ၏။

ထို့ပြင် ကျန်းလီ၏အစ်ကိုက မည်သူဖြစ်မည်နည်း။

လူတိုင်း စိတ်ရှုပ်ထွေးသွားကြသည်။

“ရှောင်ဖုန်း ငါ…” ကျောက်ဖုန်းက အမူအရာကင်းမဲ့နေသည်ကိုမြင်သည့်အခါ ရှားရှန်ဟောင်မှာ တုံ့ဆိုင်းနေပြီး သူ့အား ဖားယားရန် ကြိုးစားသည်။

“ကောင်းပြီ။ ကိစ္စဖြတ်လိုက်တာပေါ့။ ဒီကိစ္စကို မင်း ဘယ်လိုကိုင်တွယ်မလဲဆိုတာ ငါသိချင်တယ်” ကျောက်ဖုန်းက ကြားဖြတ်ပြောလိုက်သည်။

"ငါမသိသေးဘူး" ရှားရှန်ဟောင်က ရိုးရိုးရှင်းရှင်း ပြန်ဖြေသည်။

သူ၏အမူအရာအရ သူသည် ဤကိစ္စကို လုံးဝ ပါဝင်ပတ်သက်ချင်ပုံမရပေ။

"ကိုင်တွယ်ရမှာလား။ လွယ်ပါတယ်" သူငွေးဝူက သူ၏ဗိုက်ကို နှိပ်လိုက်ပြီး ကျောက်ဖုန်းအား မုန်းတီးစွာကြည့်သည်။ သူသည် ဖုန်းကိုထုတ်ကာ ပြောသည်။ "ဦးလေးကို ဒီကိစ္စ ဘယ်လိုဖြေရှင်းရမလဲ မေးလိုက်လို့ရတယ်"

"အာ။ သူငွေးဝူ စိတ်မဆိုးပါနဲ့။ ကျောက်ဖုန်းက ငါတို့လူပါပဲ" ရှားရှန်ဟောင်က ငြိမ်းချမ်းရေးသမားတစ်ယောက်ကဲ့သို့ အမြန်ဝင်ပြောသည်။

ဝူရှန်ရှင်းသာ ဝင်ပါလိုက်ပါက သူအကြပ်ရိုက်ရမည်ဖြစ်၍ သူသည် ဝူရှန်ရှင်းကို ဝင်မပါစေလိုပေ။ သူ၏အမြင်တွင် ဤကိစ္စမှာ စေ့စပ်ဆွေးနွေး၍ ဖြေရှင်းသည်က အကောင်းဆုံးရလဒ်ပင်။

ထို့ကြောင့် ချီးကျူးစကားအချို့ပြောပြီးနောက် ရှားရှန်ဟောင်သည် သူဌေးဝူအနားတို့ အမြန်တိုးကပ်သွားကာ နားနားလေးတွင် တိုးတိုးလေးပြောလိုက်သည်။

သူ၏စကားကို မည်သူမျှမကြားရသော်လည်း ရှားရှန်ဟောင်ပြောလိုက်ပြီးနောက်တွင် သူဌေးဝူ၏မျက်နှာမှာ ဖြူဖျော့သွား၏။ သူသည် ကျောက်ဖုန်းအား စိုက်ကြည့်ရင်း အသက်ပြင်းပြင်းရှူကာ ပြောသည်။

"ငါ့သားက ဒဏ်ရာအပြင်းအထန်ရသွားပြီ။ မင်းနောက်ထပ်ဘာလိုချင်သေးလို့လဲ"

"သူက ကြောက်လန့်ပြီးတော့ ငါ့ကားကို ဖျက်စီးမိသွားတယ်။ ငါဘယ်လိုလုပ်ရမလဲ" ကျောက်ဖုန်းက ဖြည်းညှင်းစွာ ပြောသည်။

"ဘာလဲ။ မင်းက လျော်ကြေးတောင်းနေတာလား" သူဌေးဝူမှာ ပေါက်ကွဲလုနီးပါးပင်။

"ဒါပေါ့" ကျောက်ဖုန်းက တုံးတိပင်ဖြေသည်။

ကျန်းလီ ထိခိုက်မှုမရှိသည့်အတွက် သူ့အား လွှတ်ပေးလိုက်၍ရသည်ဟု သူထင်သည်။ ထို့ကြောင့် သူသည် သူတို့အား အတင်းဖိအားမပေးချေ။

သို့သော်လည်း သူဌေးဝူက သူ့အား လက်မခံ။ ဒဏ်ရာရသွားသည့်အပြင် သူ့ဘက်က လျော်ကြေးငွေထုတ်ရဦးမည်ဟူသော အတွေးကို လက်သင့်မခံနိုင်ချေ။ ရှားရှန်ဟောင်က ကျောက်ဖုန်းတွင် သန်မာသည့်နောက်ခံရှိကြောင်း မပြောခဲ့ပါလျှင် သူ ဒေါသပေါက်ကွဲသွားပေမည်။

ထို့ကြောင့် ညှိုနှိုင်းမှုက သောင်မတင်ရေမကျဖြစ်နေသည်။

ရှားရှန်ဟောင်မှာ ကျောက်ဖုန်းအား ကြည့်၍ ခါးသီးစွာ ပြုံးလိုက်သည်။ "ကျောက်ဖုန်း ဖြစ်နိုင်ရင် သူတို့ကို ခွင့်လွှတ်ပေးလိုက်ပါ။ မိန်းကလေးတွေကို

အနိုင်ကျင့်တဲ့အတွက် မင်း ဝူရှောင်လဲ့ကို ရိုက်နှက်တာက လုံလောက်ပါပြီ”

“လုံလောက်ပြီလား။ ဒါက မင်းတောင်းဆိုတာပေါ့။ ကောင်းပြီလေ” ကျောက်ဖုန်းက ပြုံးကာ ဖုန်းကို ထုတ်လိုက်သည်။ “မင်း ငါ့သူဌေးရဲ့ခွန်အားကို ကောင်းကောင်းမသိသေးပေမယ် သူဖုန်းလေးတစ်ချက်ဆက်လိုက်ရုံနဲ့ နာခံတတ်တဲ့ လူသန်ကြီးကိုတော့ မင်းတွေ့ဖူးပါတယ်။ အခု မင်းက သူ့ကိုယ်စား ပြောပေးနေတော့ ငါသူဌေးကို မေးလိုက်မယ်”

ပြောနေရင်းဖြင့် ကျောက်ဖုန်းက နံပါတ်တစ်ခုကို နှိပ်လိုက်သည်။

“မလုပ်နဲ့။ မခေါ်ပါနဲ့” ရှားရှန်ဟောင်၏နှလုံးမှာ လည်ချောင်းထဲထိ ခုန်တက်လာသည်။ သူက အလျင်စလိုပြောသည်။ “ဒီလို အသေးအမွှားကိစ္စလေးနဲ့တော့ မစ္စတာကျန်းကို နှောင့်ယှက်ဖို့မလိုပါဘူး။ ငါ

လျှော်ကြေးပေးပါ့မယ်။ သခင်လေးလှဲ့ရဲ့ဈေးဖိုးရော မင်းရဲ့ကားပြင်ခပါ ငါပေးပါမယ်”

“စိတ်မကောင်းပါဘူး။ ပျက်စီးထားတဲ့ကားကို ငါမမောင်းဘူး” ကျောက်ဖုန်းက ပြတ်သားစွာပြောသည်။

ရှားရှန်ဟောင်မှာ အေးခဲသွား၏။ သူ၏လက်ချောင်းများမှာ တုန်ယင်နေပြီး “မင်း ဘာကားစီးတာလဲ”

“သိပ်ပြီးဈေးမကြီးပါဘူး။ မာစီးဒီး အက်စ် ၆၀၀ အမြင့်”

“အာ အင်းပါ သိပ်ပြီးဈေးမကြီးပါဘူး” ရှားရှန်ဟောင်၏နှုတ်ခမ်းများမှာ ရှုံ့မဲ့သွားပြီး အနည်းငယ် စိတ်ခတ်ကျသွား၏။ သို့သော် သူလက်ကို ဝှေ့ယမ်းပြကာ ပြောလိုက်သေးသည်။ “မနက်ဖြန်ကျရင် မင်းဆီ မောဒယ်မြင့် ကားသစ်တစ်စီး လာပို့ပေးပါမယ်”

"ဒါဆို အဆင်ပြေသွားမှာပေါ့" ကျောက်ဖုန်းက ဂရုမစိုက်ဟန်ဖြစ်လာသည်။ သူသည် သူတို့အား တစ်ချက်ကြည့်ကာ လှည့်ထွက်သွား၏။

ထိုအခိုက်တွင် ရှားရှန်ဟောင်သည် အစ်ကိုလုန်အား ကြည့်ကာ ပြောသည်။ "ရှောင်လုန် သူတို့ကို လိုက်ပို့ပေးလိုက်လေ"

"ဟုတ်ကဲ့" အစ်ကိုလုန်က အမြန်ထရပ်သည်။

"ဒါနဲ့ မစ္စကျန်းရဲ့ လစာက ဘယ်လောက်လဲ" တွေးတောဆင်ခြင်ပြီးနောက် ရှားရှန်ဟောင်သည် သူ့ငွေးနှင့် သွယ်ဝိုက်၍ ဆက်ဆံနိုင်ရန်ကြိုးစားသည်။ အနည်းဆုံးတော့ နောင်တွင် သူနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာရှိလာပါက ညှိနှိုင်းဆွေးနွေးနိုင်လေသည်။

"အာ...ယွမ် ၃၀၀၀၀ ပါ" အစ်ကိုလုန်က အမှန်အတိုင်းဖြေသည်။

"ယွမ်သုံးသောင်းလား။ လာနောက်နေတာလား။ ထိပ်တန်းဒီဂျေက တစ်လကို အနည်းဆုံး ယွမ်သုံးသိန်းရတယ်လေ။ သူမကို လစာတိုးပေးလိုက်" ရှားရှန်ဟောင်က ကျယ်လောင်သော အသံဖြင့် ပြောသည်။

"ဟုတ်ကဲ့ပါ" အစ်ကိုလုန်က အမြန်ခေါင်းညိတ်ကာ လူအုပ်နောက်မှလိုက်ပါသွားသည်။

သူတို့ထွက်သွားပြီးနောက် ရှားရှန်ဟောင်က သူ့လူများကို ဝူရှောင်လဲ့အား ဆေးရုံပို့ခိုင်းလိုက်သည်။

ထိုအချိန်တွင် သူဌေးဝူသည် မျက်မှောင်ကြုတ်ကာ ပြော၏။ "သူတို့က ဘယ်သူတွေမလို့လဲ"

"သူတို့က သွားရှုပ်လို့ရတဲ့လူတွေမဟုတ်ဘူး" ရှားရှန်ဟောင်က ခံစားချက်များ ရောပြွမ်းနေသည့်အမူအရာဖြင့် ပြောသည်။ "အင်းကို ငါပြောနိုင်တာက သူတို့နောက်ကွယ်ကလူက

ထန်ကျန့်နဲ့သူ့ဂိုဏ်းတစ်ခုလုံးကို အားစိုက်ထုတ်စရာမလိုလဲ ဖျက်စီးပစ်လိုက်တယ်ဆိုတာပဲ”

“ဟမ်” သူ့ဒွေးဝူး မောဟိုက်သွားပြီး လုံးဝ ကြောင်အသွဦး၏။

“အင်း မဟုတ်ရင် ငါမင်းကို အဲ့လိုပြောပါ့မလား။ မင်းဦးလေးကိုသာ ဖုန်းခေါ်လိုက်ရင် ဒီကိစ္စက ပိုပြီး ပြင်းထန်လာလိမ့်မယ်။ ပြီးတော့ မင်းရဲ့သားက အိပ်ရာထဲမှာ နှစ်လလောက် လှဲနေလိုက်ပြီးရင် ပြန်ကောင်းလာမှာပဲ။ ဒါက လက်ခံလို့ရနိုင်တဲ့အတိုင်းအတာပါ” ရှားရှန်ဟောင်သည် ပြောနေရင်းဖြင့်ပင် အတော်လေး ထိတ်လန့်နေသေး၏။ ထိုနောက် သူဆက်ပြောသည်။ “ကံကောင်းတာက ကျောက်ဖုန်းက အချိန်မီရောက်လာတာပဲ။ မဟုတ်ရင်တော့ မင်းရဲ့သားက သူလုပ်ချင်သလို လုပ်ပြီးသွားပြီဆိုရင် ငါတို့နှစ်ယောက်လုံး သေရမှာပဲ”

"အာ..." သူ့ငွေ့ဝူမှာ ဘာပြန်ပြောရမှန်းမသိအောင် ဆွံ့အနေပြီး ရှားရှန်ဟောင်အား ကျေးဇူးတင်လိုက်သည်။ "ဒီနေ့ကိစ္စ သူ့ငွေ့ရှားကို ကျေးဇူးတင်ပါတယ်။ မဟုတ်ရင် ငါ့သားက ဘေးဒုက္ခဖြစ်စေလိမ့်မယ်။ ငါ့သားကို သင်ခန်းစာတစ်ခုခုပေးလိုက်တာ သူ့အတွက် ကောင်းမယ်။ အရင်က သူ အရမ်းမောက်မာလွန်းတယ်။ ဒါနဲ့ ငါ မင်းနဲ့ပူပေါင်းဖို့ ဆုံးဖြတ်လိုက်ပြီ။ မနက်ဖြန်ကျရင် စာချုပ်လက်မှတ်ထိုးကြတာပေါ့"

ရှားရှန်ဟောင်မှာ အံ့အားသင့်သွားပြီး မျက်လုံးများ တောက်ပလာသည်။

သူနှင့်ပူးပေါင်းမည့်ကိစ္စကို စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ယနေ့ကိစ္စအပြီးတွင် လျင်မြန်စွာ သဘောတူညီမှုရှိသွားလိမ့်မည်ဟု မမျှော်လင့်ထားချေ။ ဤသည်က တကယ်ကို စပရိုက်ပင်။

အခြားတစ်ဖက်တွင် အစ်ကိုလုန်၊ တာဟဲနှင့် သူ၏လူများမှာ ကျန်းလီအား လေးစားသည့်အမူအရာဖြင့် လိုက်ပါသွားကြသည်။

ဘားထဲမှထွက်လာပြီးနောက် အစ်ကိုလုန်သည် ကျန်းလီအား ကြည့်ကာ ပြောလိုက်သည်။ "လီလီ မင်း ဒီမှာ အလုပ်ဆက်လုပ်မှာလား"

သူပြောလိုက်သည်နှင့် အားလုံး ရပ်တန့်သွားသည်။

ကျောက်ဖုန်းသည် အစ်ကိုလုန်အား စိုက်ကြည့်နေပြီး ဘာမှမပြောချေ။ ကျန်းလီသည် ခဏတန့်သွားပြီးနောက် ပြုံးကာ ပြောသည်။ "ဘာလို့ မလုပ်ရမှာလဲ"

"ကောင်းတယ်။ အရမ်းကောင်းတယ်။ စောစောကအဖြစ်အပျက်နဲ့ပတ်သက်ပြီး ငါ ဘာပြောရမှန်းမသိတော့ဘူး။ ကံကောင်းလို့သာပေါ့။ ဒီညီအစ်ကိုတွေက မင်းကို ကူညီဖို့ရောက်လာတာ"

အစ်ကိုလုန်က ခေါင်းယမ်းကာ ခံစားချက်များဖြင့် သက်ပြင်းချသည်။

ထိုအချိန်တွင် တာဟဲက ကျန်းလီရှေ့သို့ ရောက်လာပြီး ပြောသည်။ "နတ်သမီးလီ။ အစ်ကိုလုန်က ရှားရှန်ဟောင်နဲ့ ရန်ဖြစ်တော့မလိုဖြစ်သွားတာ မင်းသိလား။ ရှားရှန်ဟောင်က အတင်းဖိအားမပေးခင်အထိ မင်းကို မရှာခိုင်းခဲ့ဘူး။ ခြိမ်းခြောက်ခံရပြီးတာတောင်မှ မင်းကို သတိပေးဖို့ပြောခဲ့တာ။ ကံမကောင်းတာက သခင်လေးလဲ့နဲ့သူ့လူတွေက ငါ့နောက်လိုက်လာပြီးတော့ မင်းကိုဖုန်းခေါ်တာကို မိသွားတာပဲ"

"အင်းပါ။ နင်ဘာလုပ်ခဲ့လဲ ငါသိပါတယ်။ နင်နဲ့ အစ်ကိုလုန်ကို တကယ်ကြင်နာတတ်ပါတယ်" ကျန်းလီက လက်ကိုဝှေ့ယမ်းကာ ပြုံးလိုက်သည်။

သူမ၏စကားကို ကြားသည့်အခါ ကျောက်ဖုန်းက ဖော်ရွေလာသည်။ သူက အစ်ကိုလုန်အား ကြည့်ကာ ပြုံး၍ ပြောသည်။ “အင်းက ဟူအားလုန်လား”

“ဟုတ်ပါတယ် အစ်ကိုဖုန်း” အစ်ကိုလုန်သည် အကြိမ်ကြိမ် ခေါင်းညိတ်၏။

သူသည် ကျောက်ဖုန်း၏နာမည်ကို ကြားဖူးသော်လည်း တစ်ခါမှ မတွေ့ဖူးခဲ့ချေ။ ယခု ကျောက်ဖုန်းက သူ့အား ပြုံးပြနေသည်ကိုမြင်သည့်အခါ အနည်းငယ် ဘဝင်မြင့်သွား၏။

“ဒါက ငါ့ရဲ့နာမည်ကတ်ပါ။ ရှားရှန်ဟောင်က မင်းကို အနှောင်အယှက်ပေးရင် အချိန်မရွေးငါ့ဆီ ဖုန်းဆက်လို့ရတယ်” ကျောက်ဖုန်းက အိတ်ကပ်ထဲမှာ လိပ်စာကတ်ကို ထုတ်၍ ပေးလိုက်သည်။

“ကျေးဇူးပါ။ ကျေးဇူးတင်ပါတယ်” အစ်ကိုလုန်သည် သူ၏လက်ထဲမှကဒ်ကို အမြန်ယူလိုက်သည်။

သူ့၏နာမည်ကတ်ကို ပေးပြီးနောက် ကျောက်ဖုန်းက ကားများဆီသို့ လျှောက်သွားလိုက်၏။

ဝူရှောင်လဲ့အား တိုက်မိသွားသည့် မာစီးဒီးမှာ လုံးဝ ပျက်စီးသွားခြင်းမရှိချေ။ ထို့ပြင် ရှားရှန်ဟောင်အား သူ့ကို ကားအသစ်တစ်စီး ပေးခိုင်းခဲ့လေသည်။

“မင်း ဘယ်သွားမှာလဲ။ ငါမင်းကို အရင်လိုက်ပို့ပေးမယ်” ကျောက်ဖုန်းက ခရီးသည်ခုံတွင်ထိုင်ကာ ကျန်းလီအား ပြုံး၍ ကြည့်သည်။

“ငါတို့ အလုပ်ချိန်ရောက်နေပြီ။ အခုတော့ ဘာလုပ်ရမှန်းမသိတော့ဘူး။ နင်တို့ ဘယ်သွားမှာလဲ။ အစ်ကိုရဲ့စားသောက်ဆိုင်ကို သွားမှာဦလား” ကျန်းလီက ပြုံး၍ ပြောသည်။

သူမသည် ကျောက်ဖုန်းအား စိတ်ဝင်စားလာ၏။ သူနှင့် စကားပြောချင်သည့်အတွက်ကြောင့် ထိုမေးခွန်းကို မေးလိုက်ခြင်းဖြစ်သည်။

"ငါ့ညီအစ်ကိုတွေနဲ့ အတူသောက်ဖို့ ဖုန်းမင်ကလပ်ကို သွားမှဦး။ ဘာပဲဖြစ်ဖြစ် အစားအသောက်တွေအကုန်လုံးက လဆန်းတောင်ပေါ်ကဟာတွေချည်းပါပဲ။ မင်း ငါတို့နဲ့လိုက်ခဲ့ပါလား" ကျောက်ဖုန်းက သူမအား ပေါ့ပေါ့ပါးပါး မေးသည်။

"ကောင်းတယ်" ကျန်းလီက ပြုံး၍ တုံ့ပြန်လိုက်သည်။

"လီလီ ငါတို့ အဝတ်အစားတွေက ဘားထဲမှာ ကျန်နေခဲ့တယ်" လော့ချင်းက သူမအား သတိပေးသည်။

"ဟုတ်သားပဲ။ ငါတို့ ဒီအဝတ်အစားတွေနဲ့ အပြင်သွားလို့မဖြစ်ဘူး"

ကျောက်ဖုန်းက သူမတို့အား ပြန်ခေါ်သွားသည်။ သူမတို့ အဝတ်အစားလဲပြီးနောက် ကားပေါ်တက်ကာ မောင်းထွက်သွားခဲ့သည်

လဆန်းပင်လယ်ကွေ့သို့ ပြန်လာရာလမ်းတွင် ကျန်းလီသည် ကျောက်ဖုန်းနှင့် စကားပြောနေခဲ့သည်။

“ကျောက်ဖုန်း နင် ဘာလို့ အဲ့လောက် အံ့ဩဖို့ကောင်းနေတာလဲ”

“နင့်မှာ လူတွေအများကြီးရှိတယ်နော်။ သူတို့အားလုံးက မြေအောက်ဂိုဏ်းသားတွေလား”

“နင်နဲ့ အစ်ကိုနဲ့က ဘယ်လိုဆက်ဆံရေးလဲ”

“နင့်အသက်ဘယ်လောက်ရှိပြီလဲ”

“…”

ယနေ့ ကျောက်ဖုန်း၏လုပ်ဆောင်ချက်က ကျန်းလီ၏သိချင်စိတ်ကို လုံးဝ နှိုးဆွပေးခဲ့သည်။

သို့သော် ယောကျ်ားတစ်ယောက်အကြောင်း သိချင်စိတ်က အချစ်၏အစဆိုသည်ကိုတော့ သူမ လုံးဝ မသိခဲ့ချေ။

သူမ သူ့အား သဘောကျလိုက်သည်နှင့် မကြာခင်တွင် သူ့အား ချစ်မိသွားပေလိမ့်မည်။

...

-အပိုင်း(၂၆၄)ပြီး

-စာစဉ်(၁၉) ပြီး